# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 18 October 2017 (၉၀၈၁)


## ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင် ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

## ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီဖွဲ့စည်း

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၈၆/၂၀၁၇**
**၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်**
**(၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)**
**ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီဖွဲ့စည်းခြင်း**

၁။ ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည့် ကဏ္ဍစုံလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူများ၊ ပုဂ္ဂလိက၊ ပြည်တွင်း NGO နှင့် CSO များ၊ မိတ်ဖက်နိုင်ငံများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ INGO များ ပူးပေါင်းပါဝင်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် **"ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine)ကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒေါ်အောင်ဆန်းစုကြည်<br>နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာဝင်းမြတ်အေး<br>ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒေါက်တာအောင်ထွန်းသက် | ညှိနှိုင်းရေးမှူးချုပ် |
| (ဃ) | ဦးကျော်မြိုင် | သတင်းနှင့်<br>ဆက်သွယ်ရေး<br>ဒါရိုက်တာ |

၂။ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက်ပေးအပ်ရေးဆောင်ရွက်ရန်၊
(ခ) ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး ကိစ္စများအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊
(ဂ) ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးဆောင်ရွက်ရန်၊
(ဃ) ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပံ့ပိုးမှုအပြင် ပြည်တွင်း၊ ပြည်ပအလှူရှင်များ၏ ကူညီထောက်ပံ့ငွေများဖြင့် ဆောင်ရွက်မည်ဖြစ်သဖြင့် ကော်မတီ၏ဘဏ္ဍာရေးကိစ္စကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုအပြင် နိုင်ငံတကာစာရင်းစစ်ကုမ္ပဏီတစ်ခုကိုလည်း ငှားရမ်း၍ အစစ်ဆေးခံနိုင်ရေး ဆောင်ရွက်ရန်။

၃။ ဥက္ကဋ္ဌအနေဖြင့် အတိုင်ပင်ခံအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်ရန်ဖြစ်သည်။

၄။ လိုအပ်သည့်ကော်မတီရုံးအဖွဲ့ ဖွဲ့စည်းရန်နှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ညှိနှိုင်းရေးမှူးချုပ်က ဥက္ကဋ္ဌထံ တင်ပြဆောင်ရွက်ရန် ဖြစ်သည်။

၅။ ကော်မတီ၏ အုပ်ချုပ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံးနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ဖင်လန်နိုင်ငံသံအမတ်ကြီးနှင့် ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ရုံး၏ သံအမတ်ကြီးတို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ခန့်အပ်လွှာပေးအပ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဥရောပသမဂ္ဂ သံအမတ်ကြီး မစ္စတာ ခရာ့ရ်ှ ယန် စမစ်ချ် ခန့်အပ်လွှာပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စ ရိကာ လာတူသည် ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အလားတူ နိုင်ငံတော်သမ္မတထံ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ရုံး၏ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ခရာ့ရ်ှ ယန် စမစ်ချ်သည် ညနေ ၃ နာရီ ၃၅ မိနစ်တွင် နေပြည်တော်ရှိ သမ္မတအိမ်တော်၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများအား ကူညီပံ့ပိုးနိုင်မှုအခြေအနေများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်နိုင်ရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် United States Institute of Peace (USIP) ၏ အကြီးတန်းအကြံပေး အရာရှိနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးဟောင်း Mr. Derek J. Mitchell အား ယနေ့ နံနက် ၁၀ နာရီတွင်လည်းကောင်း **(ယာပုံ)**၊ ဖိလစ်ပိုင်နိုင်ငံ ကြက်ခြေနီအဖွဲ့ဥက္ကဋ္ဌ Mr. Richard Gordon၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (MRCS) မှ နာယက ပါမောက္ခ

**စာမျက်နှာ ၃ ကော်လံ ၅ သို့**






## ကြေးမုံ

# အမှန်အမှားခွဲခြားဆင်ခြင်သိမြင်

မြန်မာနိုင်ငံနယ်စပ်အနီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနပ်မြို့ရှိ နာယာပရာဒုက္ခသည်စခန်းမှ လုံခြုံရေးတပ်ဖွဲ့အား အောက်တိုဘာ ၁၃ ရက်က လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ဝင်ရောက်တိုက်ခိုက်ပြီး တပ်မှူးကိုသတ်ဖြတ်ကာ လက်နက်များကိုပါ လုယူသွားကြောင်း ဒေးလီးမေးလ်သတင်းကို ဧရာဝတီသတင်းတွင် ဖော်ပြထားသည်။ သတင်းတွင် ဘင်္ဂလားဒေ့ရှ် ရဲတပ်ဖွဲ့အကြီးအကဲ မူဂျီဘာရာမန်က တိုက်ခိုက်သူတို့သည် တပ်မှူးကို သတ်ဖြတ်ပြီး ကျန်တပ်ဖွဲ့ဝင်များအား ကြိုးတုပ်ကာ ရိုင်ဖယ်သေနတ် ၁၁ လက်နှင့် ကျည်ဆန် ၅၇၀ ကိုလုယူသွားသည်ဟု ဆိုသည်။ တိုက်ခိုက်မှုမှာ ဒေသစံတော်ချိန် နံနက် ၂ နာရီ မိနစ် ၂၀ ဖြစ်ပြီး လက်နက်ကိုင် ၁၀ ယောက်၊ ၁၅ ယောက်ခန့်က ဝင်တိုက်၍ လုံခြုံရေးတပ်မှူး သေဆုံးသွားသည်ဟု အေအက်ဖ်ပီသတင်းက ဆိုထားသည်။

နာယာပရာဒုက္ခသည်စခန်းသည် မြန်မာနိုင်ငံနယ်စပ်မှ တစ်မိုင်ကျော်ခန့်ဝေးပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ထွက်ပြေးလာသော ဘင်္ဂါလီ ၂၅၀၀၀ ခန့်ခိုလှုံနေသည်ဟု ကုလဒုက္ခသည်အေဂျင်စီ၏စာရင်းများအရ သိရသည်။ ဒုက္ခသည်စခန်း၏အနေအထားမှာ အလွယ်တကူဝင်ထွက်နိုင်သည့်အတွက် တိုက်ခိုက်သူများ အလွယ်တကူ ကိုယ်ရောင်ဖျောက်သွားခြင်းဖြစ်သည်ဟုဆိုသည်။ ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့သည် မွတ်စလင်ရွာသားများအား အေကေ ၄၇ မောင်းပြန်သေနတ်များ ပေးမည်ဟုစည်းရုံးကာ မြန်မာနိုင်ငံ၏ နယ်ခြားစောင့်လုံခြုံရေးစခန်းများအား တိုက်ခိုက်စေခဲ့ခြင်းဖြစ်သည်ဟု မကြာသေးမီက ရိုက်တာသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်ဟုဆိုသည်။

ရိုက်တာ၊ ဒေးလီးမေးလ်၊ အေအက်ဖ်ပီ၊ ဧရာဝတီသတင်းဌာနတို့မှာ နိုင်ငံတကာအထိပင်ပျံ့နှံ့ခရီးရောက်ပြီး မြန်မာဘာသာအပြင် အင်္ဂလိပ်ဘာသာဖြင့် နိုင်ငံတကာသို့ဖြန့်ချိထားသည်။ ယခင်ကလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဘင်္ဂါလီဒုက္ခသည်စခန်းများတွင် အကြမ်းဖက်သမားများ၊ လက်နက်များ ဖမ်းဆီးရမိသည့် သတင်းများဖော်ပြဖူးသည်။ အဆိုပါသတင်းများ နိုင်ငံတကာသို့ရောက်မည်မှာ သေချာပါသည်။ ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်းတွင် နိုင်ငံတကာသတင်းဌာနများ ဥဒဟိုဝင်ထွက်သွားလာသတင်းယူနေကြသည်။ တာဝန်သိသတင်းဌာနများက ဖြစ်ရပ်မှန်သတင်းများအားလုံးကို မချွင်းမချန်ဖော်ပြကြသလို အချို့လည်း လိုရာဖော်ပြကြသည်များလည်း ရှိပေလိမ့်မည်။

သို့သော် ကုလဒုက္ခသည်များအေဂျင်စီက ဒုက္ခသည်စခန်းမှ အကြမ်းဖက်သမားများ၏သတင်းကို မျက်ကွယ်ပြုထားပြီး သိန်းနှင့်ချီသော ဘင်္ဂါလီဒုက္ခသည်များအရေးကိုသာ တွင်တွင်ပြောဆိုနေကြသည်။ မြန်မာနိုင်ငံမှ တိုက်ခိုက်မှုကြောင့်သာ ဘင်္ဂါလီဒုက္ခသည်များ ထွက်ပြေးကြရသည်ဟု ပုံဖျက်ပြောဆိုနေကြသည်။ ဆင်ကောင်ကြီးတစ်ခုလုံးတွေ့နေပြီးမှ ဆင်ခြေရာဖျောက်ခါ ပြောဆိုနေကြသည်။ ဆန်ဖြူဆန်ကောင်းကို ထောင်းမှသိ၊ လူဆိုးလူကောင်းကို ပေါင်းမှသိ ဆိုသကဲ့သို့ ယခုဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်းမှ အကြမ်းဖက်သမားများကို ဘင်္ဂလားဒေ့ရှ်လုံခြုံရေးတပ်ဖွဲ့က လက်တွေ့သိပြီဖြစ်သော်လည်း ကုလအဖွဲ့အစည်းအချို့နှင့် နိုင်ငံတကာမှ မသိချင်ယောင်ပြုနေကြသည်မှာ အံ့ဩစရာပင်ဖြစ်သည်။

ဘင်္ဂါလီဒုက္ခသည်များ မည်သို့ဖြစ်ပေါ်လာသည်၊ မည်သူကြောင့် ထွက်ပြေးကြရသည်၊ ဒုက္ခသည်များကြားတွင်မည်သူတို့ရှိသည်၊ ဒုက္ခသည်တို့တွင် မည်သူတို့ရှိနေသည်၊ ဒုက္ခသည်များကိုအကြောင်းပြု၍ မည်သို့ဆောင်ရွက်နေသည်၊ ဒုက္ခသည်တို့၏ နောက်ခံအကြောင်းတရားများမှာ မည်သို့ဖြစ်သည်တို့ကို လက်တွေ့ကျကျ ကြုံတွေ့သိရှိထားသည့် အချက်အလက်များရှိနေသော်လည်း မြန်မာနိုင်ငံအပေါ်သို့သာ အပြစ်ပုံချ ဖိအားပေးနေသည်မှာ မည်သည့်ရည်ရွယ်ချက်ဖြစ်သည်ကို ရှင်းရှင်းလင်းလင်းသိဖို့ လိုမည်။

အမှားကို အမှန်တရားဖြင့် အချိန်ယူဖြေရှင်းကြရမည်သာဖြစ်သည်။ ဤအရေးဖြစ်ပေါ်အောင် အစွန်းရောက်အကြမ်းဖက်သမားများနှင့် နောက်ကွယ်မှ အားပေးသူများရှိနေသရွေ့ ပြေငြိမ်းနိုင်မည်မဟုတ်ချေ။ အမှန်အမှားကို ပိုင်းခြားပြီး လူဆိုး၊ လူကောင်းခွဲခြားကာ အေးချမ်းသာယာသော ရခိုင်ပြည်နယ်ဖြစ်ပေါ်လာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ကျွန်ုပ်တို့ တိုင်းရင်းသားပြည်သူများက သန္နိဋ္ဌာန်ပြုထားပြီးဖြစ်သည်။ ။

## ရခိုင်ပြည်နယ်အတွင်း လူမှုအသိုက်အဝန်းနှစ်ခု ရေရှည်အတူလက်တွဲနေထိုင်နိုင်ရေး စီမံကိန်းချမှတ်ဆောင်ရွက်နေမှုအား ဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၁၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်အား ကုလသမဂ္ဂနိုင်ငံရေးရာဌာနအကြီးအကဲ မစ္စတာ ဂျက်ဖရီဖဲလ်ထ်မန်းသည် ယမန်နေ့ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာနမှ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ရခိုင်ပြည်နယ် မောင်တောဒေသ အကြမ်းဖက်မှု ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာ ပြောင်းရွှေ့ခဲ့ကြသည့် နှစ်ဖက်လူ့အဖွဲ့အစည်းများ၏ လုံခြုံရေး၊ စားဝတ်နေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပြန်လည်နေရာချထားရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ် ရေရှည် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့၏ အကြံပြုတင်ပြချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## နိုင်ငံတကာဆက်သွယ်ရေးလမ်းပိုင်း ဖားဆောင်း-မယ်ဆည်နမ်-မယ်စဲ့-နန့်မန်း-ဘီပီ အဆင့်မြှင့်တင်ဆောင်ရွက်မည်

**မယ်စဲ့ အောက်တိုဘာ ၁၇**

ဖားဆောင်း-မယ်ဆည်နမ်-မယ်စဲ့-နန့်မန်း-ဘီပီ(၁၃)လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၀၈၅ သန်း၊ ပြည်နယ်ရန်ပုံငွေကျပ် ၃၇၁၇ ဒသမ ၈၉ သန်း စုစုပေါင်းငွေကျပ် ၄၈၀၂ ဒသမ ၈၉ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ ၁၂ ပေမှ ၁၈ ပေ အကျယ် ကတ္တရာအဆင့်မြှင့်တင်ခြင်း၊ လမ်းပုံစံဖော်ခြင်း၊ Box Culvert ၁၂ ခု တည်ဆောက်ခြင်းလုပ်ငန်း၊ မြေ/ ကျောက်တောင်လမ်းချဲ့ခြင်းနှင့် ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၇ ရက်က ဖွင့်လှစ်ခဲ့ပြီး မယ်စဲ့မြို့နှင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်မြို့သည် ကီလိုမီတာ ၈၀ ကွာဝေးသည်။

ကယားပြည်နယ်အတွင်းရှိ ဖားဆောင်း-မယ်ဆည်နမ်-မယ်စဲ့-နန့်မန်း-ဘီပီ(၁၃)လမ်းပိုင်းကောင်းမွန်စေရေးအတွက် လမ်းအရှည် ၆ မိုင် ၄ ဖာလုံ၊ လမ်းအကျယ် ၁၂ ပေမှ ၁၈ ပေ အကျယ် ကတ္တရာအဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၁၀၈၅ သန်း၊ လမ်းအရှည် ၁၁ မိုင်၊ လမ်းအကျယ် ၁၂ ပေမှ ၁၈ ပေအကျယ် ကတ္တရာ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ် ၂၀၉၂ ဒသမ ၇၅ သန်း၊ လမ်းအရှည် ၆ မိုင် ၅ ဖာလုံ လမ်းပုံစံဖော်ခြင်း လုပ်ငန်းကို ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၀ သန်း၊ အဆိုပါလမ်းပေါ်တွင် Box Culvert ၁၂ စင်းတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရ၏ခွင့်ပြုရန်ပုံငွေကျပ် ၉၆သန်း၊ လမ်းအရှည် ၇ မိုင်၂ ဖာလုံ မြေ/ ကျောက်တောင်လမ်းချဲ့ခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရ၏ခွင့်ပြုရန်ပုံငွေကျပ် ၁၄၈၄ ဒသမ ၇၉သန်း၊ အဆိုပါလမ်းပေါ်တွင်(၁၀×၄၀)ပေ အကျယ် ကွန်ကရစ်တံတား တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၃၅ သန်းတို့ ကျခံသုံးစွဲသွားမည်ဖြစ်သည်။ ယင်းလုပ်ငန်းများကို မြို့နယ် လမ်းဦးစီးဌာနမှ တာဝန်ခံ အင်ဂျင်နီယာ ဦးသန်းဌေးက ကြီးကြပ်ပြီး စက်ယန္တရားများ၊ လမ်းလုပ်သား ၁၁၀ တို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၁၇**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၃၇၀၀၀ | - | ၉၃၇၀၀၀ |
| မန္တလေး(ရွှေဈေး) | ၉၃၇၀၀၀ | - | ၉၃၇၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၃၀/၇၅၀ ကျပ်၊ | ၇၆၅/၇၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၈၅/၇၉၀ ကျပ်၊ | ၈၈၅/၈၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၄၅/၇၅၀ ကျပ်၊ | ၇၉၅/၈၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၅၀/၇၇၀ ကျပ်၊ | ၇၈၅/၇၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၈၅/၆၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၁၀/၇၁၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၈၅/၆၉၅ ကျပ်

***၁၀-၁၀-၂၀၁၇ ရက်နေ့မှ ၁၆-၁၀-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်း အရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၆၆၈ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၇၀၀ ကျပ်၊ ဒီဇယ် တစ်လီတာ ၆၈၁ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၀၅ ကျပ် ဖြစ်ပါသည်။***

*(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၀၄. ၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၆. ၆၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁. ၁၆၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၂. ၅၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၀၅၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၁၃. ၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀. ၅၁ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၈. ၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၅. ၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**



## တောင်ကြီးတန်ဆောင်တိုင်ပွဲတော် တေးသီချင်းရွေးချယ်

**တောင်ကြီး အောက်တိုဘာ ၁၇**

ယခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲ/ ပိတ်ပွဲတွင် အသုံးပြုမည့် တေးသီချင်းရွေးချယ်ပွဲကို အောက်တိုဘာ ၁၆ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ မြို့မရပ်ကွက် ရှမ်းပြည်နယ် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တေးသံရှင် ၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲတွင် ပထမဆုကို တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ဆင်နွှဲပျော်ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်သည့် တေးသံရှင် ဦးဝင့်နိုင်ဦးက ရရှိခဲ့သည်။ နှစ်သိမ့်ဆုများကို ချယ်ရီပွင့်တဲ့မြေ၊ ရောင်စုံပန်းချီတောင်ပေါ်ဆီ၊ ရှမ်းပြည်သားတို့တန်ဆောင်တိုင် ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်သည့် တေးသံရှင်သုံးဦးကရရှိခဲ့ကြောင်း သိရသည်။ ယင်းဆုများကို တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ပိတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားတို့တွင် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်သမ္မတ ဦးထင်ကျော် မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံသံအမတ်ကြီး မစ္စ ရိကာ လာတူအား လက်ခံတွေ့ဆုံစဉ်။ (သတင်း-ရွှေဖုံး)

### ❒ မြန်မာအစိုးရမှ

ဒေါက်တာဒေါ်မြသူ၊ International Federation of Red Cross and Red Crescent(IFRC)မှ အာရှပစိဖိတ်ဒေသဆိုင်ရာဌာနခွဲ ဒါရိုက်တာ Mr. Xavier Castellanos၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဂုဏ်ထူးဆောင်နာယက ပါမောက္ခ ဒေါက်တာသာလှရွှေနှင့် မြန်မာနိုင်ငံအခြေစိုက် IFRCကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr. Joy Singhal တို့ပါဝင်သော ကြက်ခြေနီလှုပ်ရှားမှုကိုယ်စားလှယ်အဖွဲ့အား နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးဟောင်းနှင့် တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ယင်းအရေးကိစ္စအား ဖြေရှင်းရန် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများအား ကူညီပံ့ပိုးနိုင်မှုအခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ကြက်ခြေနီလှုပ်ရှားမှုကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံရာတွင် ထိခိုက်ခံစားခဲ့ရသော လူမှုအသိုက်အဝန်းအားလုံးအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အရှိန်အဟုန်မြှင့် ပေးအပ်နိုင်ရန် ပူးပေါင်းဆောင်ရွက်မှု ပိုမိုထိရောက်ကောင်းမွန်စေရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကြက်ခြေနီလှုပ်ရှားမှုကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**



## ရခိုင်ပြည်နယ်အတွင်းရှိ မြို့တိုင်းရင်းသားများအတွက် နေအိမ်အဆောက်အအုံဆောက်လုပ်ပေးမည့် စီမံကိန်းစတင်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၇**

ARSA အစွန်းရောက်အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် နေအိမ်များ ရွာလုံးကျွတ် ပျက်စီးဆုံးရှုံးသွားသည့် မောင်တောမြို့နယ်(မြောက်ပိုင်း)ရှိ မြို့တိုင်းရင်းသားများ နေထိုင်သည့် ခုံတိုင်ကျေးရွာကို နယ်စပ်ရေးရာဝန်ကြီးဌာနမှ တည်ဆောက်ပေးရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောက်လုပ်သွားမည့် ရခိုင်ပြည်နယ် မောင်တောမြို့နယ် ခုံတိုင်ကျေးရွာမှ မြို့တိုင်းရင်းသားများ၏ နေအိမ်များ တည်ဆောက်ပေးရေးစီမံကိန်းကို အောက်တိုဘာ ၁၆ ရက်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ခုံတိုင်ကျေးရွာ ပြန်လည်တည်ဆောက်ပေးရာတွင် ဒေသခံတိုင်းရင်းသားများ၏ဆန္ဒနှင့်အညီ မီးလောင်ပျက်စီးသွားသည့် မူလခုံတိုင်ကျေးရွာနေရာအစား မောင်တော-ဗန္ဓုလ လမ်းဘေး ပဒကားချောင်းဆုံ ခန့်မှန်းမြေပုံ အညွှန်း DU-309402 တွင် စနစ်တကျ အကွက်ချဆောင်ရွက်ပေးရန် လျာထားပြီး ပထမအဆင့်အနေဖြင့် နေအိမ် ၄၈ လုံး၊ ကျေးရွာအဝင်လမ်း(၁/၄)မိုင်၊ ကျေးရွာစုပေါင်း ခန်းမတစ်ဆောင်နှင့် ရေရရှိရေးလုပ်ငန်းများကို စတင်ဆောင်ရွက်မည်ဖြစ်သည်။ ခုံတိုင်ကျေးရွာကို စုစည်းကျေးရွာအဖြစ် ထူထောင်ပေးနိုင်ရန်၊ လိုအပ်ပါက နိုင်ငံတော်၏ လမ်းညွှန်မှုခံယူကာ နေအိမ်များတိုးချဲ့ဆောက်လုပ်ပေးနိုင်ရန်အတွက် လျာထားဆောင်ရွက်ထားပြီး အဆိုပါစီမံကိန်းတွင် ကျေးရွာစုပေါင်းခန်းမ၊ ဘုန်းကြီးကျောင်း၊ ကျေးလက်ဆေးပေးခန်း၊ မူလတန်းကျောင်း၊ ဈေး၊ ရေတွင်း၊ ရေကန်များနှင့် ဆိုလာမီး တပ်ဆင်ခြင်းလုပ်ငန်းများကိုပါ တစ်ပါတည်း ဆောင်ရွက်ပေးရန် လျာထားကြောင်းနှင့် ပထမအဆင့် စီမံကိန်းလုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလကုန်တွင် ပြီးစီးအောင်ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်



**စစ်တွေ အောက်တိုဘာ ၁၇**

မြောက်ဦးခရိုင် ကျောက်တော်မြို့နယ်ရှိ နီးစပ်ရာ ဆွေမျိုးများနေအိမ်တွင် ခေတ္တခိုလှုံလျက်ရှိသည့် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များမှ နေရပ်စွန့်ခွာ တိုင်းရင်းသားများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သွားရောက်၍ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများသည် ကျောက်တော်မြို့နယ် သရက်သပင်ကျေးရွာရှိ အိမ်ထောင်စု ခုနစ်စုမှ လူဦးရေ ၃၄ ဦးနှင့် ပြည်တော်သာရပ်ကွက်ရှိ အိမ်ထောင်စု သုံးစုမှ လူဦးရေ ၁၇ ဦးအား တွေ့ဆုံအားပေးစကားပြောကြားပြီ အမျိုးသမီး အသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်များ၊ ငါးသေတ္တာ၊ ဆီ၊ ဆပ်ပြာ စသည်တို့ကို ထောက်ပံ့ပေးအပ်သည်။ ထို့ပြင် အသက်(၆၀)နှင့်အထက် ဘိုးဘွား ငါးဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ်တစ်သိန်း ထောက်ပံ့ကူညီခဲ့သည်။

ထို့ပြင် နေရပ်စွန့်ခွာတိုင်းရင်းသား ကလေးငယ်များအတွက် ကစားစရာများ ထောက်ပံ့ပေးအပ်သည့်အပြင် စိတ်ပိုင်းဆိုင်ရာ လူမှုပံ့ပိုးကူညီပေးခြင်းနှင့် ကလေးပျော်နေရာများ ဖန်တီးပေးခြင်းများကို ဆောင်ရွက်ပေးခဲ့သည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများသည် အောက်တိုဘာ ၁၈ ရက်တွင်လည်း မြောက်ဦးမြို့နယ်အတွင်းရှိ ယာယီကယ်ဆယ်ရေးစခန်းများသို့ ဆက်လက်သွားရောက်ကာ ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုပြုံးက ပြောကြားသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် အောက်တိုဘာ ၁၇**

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၁၂ နာရီအတွင်း ပိုမိုအားကောင်းကာ မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိလာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

**ဥတုရာသီ**
**တောကိုမိုး၏**

# ကာဒစ္စတန်ဒေသရှိ ရေနံမြေတည်ရာ ကယ်ကွတ်မြို့ကို အီရတ်တပ်ဖွဲ့သိမ်းပိုက်

**ဘဂ္ဂဒက် အောက်တိုဘာ ၁၇**

အီရတ်နိုင်ငံ မြောက်ပိုင်းရှိ ကာဒစ္စတန်ဒေသ၌ လွတ်လပ်ရေးတောင်းဆိုသည့် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပခဲ့ခြင်းကို တုံ့ပြန်သည့်အနေဖြင့် ယင်းဒေသရှိ ရေနံမြေတည်ရှိရာ ကယ်ကွတ်မြို့ကို အစိုးရတပ်ဖွဲ့များက အောက်တိုဘာ ၁၆ ရက်တွင် သိမ်းပိုက်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

### သိမ်းပိုက်

အီရတ်နိုင်ငံ၏ လက်ရွေးစင်တပ်ဖွဲ့ဖြစ်သော အကြမ်းဖက်မှုတိုက်ဖျက်ရေး တပ်ဖွဲ့မှ စစ်သည်တင် သံချပ်ကာ ယာဉ်များပါဝင်သော ယာဉ်တန်းတစ်တန်းသည် အောက်တိုဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် ကယ်ကွတ်မြို့ရှိ ပြည်နယ်အစိုးရရုံးကို သိမ်းပိုက်ခဲ့သည်။ အီရတ်အစိုးရတပ်ဖွဲ့က စစ်ဆင်ရေးစတင်မှု တစ်ရက်မျှပင် ကြာမြင့်ခြင်းမရှိသေးမီ ယင်းသို့ သိမ်းပိုက်နိုင်ခြင်းဖြစ်ကြောင်း ရိုက်တာ သတင်းထောက်တစ်ဦးက ယင်းမြို့မှ နေ၍ သတင်းပေးပို့ခဲ့သည်။

စစ်ဆင်ရေးပြုလုပ်ခြင်းကြောင့် နှစ်ဖက်တပ်ဖွဲ့ဝင်များ ထိခိုက်သေဆုံးမှု မရှိပေ။ သို့ရာတွင် ကာဒစ္စတန် ပက်ရှ်မာဂါ တိုက်ခိုက်ရေးသမားများနှင့် အီရတ်တပ်ဖွဲ့ဝင်များအကြား ကယ်ကွတ်မြို့ တောင်ဘက်၌ အောက်တိုဘာ ၁၆ ရက် ညက တိုက်ပွဲဖြစ်ပွားခဲ့ရာတွင် နှစ်ဖက်တပ်ဖွဲ့ဝင်အချို့ သေဆုံးမှုရှိသည်ဟု ကယ်ကွတ်မြို့ရှိ အကူအညီပေးရေးအဖွဲ့တစ်ဖွဲ့က ပြောကြားကြောင်း၊ ယင်းတိုက်ပွဲတစ်ခုသာ ထူးထူးခြားခြား ဖြစ်ပွားခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

အီရတ်တပ်ဖွဲ့များ ရှေ့သို့ ချီတက်လာနေစဉ်တွင် ကယ်ကွတ်ရေနံမြေနှစ်ခု၌ ရေနံထုတ်လုပ်မှုအချို့ကို ခေတ္တပိတ်ထားခဲ့ကြောင်း၊ လုံခြုံရေးအရ ရေနံထုတ်လုပ်မှုကို ခေတ္တရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ ကယ်ကွတ်ရေနံမြေအားလုံး၏ ထိန်းချုပ်မှုကို အီရတ်အစိုးရအဖွဲ့က ပြန်လည်ထိန်းချုပ် လိုခြင်း ရှိ မရှိ လောလောဆယ်မသိရပေ။

အီရတ်ရေနံမြေများ၌ ထုတ်လုပ်မှု ခေတ္တဆိုင်းငံ့လိုက်ခြင်းကြောင့် ကမ္ဘာ့ရေနံဈေးနှုန်း မြင့်တက်မှုကို ဖြစ်ပေါ်စေကြောင်း သတင်းတွင် ဖော်ပြသည်။

### ဆိုက်ရောက်

အီရတ်အစိုးရတပ်ဖွဲ့မှ စစ်သည်တင် သံချပ်ကာကား ယာဉ်တန်းသည် ကယ်ကွတ်မြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ဆိုက်ရောက်လာခဲ့ပြီး အနီးအပါးတွင် တပ်စွဲထားကြောင်း၊ ကာဒစ္စတန်ဒေသဆိုင်ရာ အလံတော်နေရာတွင် အီရတ် အမျိုးသားအလံတော်ကို ပြောင်းလဲ လွှင့်တင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**






# ပြုံယမ်းအပေါ် စီးပွားရေးပိတ်ဆို့မှုများ ရုရှား သမ္မတ ဗလာဒီမာပူတင် ချမှတ်

**မော်စကို အောက်တိုဘာ ၁၇**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဖြေရှင်းချက်ကို လိုက်နာသည့်အနေဖြင့် ရုရှားသမ္မတ ဗလာဒီမာပူတင်က မြောက်ကိုရီးယားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှု အမိန့်ဒီကရီတစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ယနေ့သတင်းများအရသိရသည်။

မြောက်ကိုရီးယားနိုင်ငံအပေါ် ရုရှားနိုင်ငံ၏ စီးပွားရေးပိတ်ဆို့မှုများတွင် ကြေးနီ၊ ငွေနှင့် သွပ်အပါအဝင် အခြားသော တွင်းထွက်ပစ္စည်းများဝယ်ယူမှုနှင့် ရဟတ်ယာဉ်များ၊ သင်္ဘောများ ရောင်းချမှုတို့ပါဝင်ကြောင်း သိရသည်။

ထို့ပြင် မြောက်ကိုရီးယား၏ နျူကလီးယားဖွံ့ဖြိုးမှုအစီအစဉ်ကို ကူညီထောက်ပံ့ပေးနိုင်သည့် နည်းပညာပူးပေါင်းဆောင်ရွက်မှုကိုလည်း ရုရှားနိုင်ငံက ဆိုင်းငံ့လိုက်ပြီဖြစ်သည်။

ကော်ဖော်များနှင့် ကြွေထည်မြေထည်ပစ္စည်းများ အပါအဝင် အခြားကုန်ပစ္စည်းများ ကုန်သွယ်မှုကိုလည်း ရုရှားနိုင်ငံက ရပ်ဆိုင်းမည်ဟု သိရသည်။

ပြုံယမ်းအနေဖြင့် အမေရိကန်နိုင်ငံသာမက မဟာမိတ်တရုတ်နိုင်ငံနှင့် ဆက်ဆံရေးတင်းမာမှု ရှိခြင်းသည် ရုရှားနိုင်ငံနှင့် ဆက်ဆံရေးပိုမိုအဆင်ပြေချောမွေ့မှုရှိစေရန် တွန်းအားပေးလျက် ရှိသည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

ယခုကဲ့သို့ ရုရှားနိုင်ငံက မြောက်ကိုရီးယားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှု ချမှတ်ခြင်းသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီဖြေရှင်းချက်ကို လိုက်နာရာရောက်သည့်အပြင် နိုင်ငံတကာ၏ ပြစ်တင်ဝေဖန်မှုများကိုလည်း ရှောင်တိမ်းရာရောက်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ပြောကြားကြသည်။

ရုရှားအနေဖြင့်လည်း မြောက်ကိုရီးယားနိုင်ငံအား နျူကလီးယားအရေး ဆွေးနွေးပွဲစားပွဲဝိုင်းပေါ်သို့ ရောက်ရှိရန် တိုက်တွန်းပြောကြားနိုင်ဖွယ်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# သြစတြေးလျ၏ လူ့အခွင့်အရေးမှတ်တမ်း ပိုမိုဆိုးရွားလာဟု ဝေဖန်မှု ထွက်ပေါ်

**ဂျီနီဗာ အောက်တိုဘာ ၁၇**

ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ၌ အဖွဲ့ဝင်နေရာတစ်နေရာ ရရှိရန် ကြိုးပမ်းလျက်ရှိသော သြစတြေးလျနိုင်ငံသည် လူ့အခွင့်အရေးမှတ်တမ်း ပိုမိုဆိုးရွားလာသည့် နိုင်ငံဖြစ်သည်ဟု အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးလှုပ်ရှားမှု အဖွဲ့အစည်းများပါဝင်သော အဖွဲ့တစ်ဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ၏ ကျွမ်းကျင်သူ ပညာရှင်များပါဝင်သော အုပ်စုထံသို့ အဆိုပါ ညွန့်ပေါင်းအဖွဲ့က အစီရင်ခံစာတစ်ရပ်ကို တင်သွင်းရန် စီစဉ်ထားသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီသည် ယခုရက်သတ္တပတ်အတွင်း ဂျီနီဗာ၌ နှစ်ပတ်လည် အစည်းအဝေးကျင်းပသည့်အခါ သြစတြေးလျနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေကို သုံးသပ်လေ့လာမည်ဖြစ်ကြောင်း၊ ယင်းကော်မတီသို့ သြစတြေးလျ ဖက်ဒရယ်အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ရန်စီစဉ်ထားကြောင်းသတင်းတွင်ဖော်ပြသည်။

သြစတြေးလျ လူ့အခွင့်အရေး ဥပဒေဌာနက ဦးဆောင်သော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများပါဝင်သည့် အုပ်စုသည် လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာတစ်ရပ်ကို ပြုစုထားသည်။ သြစတြေးလျအစိုးရအဖွဲ့၏ လူ့အခွင့်အရေးမှတ်တမ်းများ ပိုမိုဆိုးရွားလာနေသည်ဟု အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားကြောင်း၊ ခိုလှုံခွင့် တောင်းခံသူများနှင့် ဌာနေ တိုင်းရင်းသားမျိုးနွယ်များအပေါ် သြစတြေးလျနိုင်ငံ အစိုးရအဖွဲ့က ပြုမူဆက်ဆံပုံများနှင့် ပတ်သက်၍ ယင်းအစီရင်ခံစာတွင် ဝေဖန်ထားကြောင်း သတင်းတွင် ဖော်ပြသည်။ သြစတြေးလျ အစိုးရအဖွဲ့က ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်ဒေသများ၌ ဖွင့်လှစ်ထားသော ထိန်းသိမ်းရေးစခန်းများ၌ ခိုလှုံခွင့်တောင်းသူ လူပေါင်း ၂၀၀၀ ခန့်ကို ကာလ အကန့်အသတ်မရှိ ထိန်းသိမ်းထားမှုကို ဆက်လက်ပြုလုပ်လျက်ရှိကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ရိုက်တာ။**



# အိန္ဒိယ ဝန်ကြီးချုပ်၏ ရုံးအဆောက်အအုံတွင် မီးလောင်မှုဖြစ်ပွား

**နယူးဒေလီ အောက်တိုဘာ ၁၇**

အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီရှိ ဝန်ကြီးချုပ် နာရန်ဒရာမိုဒီ၏ ရုံးအဆောက်အအုံတွင် အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက မီးလောင်မှု ဖြစ်ပွားကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ရေဆီနာတောင်ကုန်းဒေသ တောင်ပိုင်းရပ်ကွက်တွင် တည်ရှိသော ဝန်ကြီးချုပ်ရုံးအဆောက်အအုံ၌ မီးလောင်မှုဖြစ်ပွားသော်လည်း ရုံးခန်းဖွင့်ချိန်မဟုတ်သဖြင့် ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ဝန်ကြီးချုပ်နာရန်ဒရာမိုဒီမှာ လာမည့်ရွေးကောက်ပွဲအတွက် ၎င်း၏ ဘီဂျေပီပါတီအတွက် မဲဆွယ်စည်းရုံးရန် လောလောဆယ် ၎င်း၏ မွေးရပ်မြေဖြစ်သည့် ဂူဂျာရတ်ပြည်နယ်သို့ ရောက်ရှိနေကြောင်း သိရသည်။

ဝန်ကြီးချုပ်၏ ရုံးခန်းအမှတ်-၂၄၂ တွင် မီးလောင်နေသည်ဟု သတင်းပေးချက်အရ မီးသတ်တပ်ဖွဲ့ဝင်များကို ချက်ချင်းစေလွှတ်ပေးခဲ့ကြောင်း မီးသတ်အရာရှိ တစ်ဦးက ပြောကြားသည်။

အခန်းအမှတ်-၂၄၂ သည် ဝန်ကြီးချုပ်ရုံး ဌာနခွဲမှူးတစ်ဦး၏ အခန်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကို မိနစ် ၂၀ အတွင်း ထိန်းချုပ်နိုင်ခဲ့သော်လည်း လေအေးပေးစက်ကဲ့သို့သော လျှပ်စစ်ပစ္စည်းတချို့နှင့် ရုံးမှတ်တမ်းတချို့ မီးလောင်ပျက်စီးခဲ့ရကြောင်း မီးသတ်အရာရှိတစ်ဦးက ပြောကြားသည်။ ယင်းဖြစ်စဉ်အား စုံစမ်းစစ်ဆေးနေပြီး ဝိုင်ယာရှော့ခ်ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်နိုင်ကြောင်း မီးသတ်အရာရှိက ပြောကြားသည်။

**ဆင်ဟွာ။**

# နိုင်ငံသားအားလုံး စည်းလုံးညီညွတ်မှုကို ပြသရမည့်ကာလဖြစ်ကြောင်း အစည်းအဝေးပထမနေ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြောကြား

**နေပြည်တော် အောက်တိုဘာ ၁၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များကို မှတ်တမ်းတင်ခြင်း၊ ကြယ်ပွင့်ပြမေးခွန်းငါးခု မေးမြန်းခြင်းနှင့်ဖြေကြားခြင်း၊ အဆိုတစ်ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်းတစ်ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ယနေ့စတင်ကျင်းပသည့် ဆဋ္ဌမပုံမှန်အစည်းအဝေးကာလအတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ဆုံးဖြတ်အတည်ပြုကြမည်ဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေး ဆောင်ရွက်ကြမည့် ဥပဒေကြမ်း ၁၇ ခု ရှိပါကြောင်း၊ အဆိုများအနေဖြင့် အသင့်ဖြေပြီး ၉ ခုရှိပါကြောင်း၊ မေးခွန်းများအနေဖြင့် ပဉ္စမပုံမှန်အစည်းအဝေးမှ ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ ပြောင်းရွှေ့မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်း ၈၅ ခု အပါအဝင် အသင့်ဖြစ်ကြယ်ပွင့်ပြမေးခွန်း ၁၂၉ ခု ရှိပါကြောင်း။

ယနေ့ကာလသည် မိမိတို့နိုင်ငံသားများအားလုံး စည်းလုံးညီညွတ်မှုကိုပြသရမည့် အချိန်ကာလဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ အတိတ်သမိုင်းကြောင်းကို ပြန်ကြည့်ပါက စည်းလုံးမှုပြိုကွဲခဲ့ချိန်တွင် နိုင်ငံသည် အဘက်ဘက်မှ ယိုယွင်းပျက်စီးခဲ့သည်ကို တွေ့ကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့ တိုင်းရင်းသားများအကြား၊ ပါတီများအကြား မယုံကြည်မှုနှင့် သံသယများကို ဖယ်ရှားပြီး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူကြရန် တိုက်တွန်းလိုပါကြောင်း၊ နိုင်ငံတော်၏ မည်သည့်နေရာဒေသတွင်မဆို အခက်အခဲ အကျပ်အတည်း ဘေးအန္တရာယ်များနှင့် ကြုံတွေ့လာပါက ပြည်ထောင်စု၏အရေးဟုခံယူကြပြီး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုပါကြောင်း၊ အားလုံးစုစုစည်းစည်း ညီညီညွတ်ညွတ်ရှိနေမှသာ ပြည်တွင်း၊ ပြည်ပ အန္တရာယ်များကို စည်းလုံးညီညွတ်ခြင်း အင်အားဖြင့် အတူလက်တွဲ ကာကွယ်နိုင်ကြမည် ဖြစ်ပါကြောင်း၊ မိမိတို့ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်များရှင်သန်ရပ်တည်လာခဲ့သည်မှာ ယခုဆိုလျှင် ဒုတိယသက်တမ်း၏ ဆဋ္ဌမအကြိမ်ကို ရောက်ရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ ခိုင်မာအားကောင်းသည့် အဖွဲ့အစည်းများအဖြစ် လည်ပတ်နေပြီဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဥပဒေပြုရေးဆောင်ရွက်ကြသည့်အခါတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ၊ မရှိ သတိပြုဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ လွှတ်တော်ကပြင်ဆင်အတည်ပြုလိုက်သည့် ဥပဒေပြဋ္ဌာန်းချက်များသည် ပြည်သူများ၏ လူမှုစီးပွားဘဝကို ကာကွယ်မြှင့်တင်နိုင်သည့်ဥပဒေများ ဖြစ်ရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်တွင် မေးမြန်းသည့်မေးခွန်းများ၊ တင်သွင်းသည့် အဆိုများသည်လည်း တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့သည် ပြည်သူ့ကိုယ်စားလှယ်များပီသစွာ နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများ၏အကျိုးစီးပွားကို ဆက်လက်ကာကွယ်မြှင့်တင်ဆောင်ရွက်ကြပါရန် ပြောကြားရင်း နှုတ်ခွန်းဆက်သပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စက်တင်ဘာလမှ အောက်တိုဘာလအထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဖိလစ်ပိုင်၊ ရုရှား၊ ချက်သမ္မတနိုင်ငံ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်၊ အီတလီနိုင်ငံများသို့ ညီလာခံများနှင့် လေ့လာရေးခရီးသွားရောက်မှုများကို မှတ်တမ်းတင်ထားရှိမည် ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုး၏ **မြန်မာနိုင်ငံတွင် အစားအသောက်စစ်ဆေးခြင်းအတွက် အယူခံဓာတ်ခွဲခန်း သတ်မှတ်ဖွင့်လှစ်ထားခြင်းရှိ၊ မရှိ နှင့် ပြည်ပမှတင်သွင်းသော ဆေးများအတွက် တင်သွင်းခွင့်ရရန် ကြာမြင့်ချိန်လျှော့နည်းအောင် ဆောင်ရွက်ပေးနိုင်မှု၊ တရားဝင်တင်သွင်းသော ဆေးဝါးများ၏ စံချိန်စံညွှန်းနှင့် အာနိသင်လျော့နည်းခြင်းများ တွေ့ရှိပါက မည်သို့အရေးယူခြင်း၊ ပြည်ပကုမ္ပဏီများကို တရားစွဲဆိုခြင်းများရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်




အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမျိုးသားအစားအသောက်နည်းဥပဒေ ထုတ်ပြန်ပြဋ္ဌာန်းထားခြင်းမရှိပါကြောင်း၊ နိုင်ငံတကာအစားအသောက်ဥပဒေများ၏ ပြဋ္ဌာန်းချက် စံနှုန်းများနှင့်လည်း ကိုက်ညီမှုနည်းပါးနေသည်ကို စိစစ်တွေ့ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် လူမှုစီးပွားအခြေအနေများ ဖွံ့ဖြိုးလာခြင်း၊ နိုင်ငံတကာအသိုက်အဝန်းနယ်ပယ်တွင် ဝင်ဆံ့လာခြင်း၊ ကုန်ထုတ်လုပ်မှုတိုးလာခြင်း၊ နိုင်ငံတကာနှင့်အစားအသောက်ကုန်သွယ်မှု ပမာဏတိုးလာခြင်းတို့ကြောင့် နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီသော ကျင့်သုံးဆောင်ရွက်ရန် လက်တွေ့ကျသော အစားအသောက်ဥပဒေတစ်ရပ် လိုအပ်လာခြင်းကြောင့် အစားအသောက်ဥပဒေအသစ်တစ်ရပ်ကို မူကြမ်းရေးဆွဲပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်ပစ္စည်းများ စစ်ဆေးသော ဓာတ်ခွဲခန်း စုစုပေါင်း ၁၈ ခုရှိပါကြောင်း၊ ယင်း ၁၈ ခုသည် Laboratory Networking ပြုလုပ်ထားသည်မှာ တစ်နှစ်ခန့်ရှိပြီဖြစ်ပါကြောင်း၊ Laboratory ၁၈ ခုတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဓာတ်ခွဲခန်းကြီး(ရန်ကုန်၊ မန္တလေး၊ နေပြည်တော်) သုံးခုပါဝင်ပါကြောင်း၊ ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဓာတ်ခွဲခန်းများကိုလည်း ဘဏ္ဍာနှစ်အလိုက် စက်ပစ္စည်းနှင့် လူအင်အားများ ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း။

အမျိုးသားဆေးဝါးဥပဒေအရ ဆေးဝါးများတင်သွင်းရာတွင် ပြည်ပမှတင်သွင်းသော ဆေးဝါးများအတွက် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ရရှိထားသော ဆေးဝါးများကိုသာ တင်သွင်းခွင့်ရှိပါကြောင်း၊ တင်သွင်းခွင့်ရရှိရန် ကြာမြင့်ချိန်မှာ ကုမ္ပဏီသည် တင်သွင်းခွင့်ရရှိရန် ပြည်ပကုမ္ပဏီမှ တရားဝင်ကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းခံရသည့် စာရွက်စာတမ်းနှင့် အထောက်အထားပြည့်စုံစွာ လျှောက်ထားတင်ပြလာပါက ကုမ္ပဏီများအား နှစ်ပတ်မှ တစ်လအတွင်း တစ်ကြိမ် တင်သွင်းခွင့်ထုတ်ပေးလျက်ရှိပါကြောင်း။

တရားဝင်တင်သွင်းသောဆေးဝါးများ၏ စံချိန်စံညွှန်းနှင့် အာနိသင်လျော့နည်းခြင်းများသည် တင်သွင်းသယ်ယူသိုလှောင်စဉ်ကလည်းကောင်း၊ ဈေးကွက်အတွင်း ရောက်ရှိလာပါက ဆေးဆိုင်များအနေဖြင့် ကောင်းမွန်သောဆေးဝါးသိုလှောင်မှုကျင့်စဉ်နှင့်အညီ သိုလှောင်ရောင်းချခြင်း မရှိပါကလည်း အာနိသင်လျော့နည်းခြင်း၊ စံမညီခြင်းများ ဖြစ်နိုင်ပါကြောင်း၊ ဈေးကွက်စစ်ဆေးမှုအရ တရားဝင်တင်သွင်းသော ဆေးဝါးများထဲမှ စံမညီမှုများတွေ့ရှိပါက တရားဝင်တင်သွင်းသောကုမ္ပဏီသို့ အကြောင်းကြား၍ ဈေးကွက်မှ ရုပ်သိမ်းခြင်း၊ တင်သွင်းခွင့်ကို ကာလသတ်မှတ်၍ ရုပ်သိမ်းခြင်း၊ မှတ်ပုံတင်သက်တမ်းတိုးခြင်းများ ငြင်းပယ်ခြင်း၊ ပြည်ပကုမ္ပဏီများသို့ အကြောင်းကြား၍ တင်သွင်းခွင့်များ ပိတ်သိမ်းခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆေးဝါးစံမညီမှုသည် ထုတ်လုပ်သူအပါအဝင်၊ ပြည်တွင်းရှိ ကုမ္ပဏီဖြန့်ဖြူးရောင်းချဆိုင်များ၏အပေါ် မူတည်ပါကြောင်း၊ ပြည်ပကုမ္ပဏီများကို ဥပဒေအရ တရားစွဲဆိုနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၏ **မြန်မာနိုင်ငံ အနှံ့အပြား၌ ဆေးရုံ၊ ဆေးခန်းနှင့်ဝေးသော ကျေးလက်ဒေသများတွင် မွေးဖွားလာရသော ကလေးသူငယ်များ မွေးစာရင်းမှန်ကန်၊ မြန်ဆန်စွာရရှိနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံ၏ ဖွား၊ သေမှတ်ပုံတင်ခြင်းစနစ် ပိုမိုအားကောင်းလာစေရန်၊ နိုင်ငံတကာအဆင့်အတန်းမီသောစနစ်ဖြစ်လာစေရန်၊ မွေးဖွားမှုနှင့် သေဆုံးမှုစာရင်းအင်းများ မှန်ကန်စွာရရှိပြီး သဘာဝအလျောက် လူဦးရေတိုးနှုန်းနှင့် ဖွား၊ သေစာရင်းအင်းညွှန်ကိန်းများ မှန်ကန်စွာတွက်ချက်ခန့်မှန်းနိုင်ရန်အတွက် မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းထားပါကြောင်း။

ဆေးရုံ၊ ဆေးခန်းနှင့်ဝေးသော ကျေးလက်ဒေသများရှိ အရန်သားဖွားဆရာမ၊ မိရိုးဖလာအရပ်လက်သည်ဖြင့် မွေးဖွားလာရသောကလေးသူငယ်များအတွက် သက်ဆိုင်ရာ အရန်သားဖွားဆရာမနှင့် အရပ်လက်သည်တို့သည် သက်ဆိုင်ရာကျေးရွာ၊ ရပ်ကွက်၊ အုပ်ချုပ်ရေးမှူး ထောက်ခံချက် အကူအညီပေးမှုဖြင့် အဆိုပါကျေးရွာအုပ်စုအပိုင် သားဖွားဆရာမထံသို့ မွေးဖွားကြောင်း တိုင်ကြားပါက သားဖွားဆရာမမှတစ်ဆင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနသို့ တင်ပြ၍ မွေးစာရင်းရရှိရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

မဆောင်ရွက်လိုက်ရသော ကလေးများအတွက် မိဘအုပ်ထိန်းသူများက သက်ဆိုင်ရာကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့ဝန်ဆောင်မှုရုံးများ(One Stop Service) ဖွင့်လှစ်ပေးသည့်အခါတွင် သတင်းပေးပို့ပါကလည်း မွေးစာရင်းရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မွေးစာရင်းများ မြန်ဆန်စွာရရှိရေးမှာမူ မိဘများမှတိုင်ကြားရာတွင် ကလေးမွေးဖွားသည့်နေရာဒေသ၊ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများ၏ စိတ်ဝင်စားမှုစသည့် အချက်များအပေါ် မူတည်၍ အချိန်ကြာမြင့်မှု၊ ပြောင်းလဲမှုရှိနိုင်သော်လည်း ကျန်းမာရေးဌာန သားဖွားဆရာမထံ တိုင်ကြားပြီးပါက ပုံမှန်အားဖြင့် တိုင်ကြားပြီး တစ်လအတွင်း မွေးစာရင်းရရှိနိုင်မည်ဖြစ်ပါကြောင်း၊ တစ်ခါတစ်ရံလမ်းပန်းဆက်သွယ်ရေး အခက်အခဲစသည့် အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာမှုများရှိပါကလည်း သားဖွားဆရာမထံ တိုင်ကြားပြီး နှစ်လအတွင်း မွေးစာရင်းရရှိနိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

အလားတူ မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ သယ်ဖန်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်းနှင့် ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းတို့က မကွေးဆေးရုံကြီးတွင် လိုအပ်သည့် ကျောက်ကပ်စက်နှင့် ရေသန့်စက်ဖြည့်ပေးရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘောလုံးပြိုင်ပွဲများကို ရန်ကုန်မြို့တွင် ပြန်လည်ကျင်းပရန်၊ ဖောင်းပြင်မြို့နယ်ရှိ ကျန်းမာရေးဌာနခွဲနှင့် မိုင်းချောင်းကျန်းမာရေးဌာနခွဲတို့အား ကျန်းမာရေးဌာနများအဖြစ် အဆင့်တိုးမြှင့်ပေးရန်တို့နှင့် စပ်လျဉ်းသည့်မေးခွန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားသည်။

ယင်းနောက် သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းက **ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုနှင့် မူကြိုပညာရေးဆိုင်ရာ မဟာဗျူဟာအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းရာတွင် မြန်မာနိုင်ငံတွင် မူလတန်းမတက်ခင် ငါးနှစ်အောက်ကလေးများသည် မိဘများထံတွင် ဖြစ်သလို အဆင်ပြေသလို လေ့ကျင့်မှုမရှိသည့် ကလေးများဘဝကို ဖြတ်သန်းစေခြင်းက များလွန်းလှပါကြောင်း၊ မိဘများအနေဖြင့် မိမိတို့ကလေးကို ငါးနှစ်ပြည့်ပြီးမှသာ ကျောင်းအပ်ရမည်ဆိုသည့် အသိမျှလောက်သာရှိသည်က များပါကြောင်း၊ ကလေးသူငယ်ဖွံ့ဖြိုးမှုအကြောင်း မည်သို့လေ့ကျင့်ပျိုးထောင်ပေးရမည်ဆိုသည့် အသိပညာမျိုးလုံးဝမရှိသူကများပါကြောင်း၊ မြို့ပြများတွင် လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားသော မူကြိုကျောင်းများတွင် ကျောင်းနှင့် နီးသည့်ကလေးများသာလျှင် တက်ရောက်ပြီး ကျောင်းနှင့်ဝေးသည့် ကလေးများမတက်ရောက်နိုင်ကြပါကြောင်း၊ ပုဂ္ဂလိက မူကြိုကျောင်းတက်ရောက်ရန်အတွက် ချမ်းသာသော မိဘများသာထားနိုင်ပြီး ဆင်းရဲသားကလေးအများစုက မတက်ရောက်နိုင်ကြပါကြောင်း၊ ကလေးများအတွက် အရေးကြီးလှသည့်အချိန်တွင် ငွေကြေးမတတ်နိုင်ခြင်းဆိုသည့် အဟန့်အတားကြောင့် ဘက်စုံဖွံ့ဖြိုးခွင့်မရကြပါကြောင်း၊ မြို့ကျောင်းတွင် မူကြိုတက်ခွင့်ရသည့်ကလေးနှင့် မူကြိုတက်ခွင့်မရသည့် ကလေးနှစ်ဦးကို ယှဉ်လျှင် တက်ခွင့်ရသည့် ကလေးက ဦးနှောက်ဖွံ့ဖြိုးမှုအရ ပိုမိုသာလွန်သည်ကို တွေ့ရပါကြောင်း၊ နိုင်ငံအတွက် အထူးပင်အရေးကြီးလှသည့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် မူကြိုပညာရေးဆိုင်ရာ မဟာဗျူဟာအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က တင်သွင်းရာ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါက်တာဝေဖြိုးအောင်က ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲအလိုက် ပြင်ဆင်ချက်အဆိုကို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**အေးအေးသန့်(သတင်းစဉ်)**

## ပြန်လည်ဖွင့်လှစ်မည့် Yangon Book Street
## ရန်ကုန် စနေ-တနင်္ဂနွေ စာအုပ်လမ်းအတွက် ဆိုင်ခန်းပေးသွင်းရန် နှိုးဆော်လွှာ

၁။ ပြန်လည်ဖွင့်လှစ်မည့် Yangon Book Street ရန်ကုန် စနေ-တနင်္ဂနွေ စာအုပ်လမ်းတွင် ထွက်ရှိမည့်စာအုပ်ဆိုင်များအနေဖြင့် အောက်တိုဘာ ၂၇ ရက် (သောကြာနေ့)ညနေ ၄ နာရီအထိ နောက်ဆုံးထား၍ စာရင်းပေးသွင်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၂။ ဆိုင်ခန်းနေရာမဲနှိုက်သည့်အစီအစဉ်အား နိုဝင်ဘာ ၁ ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် ကုန်သည်လမ်းရှိ စာပေဗိမာန်အစည်းအဝေးခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။

၃။ သိမ်ဖြူလမ်း YMCA အဆောက်အအုံရှိ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း ရုံးအဖွဲ့မှူး ဒေါ်ခင်သန်းဦး (ဖုန်း ၀၉- ၃၀၀၀၂၃၁၁)သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

# အသွင်တစ်မျိုးနှင့်လာနိုင်သည့် အစွန်းရောက်အကြမ်းဖက်သမား

တင်မောင်အေး

ARSA အစွန်းရောက်အကြမ်းဖက်သမားတို့သည် မြန်မာနိုင်ငံတွင် ခြေကုပ်ရရှိရန်အတွက် နည်းမျိုးစုံဖြင့် ကြိုးစားလျက်ရှိနေကြသည်။ မှတ်မှတ်ရရ ကျွန်တော်ဝန်ထမ်းအဖြစ်တာဝန်စတင်ထမ်းဆောင်စဉ်ကာလလောက်က ဘင်္ဂါလီများနှင့်ဖြစ်ပွားသော ကိစ္စတစ်ခုကြုံဖူးသည်။ ထိုစဉ်က ထွက်ပြေးသွားသူများကို ဟသ်ာစစ်ဆင်ရေးဖြင့် ပြန်လက်ခံရသည်။ ထိုကာလမှ ယနေ့အထိတိုင်အောင် ပြဿနာတစ်ခုခုလုပ်လိုက်၊ လုပ်ပြီးထွက်ပြေးလိုက်၊ ပြီးလျှင် အလုံးလိုက် အခဲလိုက် ပြန်ဝင်လာလိုက်ဖြင့် ဂျာအေး သူ့အမေရိုက်သလိုဖြစ်နေသည်။

ယခုနောက်ဆုံးဖြစ်ခဲ့သော ကိစ္စမှာမူ ယခင်အခါများထက် အရှိန်အဟုန်ပြင်း လုပ်ဆောင်လာသည်ဟု ပြောရမည်ဖြစ်သည်။ တစ်ညတည်းမှာပင် နယ်ခြားစောင့် ရဲကင်းစခန်း ၃၀ ကို လူအုပ်ဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ နိုင်ငံ့သားကောင်းများ၊ တိုင်းရင်းသားများ အသက်ပေးဆပ်ခဲ့ရသည်။ အင်အားနည်းပါးသော ရဲကင်းစခန်းများကို လူအုပ်ဖြင့် တစ်ပြိုင်တည်းတိုက်ခိုက်ရာတွင် ဝန်ထမ်းများပါ သတ်ဖြတ်ခံရပြီးနောက် လုံခြုံရေးတပ်ဖွဲ့များက နယ်မြေရှင်းလင်းရေးလုပ်ရသည်။ ထိုအခါ အကြမ်းဖက်သမားများ နယ်စပ်သို့ ထွက်ပြေးကြသည်။ ထွက်ပြေးသောအခါ ရိုးရိုးထွက်မပြေး၊ ကိုယ့်အိမ်၊ ကိုယ့်ရွာကို ကိုယ်တိုင်မီးရှို့ပြီးမှ ပြေးကြသည်။ ထို့နောက် လုံခြုံရေးတပ်ဖွဲ့များက မီးလောင်တိုက်သွင်းပါသည်ဟု အော်ကြတော့သည်။

ကျွန်တော်ကတော့ ထိုသို့အော်ကြသူများကို အပြစ်မတင်လိုတော့။ ၎င်းတို့မှာ နည်းမျိုးစုံဖြင့် လုပ်ကြံလေ့ရှိကြသူများ ဖြစ်နေသောကြောင့်ပင်။ သို့သော် ၎င်းတို့အော်သမျှ ယုံပြီးပုံကြီးချဲ့၍ ကိုယ့်မြေ၊ ကိုယ့်ရေကို ကာကွယ်ရသူတို့ကို အပြစ်မျိုးစုံပြောနေကြသူတို့၏ မိုက်တွင်းနက်မှုကိုကား ပြောချင်လှသည်။ နိုင်ငံကြီးများ၏ ခေါင်းဆောင်လုပ်နေသူများ၊ ကမ္ဘာ့အဖွဲ့အစည်းများ၏ ထိပ်တန်းရာထူးရယူထားကြသူများက အကြမ်းဖက်သမားများဘက်မှ သဲသဲလှုပ်လှုပ်ဖြစ်နေကြသည်မှာ အံ့ဩစရာပင် ဖြစ်နေပါတော့သည်။ ကျွန်တော်တို့ ခံရသူများက မည်မျှခံနေရသည်ကို မည်မျှပင်ပြောပြော အရေးတယူ အရာမရောက်အောင် ပိတ်ဆို့ထားကြသည်။ ကျွန်တော်တို့၏ ခေါင်းဆောင်ကိုလည်း မှိုချိုးမျှစ်ချိုးပြောဆိုကြသည်။ တပ်မတော်ကိုလည်း စွပ်စွဲပုတ်ခတ် မျိုးစုံလုပ်ကြသည်။ အံ့ဩစရာပါပေတည်း။ ကျွန်တော်တို့ ဝဋ်ရှိသမျှ ခံရဦးတော့မည်ဟု တရားနှင့်သာ ဖြေရပါတော့မည်။

နေရပ်စွန့်ခွာထွက်ပြေးကြသော ဘင်္ဂါလီများ ဤတစ်ကြိမ် ထွက်ပြေးကြရာတွင် ထူးခြားချက်တစ်ခုရှိနေပါသည်။ ယင်းမှာ ထွက်ပြေးကြသူများတွင် အများအားဖြင့် သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ ကလေးငယ်များသာ ပါဝင်နေကြသည်ကို သတင်းများတွင် မြင်တွေ့နေရသည်။ အားကောင်းမောင်းသန် အရွယ်ကောင်း ယောကျ်ားများ မပါဝင်ချေ။ ၎င်းတို့ ပျောက်နေကြသည်။ ကြားသိရသော သတင်းများအရ လူရွယ်ယောကျ်ားများကို စုစည်း၍ စစ်သင်တန်းပေးနေသည်ဆိုသည်မှာ ဖြစ်နိုင်ခြေရှိသည်ဟု ယူဆရပေသည်။ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဗျူဟာဖြစ်သည်။

ဘင်္ဂါလီလူမျိုးများမှာ လူဦးရေမွေးဖွားနှုန်းမြင့်မားလှသဖြင့် လူသူစုဆောင်းမည်ဆိုလျှင် ထောင်ဂဏန်း၊ သောင်းဂဏန်း အရေအတွက်ကို အချိန်တိုအတွင်းရရှိနိုင်သည်။ ထိုသို့ အရေအတွက်များပြားလှသော လူစုကို အဖျက်လုပ်ရပ်များသွတ်သွင်းပြီး တစ်စုံတစ်ဦးတစ်ဖွဲ့က လက်နက်များ တပ်ဆင်ပေးမည်ဆိုပါလျှင် ကျွန်တော်တို့နိုင်ငံအတွက် ရင်လေးဖွယ်ဖြစ်လာပေလိမ့်မည်။ လူအများကို စစ်သင်တန်းပေးရသည်မှာ အချိန်ယူရသေးသည်။ လက်နက်တပ်ဆင်ပေးသောကိစ္စမှာမူ အကုန်အကျခံလုပ်ပေးမည့်သူရှိလျှင် နေ့ချင်းညချင်း ပြီးမြောက်သွားနိုင်သော ကိစ္စဖြစ်လေသည်။

လူအင်အားဖြင့် အနိုင်ယူနိုင်သည်ကို နားလည်ထားကြပြီးဖြစ်သည်။ လက်နက်ကိုင်ဆောင်ထားသူ လုံခြုံရေးအနည်းငယ်မျှကို တုတ်ဓါးကိုင်ဆောင်ထားသော လူအုပ်ဖြင့် အနိုင်ယူနိုင်သည်ကို သိရှိထားကြပြီးဖြစ်သည်။ နောက်တစ်ကြိမ်ဝင်လျှင် လက်နက်တပ်ဆင်ထားသော လူအများဖြင့် ဝင်နိုင်အောင် ကြိုးစားတော့မည်မှာ သေချာပါသည်။ နိုင်ငံအတွက် အန္တရာယ်အလွန်ကြီးမားလှပါသည်။ ယခုကတည်းက ပိုမိုလုံခြုံစိတ်ချရသည့် အစီအမံများဖြင့် အသင့်ပြင်ဆင်ထားနိုင်မှ တော်ကာကျလိမ့်မည်ဟု ထင်မြင်ယူဆမိပါသည်။ ။

■

# ကားတင်သွင်းခွင့် မူဝါဒအပြောင်းအလဲ၊ ကားဈေးကွက်အပြောင်းအလဲ

ဆုနှင်းလဲ့



နိုင်ငံတော်အစိုးရ၏ ၂၀၁၈ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်သည့်ခုနှစ် သတ်မှတ်လိုက်သည့် မူဝါဒအပြောင်းအလဲနှင့်အတူ ကားဈေးကွက်အတွင်း အပြောင်းအလဲဖြစ်ပေါ်ခဲ့ကြောင်း မော်တော်ယာဉ်တင်သွင်းရောင်းချနေသော လုပ်ငန်းရှင်များထံမှ သိရသည်။

မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီသည် ၂၀၁၈ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်သည့်ခုနှစ် သတ်မှတ်ခြင်းကို ပြည်ထောင်စုအစိုးရ၏သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇ ဖြင့် ထုတ်ပြန်လိုက်ပြီး တင်သွင်းလာမည့် မော်တော်ယာဉ်များသည် မြန်မာနိုင်ငံ၏ ယာဉ်လမ်းကြောစနစ်နှင့် ကိုက်ညီသော ဘယ်မောင်းယာဉ်များကိုသာ တင်သွင်းရန် သတ်မှတ်လိုက်သည့်အတွက် အပြောင်းအလဲများ ဖြစ်ပေါ်လာနိုင်ကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

ယခု ထုတ်ပြန်လိုက်သော သတ်မှတ်ချက်တွင် (က) ယာဉ်အို/ယာဉ်ဟောင်း အစီအစဉ် (Consignment စနစ်အပါအဝင်) (၁)လူစီးမော်တော်ယာဉ်များ (၁၃၅၀ စီစီနှင့်အောက် လူစီးယာဉ်များ အပါအဝင်)၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)၊ (၂)ကုန်တင်ယာဉ်များ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)၊ (၃) ခရီးသည်တင်ယာဉ်များ (Mini Bus/City Bus/ Express Bus) ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)၊ (ခ) လူပုဂ္ဂိုလ်တစ်ဦးချင်း အစီအစဉ်အရ (၁) လူစီးမော်တော်ယာဉ်များ (၁၃၅၀ စီစီနှင့်အောက် လူစီးယာဉ်များ အပါအဝင်)၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)၊ (၂) ကုန်တင်ယာဉ်များ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)၊ (၃) ခရီးသည်တင်ယာဉ်များ (Mini Bus/City Bus/ Express Bus) ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း) တင်သွင်းရမည်ဟု သတ်မှတ်လိုက်သည်။ ယင်းအပြင် ပုံမှန်လိုင်စင်ဖြင့် မော်တော်ယာဉ်လျှောက်ထားမှု (FOC စနစ်ဖြင့် ပြည်ပမှ လှူဒါန်းသည့် မော်တော်ယာဉ်ပါမစ် လျှောက်ထားမှုအပါအဝင် တင်သွင်းလာမှုများတွင် (၁) လူစီးမော်တော်ယာဉ်များ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)၊ လုပ်ငန်းသုံးယာဉ်များ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)၊ ယန္တရားယာဉ်များ ၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း၊ မီးသတ်ယာဉ် ၂၀၀၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)၊ လူနာတင်ယာဉ်များ ၂၀၀၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)၊ နိဗ္ဗာန်ယာဉ် များ ၂၀၀၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)၊ သာသနာရေးဆိုင်ရာ ယာဉ်များ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)၊ ခရီးသည်တင် ယာဉ်များ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း) ဟူ၍ သတ်မှတ် လိုက်သည်။ အလားတူ အစိုးရဌာနများမှ မော်တော်ယာဉ် လျှောက်ထားမှု တွင်လည်း (၁) လူစီးမော်တော်ယာဉ်များ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)၊ လုပ်ငန်းသုံးယာဉ်များ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ် အတွင်း (ဘယ်မောင်း)၊ ယန္တရားယာဉ်များ ၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း၊ ခရီးသည်တင်ယာဉ်များ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)ဟူ၍ သတ်မှတ်လိုက်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံ ယာဉ်လမ်းကြောစနစ်နဲ့က လုံခြုံစိတ်ချပြီး အန္တရာယ်လျော့ပါးစေတဲ့ ဘယ်မောင်းကားမျိုးတွေနဲ့ပဲ သင့်တော်ပါတယ်။ ဒါကို ကျွန်တော်တို့အနေနဲ့ အခုအချိန်မှာ မပြောင်းလဲဘူးဆိုရင် နောင်ပြောင်းဖို့ ခက်ခဲပါလိမ့်မယ်။ အခုကတည်းက စတင်ပြောင်းလဲဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အခု မြန်မာနိုင်ငံအတွင်းမှာလည်းပဲ သင့်တော်တဲ့ ကားအစီးရေ အရေအတွက်ကလည်း ရောက်ရှိနေပြီဖြစ်တဲ့အတွက်ကြောင့် တစ်ဖက်ကလည်း အစိုးရအနေနဲ့ အများပြည်သူ သယ်ယူပို့ဆောင်ရေးကို ကောင်းမွန်အောင် ဆောင်ရွက်ပေးသွားမယ်ဆိုရင် ထိရောက်တဲ့အပြောင်းအလဲဖြစ်သွားမှာပါ။ အပြောင်းအလဲလုပ်တဲ့အခါမှာတော့ ကားဈေးကွက်မှာလည်းပဲ ရိုက်ခတ်မှုတော့ရှိနိုင်ပါတယ်"ဟု မော်တော်ယာဉ် မူဝါဒအပြောင်းအလဲများတွင် ပါဝင်ဆောင်ရွက်ခဲ့ဖူးသူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အကြံပေးပုဂ္ဂိုလ်ဟောင်းတစ်ဦးက သုံးသပ်သည်။

ကားတင်သွင်းခွင့် မူဝါဒအပြောင်းအလဲကြောင့် ကားဈေးကွက်အတွင်း ညာမောင်းကားများ ဈေးနှုန်းမြင့်တက်လာနိုင်သည်ဟု သုံးသပ်ခန့်မှန်းချက်များမှာ အဆိုပါထုတ်ပြန်ချက်မထုတ်မီကပင် ထွက်ပေါ်နေခဲ့ပြီး ကားဈေးနှုန်းများသည်လည်း ငွေကျပ် သိန်း ဆယ်ဂဏန်းမျှ အပြောင်းအလဲဖြစ်ကာ မြင့်တက်မှုများရှိခဲ့ကြောင်း ကားဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

"ကျွန်တော်တို့အနေနဲ့ ဒီလိုမျိုး ဘယ်မောင်းစနစ်ပဲ သွင်းရမယ်ဆိုတာကို သတ်မှတ်လာလိမ့်ဆိုတာ ကြိုတင်သုံးသပ်မိပါတယ်။ ကြေညာချက် မထုတ်ပြန်မီကတည်းကကို ဒါနဲ့ပတ်သက်တဲ့ သုံးသပ်ဝေဖန်တာတွေ၊ အကြံပြုတာတွေ ကြားသိနေရတဲ့အတွက်ကြောင့် ကားဈေးတက်လာလိမ့်မယ်။ ကားဝယ်မယ်ဆိုရင် ချက်ချင်းဝယ်ထားကြပါလို့လည်း ကားလောကအတွင်းမှာပြောကြပါသေးတယ်။ ယာဉ်ကြောစနစ်နဲ့ မကိုက်ပေမယ့် ဘယ်မောင်းကားတွေကို ပြည်တွင်းမှာ မကြိုက်ကြဘူး။ အဲတော့ လက်ရှိညာမောင်းကားဈေးကွက်ကတော့ အပြောင်းအလဲဖြစ်သွားတာပေါ့"ဟု မော်တော်ယာဉ်တင်သွင်းရောင်းချနေသည့် အရောင်းပြခန်းတစ်ခုမှ ပိုင်ရှင်တစ်ဦးက သုံးသပ်သည်။

မြန်မာနိုင်ငံ၏ ယာဉ်ကြောစနစ်သည် လက်ယာကပ်မောင်း (ညာကပ်မောင်း) စနစ်ဖြစ်သည့်အတွက် ဘယ်မောင်းယာဉ်များနှင့်သာ သင့်တော်ပြီး ယင်းနှင့်ပတ်သက်၍ ယာဉ်လမ်းကြောစနစ်နှင့် ယာဉ်များ ပြောင်းပြန်ဖြစ်နေခြင်းကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားရာတွင် အကြောင်းရင်းတစ်ခု ဖြစ်နေကြောင်း ယာဉ်သွားလာမှုကျွမ်းကျင်အင်ဂျင်နီယာများက ၂၀၀၇ ခုနှစ်ခန့်ကပင် အကြံပေးသုံးသပ်ဝေဖန်မှုများရှိခဲ့သည်။ ယခု ၂၀၁၈ ခုနှစ်အတွက် ပြည်ပမှ ကားတင်သွင်းမှုတွင် ဘယ်မောင်းများသာ တင်သွင်းရမည်ဟု စတင်ကန့်သတ် သတ်မှတ်လိုက်ခြင်းကြောင့် ပြည်တွင်းရှိ ဂျပန်တစ်ပတ်ရစ် ကားဈေးကွက်အပြောင်းအလဲဖြစ်လာနိုင်ပြီး အသစ်စက်စက် ကားဈေးကွက်တွင်လည်း ဘယ်မောင်းစနစ်ဖြစ်သည့် တရုတ်နိုင်ငံနှင့် ကိုရီးယားနိုင်ငံထုတ်ကားများကို ပြည်တွင်းတွင် ကြိုက်နှစ်သက်မှု နည်းပါးလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် မော်တော်ယာဉ်တင်သွင်းမှု မူဝါဒရေးဆွဲခဲ့သူများအနေဖြင့် ယာဉ်လမ်းကြောစနစ်နှင့် ကိုက်ညီမှုမရှိသောယာဉ်များမှာ လုံခြုံစိတ်ချရမှု အပြည့်အဝမရှိသည့်အပြင် လက်ရှိပြည်တွင်းတွင် ဈေးကွက်ဝေစုအများစုရှိခဲ့သော ဂျပန်တစ်ပတ်ရစ်ကားများသာ လွှမ်းမိုးထားသောကြောင့် ဂျပန်နိုင်ငံ၏ ကားအမှိုက်ပုံ မဖြစ်စေလိုခြင်း၊ ယာဉ်လမ်းကြောစနစ်နှင့် ကိုက်ညီသော ယာဉ်သွားလာမှုစနစ်၊ မော်တော်ယာဉ်စနစ်ကို ပြောင်းလဲ ခြင်းဖြစ်ကြောင်း ပြန်လည်သုံးသပ်ပြောကြားသည်။ လက်ရှိ မြန်မာနိုင်ငံတွင်ရှိသော ယာဉ်အစီးရေ၏ ၈၅ ရာခိုင်နှုန်းခန့်သည် ညာမောင်းယာဉ်များ ဖြစ်ကြောင်း မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ စစ်တမ်းများအရ သိရသည်။

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းမှုရရှိရေး မပြစ်မနေဆောင်ရွက်ကြရမည်

**နေပြည်တော် အောက်တိုဘာ ၁၇**

ပြည်ထောင်စုလွှတ်တော်အနေဖြင့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော၊ ပြည်သူအားလုံးကို ကိုယ်စားပြုသော အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ပြည်သူများအပေါ်ထားရှိရမည့် ကတိသစ္စာများအတိုင်း အမြဲတမ်းမဖောက်မပြန် အလေးထားဆောင်ရွက်ပေးကြရမည်ကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအားလုံး ခံယူကြရမည်ဖြစ်ပါကြောင်း ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ပြောကြားသည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့တွင် ပြည်ထောင်စုလွှတ်တော်နာယက က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ဆဋ္ဌမပုံမှန်အစည်းအဝေးကာလအတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း စိစစ်အတည်ပြုနိုင်ရေးကို အဓိကထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် နိုင်ငံတော်၏ ဘဏ္ဍာရေးမူဝါဒဆိုင်ရာ ကိစ္စရပ်ဖြစ်သည့် ဘဏ္ဍာနှစ်ပြောင်းလဲပြင်ဆင် သတ်မှတ်သည့်ကိစ္စ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်း၏လိုငွေကို ဖြည့်ဆည်းရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရန်ကိစ္စ အပါအဝင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးမည့် သဘောတူစာချုပ်နှစ်ခုကိုလည်း လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပဉ္စမပုံမှန်အစည်းအဝေးတွင် ဆောင်ရွက်ရန် ကျန်ရှိခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၇ ခုနှစ် မတ် ၃၁ ရက် အထိ ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် စပ်လျဉ်းသည့် ဆွေးနွေးခြင်းကိစ္စရပ်အပါအဝင် လွှတ်တော်အသီးသီးရှိ ဆောင်ရွက်ဆဲဥပဒေကြမ်းများကိုလည်း ဦးစားပေးအလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။




ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယခုအစည်းအဝေးတွင် ပိုမိုများပြားသည့် အလုပ်တာဝန်များကို အချိန်မီအောင်မြင်စွာ ပြီးမြောက်နိုင်ရေးအတွက် ညီညွတ်မှုနှင့် ပူးပေါင်းပါဝင်ရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်၌ ပြောင်းလဲနေသည့် ခေတ်စနစ်နှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို ပိုမိုခိုင်မာတိုးတက်စေရန်နှင့် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာစေရေးတို့အတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများအလိုက် အကောင်အထည်ဖော်လုပ်ဆောင်နေကြရာတွင်လည်း မိမိတို့၏ အခန်းကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

အလားတူ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းမှုရရှိရေးတို့ကိုလည်း မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် ဆက်လက်ဆောင်ရွက်ကြရမည့် လုပ်ငန်းများတွင် အဆိုပါအကြောင်းအရာများကို အလေးထားစဉ်းစား၍ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်ကြပါစေဟု တိုက်တွန်းပြောကြားလိုပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားအားလုံး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အောင်မြင်စွာရောက်ရှိရေး ချီတက်ရာတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ အမြော်အမြင်ရှိမှုနှင့် ဖွဲ့လုံ့လ၊ ဝီရိယရှိမှု၊ ပြည်သူလူထုအပေါ် တာဝန်ကျေပွန်မှုများကို သမိုင်းတွင်မှတ်ကျောက်တင်ခံနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းထားချက်များနှင့်အညီ လွှတ်တော်၏အဓိကတာဝန်ဖြစ်သည့် ဥပဒေပြုရေးအပြင် လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်နိုင်ကြပါစေကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ (၃၈) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံသို့ တက်ရောက်ခဲ့သည့် ခရီးစဉ်၊ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ် ဦးစိုးအောင်အား ခန့်အပ်တာဝန်ပေးခြင်း၊ နိုင်ငံတော်သမ္မတရုံးမှ ပေးပို့သည့် ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွင်း ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်များနှင့်မြို့များ အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ တိုးချဲ့ခြင်းနှင့် ပယ်ဖျက်ခြင်းတို့ကို လွှတ်တော်ကမှတ်တမ်းတင်ကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်တွင် ဦးတင်အောင်ချိုအား အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား လွှတ်တော်သို့ တင်သွင်းသည်။

**ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာနိုင်ငံ၏ ဘဏ္ဍာနှစ်ပြောင်းလဲပြင်ဆင်သတ်မှတ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းတင်ပြသည်။**

စာမျက်နှာ ၉ ကော်လံ ၁ သို့

# အမျိုးသားလွှတ်တော်ပထမနေ့တွင် ကြယ်ပွင့်ပြမေးခွန်းငါးခု မေးမြန်း၊ ဖြေကြား ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာဖတ်ကြား

**နေပြည်တော် အောက်တိုဘာ ၁၇**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ပထမနေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊ ကြယ်ပွင့်ပြမေးခွန်းငါးခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက လွှတ်တော်အစည်းအဝေးများကို တစ်လခွဲကျော်ကြာ ရပ်နားထားစဉ်ကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ မဲဆန္ဒနယ်မြေအသီးသီးတွင် မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံ၍ လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းခြင်း၊ ပြည်သူများ၏ လိုအပ်ချက်နှင့်အခက်အခဲများကို သိရှိနိုင်ရေးအတွက် ကွင်းဆင်းလေ့လာခြင်းနှင့်အတူ ဒေသဖွံ့ဖြိုးရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏မဲဆန္ဒနယ်မြေအသီးသီး၏ အကျိုး၊ နိုင်ငံတော်နှင့်နိုင်ငံသားများ၏အကျိုးဖြစ်ထွန်းစေမည့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအသီးသီးနှင့် သက်ဆိုင်သည့် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းတို့အပြင် သက်ဆိုင်ရာကော်မတီများအလိုက် လေ့လာစိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကိုလည်း ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

ဒီလိုဆောင်ရွက်မှသာ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော် ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက် ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူနှင့် နိုင်ငံတော်၏အကျိုးကို သယ်ပိုး ဆောင်ရွက်နိုင်မှာ ဖြစ်ပါကြောင်း။

ထို့ပြင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း ဆွေးနွေးဆောင်ရွက်မည်ဖြစ်သည့်အတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အတွက် နိုင်ငံတော်၏ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရသည့် ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များက ၎င်းတို့၏ အရအသုံးအခြေအနေအပေါ် မူတည်ပြီး ဖြည့်စွက်ခွင့်ပြုငွေများ တင်ပြတောင်းခံလာခြင်းအပေါ် လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံတော်နှင့် ပြည်သူများအကျိုးကို ဦးထိပ်ထားဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန်လည်း မှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာ ဦးကြွယ်ကြွယ်၏ **မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်အတွက် တစ်နှစ်ပတ်လုံးသန့်ရှင်းသော သောက်သုံးရေလုံလောက်စွာရရှိရန် ကျောဇီမြစ်ရေတင်စနစ်ကို တိုးချဲ့စီမံခြင်းဖြင့်ဖြစ်စေ၊ ဆင်တဲဝချောင်းဘေးတစ်လျှောက် စက်ရေတွင်းများတူးဖော်၍ ရေပေးဝေရေးစနစ်တစ်ခု အကောင်အထည်ဖော်ခြင်းဖြင့်ဖြစ်စေ၊ ပညာရှင်များ တွက်ချက်စဉ်းစား၍ အကောင်အထည်ဖော်ခြင်းဖြင့်ဖြစ်စေဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ကျောဇီမြစ်ရေတင်လုပ်ငန်းသည် မူလစိုက်ပျိုးရေလိုအပ်ချက်အပေါ် အခြေခံ၍ မြို့ပြပိုင်းဆိုင်ရာ ရေသောက်စနစ်များ ဒီဇိုင်းပုံစံရေးဆွဲတည်ဆောက်ခဲ့ခြင်း၊ စက်မှုနှင့် လျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်းများအား တွက်ချက်ရွေးချယ်တပ်ဆင်ခဲ့ခြင်းတို့ကြောင့် မြစ်ရေတင်စနစ်ကို တိုးချဲ့ဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်း။

ထို့အတူ ဆင်တဲဝချောင်းဘေးတစ်လျှောက် စက်ရေတွင်းများ တူးဖော်ပြီး ရေပေးဝေရေးစနစ်တစ်ခုအကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ပတ်သက်၍ ဆင်တဲဝချောင်းရေသည် ရေအရည်အသွေးစစ်ဆေးမှုများအရ လျှပ်စစ်ဓာတ်ဖြတ်သန်းနိုင်မှု ၂၀၀၀ ကျော်ရှိခြင်း၊ ဆိုဒီယမ်ကလိုရိုက်များ ပါဝင်နေခြင်း၊ ဆင်တဲဝချောင်းအတွင်း စီးဆင်းနေသော ရေနှင့် ချောင်းဘေးတစ်လျှောက် သဲလွှာများအတွင်း စိမ့်ဝင်နေသောရေများမှာ အငန်ဓာတ်ပါဝင်သော မြေဆီလွှာများနှင့် ဖွဲ့စည်းထားသည့် ကုန်းမြင့်ပိုင်းဒေသများကို ဖြတ်သန်းစီးဆင်းလာရခြင်း၊ ဒေသခံတောင်သူများ၏ ချောင်းဘေးစိုက်ခင်းများတွင် အသုံးပြုသည့် ပိုးသတ်ဆေးနှင့်အပင်ကြီးထွားဆေးများ ရောနှောပါဝင်နေခြင်းတို့ကြောင့် ရေအရည်အသွေးအနေဖြင့် အငန်ဓာတ်ပါဝင်မှုများနိုင်သည့်အပြင် ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေနိုင်သည့် အဆိပ်အတောက်များ ပါဝင်နိုင်သဖြင့် ဆင်တဲဝချောင်းဘေးဧရိယာများရှိ သဲလွှာများမှ သန့်ရှင်းသော သောက်သုံးရေထုတ်ယူသုံးစွဲရန် မသင့်ပါကြောင်း ဖြေကြားသည်။




မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး၏ **တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရ ဦးဆောင်အဖွဲ့နှင့် လုပ်ငန်းအဖွဲ့များသည် ဥပဒေပါရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးအဖွဲ့အဆင့်ဆင့်အနေဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အပြန်အလှန်ချိတ်ဆက်၍ ဥပဒေပါ ရည်ရွယ်ချက်များအတိုင်း အထမြောက် အောင်မြင်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

အရင်းအနှီးရရှိရေးအတွက် တောင်သူများအား သင့်တင့်သော ချေးငွေများဖြင့် အထောက်အကူပြုရန် ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ ပြည်နယ်/တိုင်းဒေသကြီးအလိုက် သီးနှံများ စိုက်ပျိုးစရိတ်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှချေးငွေများ ထုတ်ချေးပေးခြင်း၊ ထုတ်လုပ်ရေးသမဝါယမအသင်းများမှ အသေးစားအရင်းအနှီးချေးငွေများ ထုတ်ချေးပေးခြင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရန်အတွက် လယ်ယာမြေ အဆင့်မြှင့်တင်ရေး ချေးငွေများ ထုတ်ချေးပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**စာမျက်နှာ ၉ ကောလံ ၄ သို့**

# ကုလသမဂ္ဂအနေဖြင့် နိုင်ငံတော်၏လုပ်ဆောင်ချက်အပေါ် ရေတိုရေရှည်အားဖြင့် ကူညီပံ့ပိုးပေးသွားမည်


**နေပြည်တော် အောက်တိုဘာ ၁၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဧည့်သည်တော်အထူးကိုယ်စားလှယ်က တရုတ်နိုင်ငံအစိုးရ၏ရပ်တည်ချက်မှာ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ခိုင်ခိုင်မာမာထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ကောင်းမွန်သည့် အလားအလာများရှိသည်ဟုလည်း ယုံကြည်ကြောင်း ပြောကြား၍ မြန်မာနိုင်ငံမြောက်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပိုမိုနီးကပ်စွာဆက်ဆံ၍ ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးနေမှု၊ ရခိုင်ပြည်နယ်အရေးကိစ္စတွင် မြန်မာနိုင်ငံအစိုးရနှင့် တပ်မတော်အနေဖြင့် နိုင်ငံ၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းလုပ်ဆောင်နေသည်ကို သိရှိထောက်ခံပြီး အိမ်နီးချင်းမိတ်ဆွေကောင်းပီသစွာဖြင့် ဆက်လက်ရပ်တည် ကူညီလုပ်ဆောင်သွားမည့်အခြေအနေ၊ အကြမ်းဖက်မှုကာကွယ်တားဆီးရေးလုပ်ငန်းများတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုအပါအဝင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များ၊ တရုတ်နိုင်ငံတွင်ပြုလုပ်မည့် (၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီကွန်ဂရက်နှင့် ပတ်သက်သည်များကို ဆွေးနွေးပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ်အရေးကိစ္စ၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းနှင့် ဒို့တာဝန်အရေးသုံးပါးကို လက်ခံထိန်းသိမ်းလိုမှုအပေါ် အခြေခံပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံး NCA တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် တပ်မတော်အနေဖြင့် လက်မှတ်ရေးထိုးရန် ကျန်ရှိသည့်အဖွဲ့များနှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် အသင့်ရှိမှုတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကုလသမဂ္ဂ နိုင်ငံရေးရာဌာနအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဂျက်ဖရီဖဲလ်မန်အား ယမန်နေ့မွန်းလွဲပိုင်းတွင် ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



ထိုသို့တွေ့ဆုံစဉ် မစ္စတာ ဂျက်ဖရီဖဲလ်မန်က ယနေ့ရခိုင်ပြည်နယ်အရေးကို တစ်ကမ္ဘာလုံးကစိတ်ဝင်စားပါကြောင်း၊ ယင်းအပေါ်နိုင်ငံတကာ၏အမြင်နှင့် မြန်မာနိုင်ငံ၏ လက်တွေ့လုပ်ဆောင်နေမှုများမှာ ကွာဟနေကြောင်း၊ မိမိခရီးစဉ်၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအစိုးရက လုပ်ဆောင်နေသည့်လုပ်ငန်းရပ်များကို ကုလသမဂ္ဂအနေဖြင့် အရှိန်အဟုန်မြှင့်တင်ပေးရန်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအနေဖြင့် နိုင်ငံတော်၏လုပ်ဆောင်ချက်အပေါ် ရေတိုရေရှည်အားဖြင့် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် လုံခြုံမှုမရှိဘဲ လုပ်ဆောင်၍မရနိုင်သဖြင့် ဒေသခံပြည်သူများလုံခြုံရေးနှင့်ပတ်သက်၍လည်း သိရှိလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖြစ်စဉ်စတင်ဖြစ်ပွားချိန်မှ ယနေ့အထိ တပ်မတော်အနေဖြင့် Rule Of Engagement- ROE နှင့်ပတ်သက်၍ စနစ်တကျ ညွှန်ကြားကြပ်မတ်ခဲ့ခြင်းကြောင့် စည်းမျဉ်းဥပဒေများကို ကျော်လွန် လုပ်ဆောင်မှုများမရှိကြောင်း၊ စည်းကမ်းဥပဒေဖောက်ဖျက်ကျူးလွန်မှုများရှိပါကလည်း ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုအား တပ်မတော်မှ အင်အားများစွာ အသုံးပြုသည်ဟု စွပ်စွဲမှုအပေါ် ဒေသခံပြည်သူများက လက်မခံကြောင်း၊ တပ်မတော်မှ အချိန်မီလုံခြုံရေးဆောင်ရွက်ပေးနိုင်၍သာ အပြစ်မဲ့ပြည်သူများ၊ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ အသက်ဆုံးရှုံးမှု နည်းပါးခဲ့ရကြောင်း၊ ယနေ့အထိလည်း အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံပြုလုပ်မည်ဟု ခြိမ်းခြောက်မှုများ ရှိနေသဖြင့် ဒေသခံပြည်သူများက ၎င်းတို့လုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုများရှိကြောင်း၊ သို့ဖြစ်၍ ဒေသခံပြည်သူများ၏ လုံခြုံရေးကို တပ်မတော်အနေဖြင့် ကာကွယ်ပေးရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

# (၁၂)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအာဆီယံအစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်မှုအစည်းအဝေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၁၇**

အာဆီယံ Blue Print ပါ အသိုက်အဝန်းကြီး (၃)ရပ်အနက်မှ အာဆီယံလူမှုအသိုက်အဝန်းအကြား လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ အပြန်အလှန်ဆက်သွယ်မှု ကူညီဆောင်ရွက်မှုများ အားကောင်းခိုင်မာစေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် 12th ASEAN GO-NGO Forum on Social Welfare and Development အစည်းအဝေးနှင့် ASEAN အဆင့်မြင့်အရာရှိကြီးများ ဆက်စပ်အစည်းအဝေးများကို ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်တွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက တက်ရောက်၍




အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေး ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံ၏ လူမှုကာကွယ် စောင့်ရှောက်ရေး ဆောင်ရွက်နေမှုများ၊ ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံအတွင်းရှိ အစိုးရဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ဒေသကဏ္ဍအလိုက် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ အလားတူ အာဆီယံဒေသအတွင်းရှိ အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရေး၊ နိုင်ငံအလိုက်၊ ဒေသအလိုက် ပူးပေါင်းဆောင်ရွက်နိုင်သည့် စီမံကိန်းများ ထွက်ပေါ်လာစေရေးအတွက် ဦးတည်ကျင်းပခြင်းဖြစ်ပါကြောင်း၊ ယခုကျင်းပသည့် အာဆီယံအစည်းအဝေးတွင် "Strengthening Social Protection to Address Challenges of Aging Societies" ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဒေသတွင်း အစိုးရဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များမှ နွေးထွေးပွင့်လင်းစွာ ဆွေးနွေးပေးကြရန်နှင့် အာဆီယံနိုင်ငံများအတွက် အရေးကြီးသော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအတွက် မူဝါဒချမှတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နိုင်ငံအလိုက်အတွေ့အကြုံများကို ဆွေးနွေးပေးကြရန် တိုက်တွန်း ပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ အာဆီယံဒေသတွင်း ၁၀ နိုင်ငံမှ အစိုးရနှင့်အရပ်ဘက်အဖွဲ့အစည်းများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိကိုယ်စားလှယ်စုစုပေါင်း ၇၉ ဦး တက်ရောက်ခဲ့ကြသည်။

(၁၃)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများအစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် အာဆီယံ+၃ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးအား အောက်တိုဘာ ၂၀ ရက်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကကဏ္ဍ ပါဝင်ကူညီမည်

**ရန်ကုန် အောက်တိုဘာ ၁၇**

မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ဘက်စုံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုလျက် ရခိုင်ပြည်နယ်အတွင်းရှိ ပဋိပက္ခဒေသများနှင့် ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိသည့် ဒေသများ၏ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဦးဆောင်သော ညီနောင်အသင်းများအားလုံးနှင့် စီးပွားရေးလုပ်ငန်းရှင်များက အားသွန်ခွန်စိုက် ပါဝင်ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိကကဏ္ဍအနေဖြင့် နိုင်ငံတော်အစိုးရ၏ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine)တွင် သက်ဆိုင်ရာကျွမ်းကျင်သည့် ကဏ္ဍမှ အားဖြည့်ပါဝင်ကာ "ပြည်သူကပြည်သူကို စောင့်ရှောက်မျှဝေထောက်ပံ့ကူညီတဲ့ပုံစံနဲ့ ကူညီသွားမယ်"ဟု ပြောကြားသည်။

ကနဦးဆောင်ရွက်ချက်အနေဖြင့် နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီမံမှုဖြင့် ပုဂ္ဂလိကကဏ္ဍကိုယ်စားလှယ်များက ရခိုင်ပြည်နယ်သို့ မကြာမီကာလတွင် သွားရောက်ကာ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးလိုအပ်ချက်များအပြင် အထိရောက်ဆုံး ပြန်လည်ထူထောင်နိုင်မည့်နည်းလမ်းများနှင့် လုပ်ငန်းများကို ကွင်းဆင်းလေ့လာမည်ဖြစ်သည်။ လေ့လာတွေ့ရှိချက်များကိုအခြေခံ၍ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကျွမ်းကျင်မှုနှင့် အထောက်အပံ့များကို စုစည်းကာ လုပ်ငန်းစီမံချက်များ ချမှတ်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရည်ရွယ်ချက်အတွက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ကုန်သည်စက်မှုအသင်းချုပ် ဦးဆောင်သော ညီနောင်အသင်းများမှ ကိုယ်စားလှယ် လုပ်ငန်းရှင်များသည် အောက်တိုဘာ ၇ ရက်တွင် ကုန်သည်စက်မှုအသင်းချုပ်ရုံး၌ တွေ့ဆုံခဲ့ရာ ဦးစားပေးလုပ်ငန်းများအဖြစ် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရေးနှင့် ဆေးပေးခန်းနှင့် စာသင်ကျောင်းများ တည်ဆောက်ခြင်း စသည့်လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းခဲ့ကြသည်။

လက်ရှိတွင် ကုန်သည်စက်မှုအသင်းချုပ် ညီနောင်အသင်းများအပါအဝင် စီးပွားရေးလုပ်ငန်းရှင်များက နိုင်ငံတော်အစိုးရမှတစ်ဆင့် ငွေကြေးအထောက်အပံ့ ပံ့ပိုးကူညီခြင်းအပြင် ရခိုင်ပြည်နယ်သို့ သွားရောက်ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်များ ချမှတ်ဖော်ဆောင်ကြရန် ညီနောင်အသင်းများအားလုံးနှင့် စီးပွားရေးလုပ်ငန်းကဏ္ဍအသီးသီးရှိ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များကို ကုန်သည်စက်မှုအသင်းချုပ်က ဆော်ဩထားသည်။

အသင်းချုပ်နှင့် ညီနောင်အသင်းများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ညှိနှိုင်းဆွေးနွေးခဲ့သည့် တွေ့ဆုံပွဲ၌ ရခိုင်ပြည်နယ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ရေး၊ ဆန်စက်များတည်ထောင်နိုင်ရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သော အထောက်အကူပြုစက်ပစ္စည်းများ ထောက်ပံ့ရေး၊ စစ်တွေဆိပ်ကမ်းမြှင့်တင်ရေး၊ စာသင်ခန်းနှင့် ဆေးပေးခန်းများ တည်ဆောက်ရာတွင် လိုအပ်သော ပရိဘောဂပစ္စည်းများ ပံ့ပိုးရေး၊ ဆောက်လုပ်ရေးပစ္စည်းများ ပံ့ပိုးပေးခြင်းနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံအမျိုးသမီးများ၏ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုအား ဖေးမပေးရေးနှင့် ယုံကြည်ချက်မြင့်မားစေရေးအကူအညီများ ပေးအပ်နိုင်ရေးလုပ်ငန်းစီမံချက်များကို ပြင်ဆင်ဆောင်ရွက်သွားကြမည်ဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း အောက်တိုဘာ ၁၂ ရက် ပြည်သူသို့တင်ပြချက်တွင် "တည်ငြိမ်အေးချမ်းတိုးတက်ဖွံ့ဖြိုးတဲ့ ရခိုင်ပြည်နယ်ဖြစ်ပေါ်လာရေးအတွက် လက်တွေ့တိုးတက်မှုရလဒ်တွေနဲ့ပြသဖို့၊ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ ပူးပေါင်းပါဝင်ကြဖို့ အလေးအနက် မေတ္တာရပ်ခံပါတယ်" ဟု တိုက်တွန်းထားသည်။

အသင်းချုပ်၏ ယခင်ထောက်ပံ့မှုများအနေဖြင့် ငွေကျပ်သိန်း ၅၆၀ ကျော်တန်ဖိုးရှိ လူမှုအထောက်အကူပြုပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တစ်ဆင့် ဩဂုတ် ၃၀ ရက်တွင် လည်းကောင်း၊ စက်တင်ဘာ ၅ ရက်တွင် ထောက်ပံ့ငွေကျပ် သိန်း ၃၀၀ ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ထံမှတစ်ဆင့် လည်းကောင်း လှူဒါန်းခဲ့ပြီး စက်တင်ဘာ ၆ ရက်တွင် ရခိုင်ပြည်နယ်အစိုးရထံမှတစ်ဆင့် ငွေကျပ် ၅၂၈ သိန်းကျော် ကူညီပံ့ပိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ❍ တိုင်းရင်းသားမှ

**ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။**

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်း၏လိုငွေကို ဖြည့်ဆည်းရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေများရယူရေးကိစ္စနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြစ်မှုဆိုင်ရာကိစ္စရပ်များ၌ ဥပဒေပိုင်း အပြန်အလှန်အကူအညီပေးမှုဆိုင်ရာ ဘင်းမ်စတက်ကွန်ဗင်းရှင်းကို မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရှင်းလင်းတင်ပြသည်။**

**ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။**

ထို့နောက် အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် (ASEAN Comprehensive Investment Agreement-ACIA) ကို ပြင်ဆင်သည့် တတိယအခြေပြစာချုပ်၌ မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ACIA စာချုပ်အား တတိယအကြိမ် ပြင်ဆင်သည့်စာချုပ်ကို တတိယအခြေပြစာချုပ်အဖြစ် ချုပ်ဆိုရန်ဖြစ်ပါကြောင်း၊ အဆိုပါ တတိယအကြိမ်ပြင်ဆင်ချက်သည် ထိုင်းနိုင်ငံနှင့် ပိုမိုပတ်သက်သော အပိုင်းဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံ၏ Foreign Business Act B.E 2542(1999)အရ အဖွဲ့ဝင်နိုင်ငံများရှိ နိုင်ငံသားများမှ ပိုင်ဆိုင်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းမရှိသည့် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ ဥပဒေအရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် လူပုဂ္ဂိုလ်ဖြစ်သော အခြားအဖွဲ့ဝင်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူနှင့် ၎င်း၏ရင်းနှီးမြှုပ်နှံမှုများအပေါ် ဤသဘောတူစာချုပ်ပါ မည်သည့်အချက်ကမျှ သက်ရောက်ခြင်းမရှိစေရ၊ ဤပြဌာန်းချက်အား အာဆီယံရင်းနှီးမြှုပ်နှံမှု ဒေသဆိုင်ရာကောင်စီမှ နှစ်စဉ်ပြန်လည်သုံးသပ်ရမည်ဟု ဖော်ပြထားသည့် ထိုင်းနိုင်ငံနှင့်ပတ်သက်သည့်အချက်ကို ပယ်ဖျက်ရမည်ဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံတစ်ခုတွင် တည်ထောင်ထားသည့် ကုမ္ပဏီအနေဖြင့် အခြားအာဆီယံနိုင်ငံတစ်ခု၌ ရင်းနှီးမြှုပ်နှံမည်ဆိုပါက အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်အရ National Treatment နှင့် Most Favored National ကဲ့သို့ ခံစားခွင့်များရရှိမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို တတိယအကြိမ်ပြင်ဆင်သည့် တတိယအခြေပြစာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ငွေကြေးမူဝါဒ အကောင်အထည်ဖော် ဆောင်ရွက်ချက်အစီရင်ခံစာနှင့် ငွေရေးကြေးရေးစနစ် တည်ငြိမ်မှုအခြေအနေအစီရင်ခံစာများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

## ❒ အမျိုးသားလွှတ်တော်မှ

ထုတ်လုပ်မှုတိုးတက်ရေးအတွက် တောင်သူလယ်သမားများအား နည်းပညာသွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာတို့ကို လွယ်ကူအဆင်ပြေစွာ ပံ့ပိုးပေးနိုင်ရေး ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အောင်မြင်စွာ ကူးပြောင်းနိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများကို လယ်သမားများ အရစ်ကျဝယ်ယူရရှိနိုင်ရေးအတွက် သက်ဆိုင်ရာငွေကြေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက လယ်ယာသုံးစက်ကိရိယာကုမ္ပဏီများနှင့် ချိတ်ဆက်၍ စီမံခန့်ခွဲပေးလျက်ရှိပါကြောင်း။

မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ချိတ်ဆက်၍ ကျေးရွာအလိုက် ပံ့ပိုးငွေထုတ်ပေး၍ ကျေးလက်နေပြည်သူများ အကျိုးစီးပွား ဖွံ့ဖြိုးရေးအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိုးလေဝသဆိုင်ရာ၊ သဘာဝဘေးဆိုင်ရာ၊ ပိုးမွှားရောဂါနှင့် အခြားသတင်းအချက်အလက်များကို တောင်သူထံ အချိန်မီ နှိုးဆော်ထုတ်ပြန်ပေးလျက် ရှိပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ စိုက်ပျိုးရေးရာအဖြေရှာ အစီအစဉ်၊ လယ်ယာစီးပွားအစီအစဉ်၊ စိုက်ပျိုးရေးရာအဖြေလွှာကဏ္ဍအစီအစဉ်တို့ကို ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း။

လယ်ယာထွက်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသော ဈေးနှုန်းနှင့် ဈေးကွက်ရရှိရေးအတွက် တောင်သူများအား ကူညီဆောင်ရွက်ပေးရန် ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ ဒေသတွင်း ဆန်စပါး၊ ပဲ၊ နှမ်း၊ ကုန်သည်များနှင့်ပူးပေါင်း၍ ခိုင်မာသော ဈေးကွက်အာမခံရရှိရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ တောင်သူများ လုပ်ကွက်များ လက်လွှတ်ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ဥပဒေရေးရာအပိုင်းတွင် အကြံပေးခြင်းနှင့်အတူ လယ်ယာမြေဥပဒေများ သိရှိသဘောပေါက်အောင် ဆောင်ရွက်နိုင်ရေးအတွက် ပညာပေးချပြဆွေးနွေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိပါကြောင်း။

သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာမှုများအတွက် ကူညီထောက်ပံ့မှုများကို အတတ်နိုင်ဆုံး အထောက်အကူပြုပံ့ပိုးရန် ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်ကြောင့် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ၁၀ ခုတွင် သီးနှံ ၁၂ မျိုး ပျက်စီးခဲ့သဖြင့် ယင်းပျက်စီးဧကများ အစားထိုး ပြန်လည်စိုက်ပျိုးခြင်း၊ ရာသီချိန်နှင့် လိုက်လျောညီထွေသော သီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်းတို့အတွက် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေဖြင့် သီးနှံအလိုက်ပျက်စီးသည့် တောင်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း။

သီးနှံအာမခံစနစ် အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ စွန်ပိုဂျပန်အာမခံကုမ္ပဏီ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် မြန်မာ့အာမခံလုပ်ငန်းတို့ ပူးပေါင်း၍ ရာသီဥတုအပေါ် အခြေခံသည့် အာမခံစနစ်ဖြင့် စတင်ဆောင်ရွက်ရန် စီစဉ်ရေးဆွဲလျက် ရှိပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ဖွဲ့စည်းထားသည့် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့များ အနေဖြင့် ဥပဒေပါလုပ်ငန်းရပ်များကို တိုင်းဒေသကြီး၊ ပြည်နယ် တစ်ခုချင်းအလိုက် ပြည့်စုံအောင် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေးနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းကို လွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို အောက်တိုဘာ ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(အောင်ရဲသွင်)**

## ☆ ကုလသမဂ္ဂမှ

ဦးညီပု၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာတို့နှင့်အတူ ရဟတ်ယာဉ်များဖြင့် အစ္စလာမ်ဘာသာဝင်များနေထိုင်သည့် ရသေ့တောင်မြို့နယ် အနောက်ပြင်ကျေးရွာသို့ သွားရောက်ပြီး ကျေးရွာသူ ကျေးရွာသားများနှင့် လည်းကောင်း၊ ရခိုင်တိုင်းရင်းသားများ၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင်များ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လျက်ရှိသည့် မောင်တောမြို့နယ် ငါးခူရကျေးရွာသို့ သွားရောက်ပြီး ရခိုင်တိုင်းရင်းသားများ၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင်များနှင့် လည်းကောင်း၊ မောင်တောမြို့နယ် ရွှေရင်အေး(နတလ) ကျေးရွာသို့သွားရောက်ပြီး ဒေသခံကျေးရွာသူ ကျေးရွာသားများနှင့်လည်းကောင်း တွေ့ဆုံခဲ့သည်။

အနောက်ပြင်၊ ငါးခူရနှင့် ရွှေရင်အေး(နတလ) ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က ယခုလာရောက်သူသည် ကုလသမဂ္ဂမှဖြစ်ပါကြောင်း မိတ်ဆက်ပေးပြီး ဩဂုတ် ၂၅ ရက်ကဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့် မိမိတို့ကြုံတွေ့နေရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်းတင်ပြကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ကုလသမဂ္ဂနိုင်ငံရေးရာဌာနအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ်က ဩဂုတ် ၂၅ ရက်ကဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် မြန်မာကို ကမ္ဘာက အာရုံစိုက်လျက်ရှိပါကြောင်း၊ ထို့အတူ ရခိုင်ပြည်နယ်ကိုလည်း ကမ္ဘာက အထူးအာရုံစိုက်လျက်ရှိပါကြောင်း၊ ကမ္ဘာက အာရုံစိုက်မှုကို အခွင့်ကောင်းယူ၍ တိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ အကြမ်းဖက်တိုက်ခိုက်ခံရမှုများကြောင့် ဒေသခံများ မည်သို့ ခံစားနေရသည်၊ မည်သည့်အခက်အခဲများ ဖြစ်ပေါ်လျက်ရှိနေသည်ကို သိရှိနိုင်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က စေလွှတ်၍ ယခုလိုလာရောက်ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံခြင်းဖြစ်ပါကြောင်း။



**ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မောင်တောမြို့နယ် ငါးခူရကျေးရွာ၌ ရခိုင်တိုင်းရင်းသားများ၊ ဟိန္ဒူ အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံစဉ်။**

ထို့ကြောင့် ဩဂုတ် ၂၅ ရက်က အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့မှု၊ တွေ့ကြုံခံစားရမှု၊ လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲနှင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုကြောင်း ပြောကြားသည်။

အနောက်ပြင်ကျေးရွာသူ ကျေးရွာသားများက ပညာရေးအတွက် အခြေခံပညာစာသင်ကျောင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံလိုအပ်မှု၊ လုံခြုံစွာ ဆက်သွယ်သွားလာနိုင်ရေးအတွက် လိုအပ်မှု၊ လယ်ယာလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် လယ်ယာသုံးစက်ကိရိယာများလိုအပ်မှု၊ မော်တော်ယာဉ်လိုအပ်မှု၊ လမ်း၊ တံတားများလိုအပ်မှု၊ ပျက်စီးနေသည့်နေအိမ်ဆောက်လုပ်ပေးရန်လိုအပ်မှု၊ ရုပ်မြင်သံကြားစက်ပစ္စည်းများလိုအပ်မှု၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများလိုအပ်မှု၊ ပတ်ဝန်းကျင်ကျေးရွာများမှ တိုင်းရင်းသားများနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရန် စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်လိုအပ်မှုအခြေအနေများကို တင်ပြကြသည်။

အလားတူ ငါးခူရကျေးရွာနေ ရခိုင်တိုင်းရင်းသားများ၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင်များက မတူညီသည့်လူ့အဖွဲ့အစည်းများအကြား စိုးရိမ်စိတ်များဖြစ်ပေါ်နေမှု၊ လုံခြုံရေးလိုအပ်မှု၊ လူမှုစီးပွားတိုးတက်ရန်အတွက် အလုပ်အကိုင်များခက်ခဲနေမှု၊ နိုင်ငံသားစိစစ်ရေးကတ်ဆိုင်ရာလုပ်ငန်းဆောင်ရွက်ပေးရန် လိုအပ်နေမှုအခြေအနေများကို တင်ပြကြသည်။

ရွှေရင်အေး(နတလ) ကျေးရွာသူ ကျေးရွာသားများက ဩဂုတ် ၂၅ ရက်က အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရမှု၊ လုပ်ကိုင်စားသောက်ရန် ခက်ခဲနေမှု၊ ဒေသလုံခြုံရေးလိုအပ်မှုအခြေအနေများကို တင်ပြကြသည်။

ထို့နောက် အဆိုပါအဖွဲ့သည် ရွှေရင်အေး(နတလ) ကျေးရွာမှတစ်ဆင့် စစ်တွေမြို့သို့ရောက်ရှိပြီး စစ်တွေမြို့ပေါ်ရှိ အလိုတော်ပြည့်ကျောင်းတိုက်သို့ သွားရောက်၍ ပရဟိတလုပ်ငန်းများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဆရာတော် ဘဒ္ဒန္တ ပညာဇောတ အမှူးပြုသော ဆရာတော်များနှင့်တွေ့ဆုံကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို မေးမြန်းလျှောက်ထားပြီး ဒေသတည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ မတူညီသည့်လူ့အဖွဲ့အစည်းများအကြား ဖြစ်ပေါ်နေသည့် စိုးရိမ်စိတ်ပြေပျောက်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အကြံဉာဏ်များ မေးမြန်းလျှောက်ထားသည်။

ဆက်လက်၍ ကုလသမဂ္ဂနိုင်ငံရေးရာဌာနအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် သက္ကယ်ပြင်ကျေးရွာသို့ သွားရောက်၍ အစ္စလာမ်ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သည်။

ညနေပိုင်းတွင် ကုလသမဂ္ဂနိုင်ငံရေးရာဌာနအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စစ်တွေမြို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအပေါ် ထောက်ခံပွဲ မြစ်ကြီးနားမြို့တွင် ကျင်းပ




**မြစ်ကြီးနား အောက်တိုဘာ ၁၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအပေါ်ထောက်ခံကြောင်းနှင့် ARSA အစွန်းရောက်အကြမ်းဖက်သမားတို့၏ လုပ်ရပ်များကို ကန့်ကွက်ရှုတ်ချသည့်အခမ်းအနားအား အောက်တိုဘာ ၁၆ ရက် နံနက် ၈ နာရီတွင် မြစ်ကြီးနားမြို့ ဗိုလ်ချုပ်ရင်ပြင်၌ ကျင်းပခဲ့သည်။


ရှေးဦးစွာ ပန်းရဲ့လမ်းတေးဂီတအဖွဲ့နှင့် တက်ရောက်လာသော ပရိသတ်များက နိုင်ငံတော်သီချင်းအား သံပြိုင်သီဆို၍ အခမ်းအနားဖွင့်လှစ်ပြီး ဒေါ်အောင်ဆန်းစုကြည်ရေးသားသည့် မိခင်နှောင်ကြိုးဖြေပါအံ့ကဗျာကို ဥတ္တရလမင်းစာပေအဖွဲ့မှ စာရေးဆရာမမြို့ဆွေလင်းက ရွတ်ဆိုခဲ့သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ရပ်တည်ထောက်ခံကြောင်းနှင့် ARSA အစွန်းရောက်အကြမ်းဖက်သမားတို့၏လုပ်ရပ်များကို ကန့်ကွက်ရှုတ်ချကြောင်းကို ကချင်တိုင်းရင်းသားမျိုးနွယ်စုများကိုယ်စား ဦးလကုတ်ဇုန်းယိန်းနှင့်ရှမ်းတိုင်းရင်းသားမျိုးနွယ်စုများကိုယ်စား ဦးစိုင်းယီကျန်းတို့က ပြောသည်။

ထို့နောက် တိုင်းရင်းသားရိုးရာအကများဖြင့် ကပြဖျော်ဖြေပြီး တက်ရောက်လာသူပရိသတ်များမှ "သွေးချင်းညီအစ်ကိုများ"သီချင်းကို သံပြိုင်သီဆို၍ မွန်းတည့် ၁၂ နာရီတွင် အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**(နီတိုး)**

## ဒေါက်တာမြင့်ထွေး၏ Reflections of a Public Health Professional စာအုပ်ထုတ်ဝေဖြန့်ချိ




စာရေးသူ ဒေါက်တာမြင့်ထွေးရေးသားသည့် Reflections of a Public Health Professional (Volume one) စာအုပ်ကို ထုတ်ဝေဖြန့်ချိထားကြောင်း သိရှိရသည်။

အဆိုပါစာအုပ်မှာ ပြည်သူ့ကျန်းမာရေးနှင့် သုတေသနဆိုင်ရာ အကြောင်းအရာများကို စုစည်းတင်ပြထားသည့်စာအုပ်ဖြစ်ပြီး စာရေးသူ၏ ကျန်းမာရေးဝန်ကြီးဌာနတွင် ဝန်ထမ်းအဖြစ် လုပ်သက် ၁၈ နှစ် (၁၉၇၆ မှ ၁၉၉၄) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တွင် လုပ်သက် ၁၆ နှစ် (၁၉၉၄ မှ ၂၀၁၀) စုစုပေါင်းလုပ်သက် ၃၄ နှစ်အတွင်း ရရှိခဲ့သော အတွေ့အကြုံများနှင့် ယခင်က စာရေးသူရေးသားထုတ်ဝေခဲ့သော ဆောင်းပါးများကို စုစည်းဖော်ပြထားခြင်းဖြစ်ကြောင်း သိရသည်။

စာအုပ်ကို Myanmar Book Centre က ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။

**(ကြေးမုံ)**

## လက်နက်ရှစ်လက် ထပ်မံသိမ်းဆည်းရမိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ပြောကြား

**နေပြည်တော် အောက်တိုဘာ ၁၇**

နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ အောက်တိုဘာ ၁၅ ရက် ညပိုင်းက ဖြိုးကိုကိုတင့်ဆန်းပါ သုံးဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားနှင့် လက်နက်များကို သိမ်းဆည်းရမိပြီးနောက် ဆက်လက်ဖော်ထုတ်သိမ်းဆည်းရရှိမှုများနှင့်ပတ်သက်၍ ယနေ့ လွှတ်တော်အစည်းအဝေးများ ကျင်းပပြီးချိန်တွင် သတင်းထောက်များ၏ မေးမြန်းမှုကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပထမနေ့ကလည်း လက်နက်များ သိမ်းဆည်းရမိခဲ့ပါကြောင်း၊ ယနေ့တွင် လက်နက်ရှစ်လက် ထပ်မံသိမ်းဆည်းရမိပါကြောင်း၊ ယနေ့အထိ ပါဝင်ပတ်သက်သူ ၁၂ ဦး ဖမ်းဆီးထားပြီးဖြစ်ပါကြောင်း၊ ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်ပြီး လက်နက်များကိုလည်း ဆက်လက်ဖော်ထုတ် သိမ်းဆည်းလျက်ရှိပါကြောင်း၊ ကွင်းဆက်ပါဝင်ပတ်သက်သူများကိုလည်း ဆက်လက်ဖော်ထုတ်နေပါကြောင်း၊ ရရှိသည့်အချက်အလက်များကို သတင်းထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ကျန်ရှိနေသည့် လက်နက်များနှင့် ကွင်းဆက် ပါဝင်ပတ်သက်သူများကို ဆက်လက်ဖမ်းဆီးနိုင်ရေးသည် အရေးအကြီးဆုံးဖြစ်ပါကြောင်း၊ အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မှုအားလုံးကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြလျက်ရှိပါကြောင်း၊ တည်ဆဲဥပဒေအပေါ်တွင် ချိုးဖောက်သည့် လုပ်ငန်းစဉ်များအားလုံးကို ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

**(မျိုးသူဟိန်း)**

# (၇၃)ကြိမ်မြောက် အာဆီယံသိပ္ပံနှင့်နည်းပညာကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

(၇၃)ကြိမ်မြောက် အာဆီယံသိပ္ပံနှင့်နည်းပညာကော်မတီ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ အာဆီယံနိုင်ငံများမှ သိပ္ပံနှင့်နည်းပညာ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးရုံးမှ အဖွဲ့ဝင်များ တက်ရောက်ကြပြီး အာဆီယံအထိမ်းအမှတ်သီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့သည်မှာနှစ် (၂၀) တိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုနှုန်း ကွာဟချက်များ လျော့နည်းသွားစေရန်နှင့် သိပ္ပံနှင့်နည်းပညာနှင့် တီထွင်ဆန်းသစ်မှုအခန်းကဏ္ဍတွင် ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များ မြင့်မားစေရန် အတူတကွပူးပေါင်းလုပ်ဆောင်ရာတွင် အာဆီယံသိပ္ပံနှင့်နည်းပညာလှုပ်ရှားမှုများနှင့် အစည်းအဝေးများတွင် မြန်မာနိုင်ငံသည် တက်တက်ကြွကြွပူးပေါင်းပါဝင် လုပ်ဆောင်နေပြီဖြစ်ပါကြောင်း။




စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပညာရေးအဖွဲ့အစည်းများနှင့်သုတေသနဖွံ့ဖြိုးမှုလုပ်ငန်းများ မြင့်မားလာစေရန်အတွက် ပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့်ပညာကဏ္ဍတွင် အဖွဲ့အစည်းများ ခိုင်မာစေရန် ကြိုးပမ်းလုပ်ဆောင်ခြင်း၊ အခြေခံပညာရေးကဏ္ဍ၊ စက်မှုသက်မွေးပညာရေးကဏ္ဍ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်းများနှင့် ပညာရေးအရည်အသွေးမြင့်မားစေရန်၊ သိပ္ပံနှင့်နည်းပညာနှင့်ပတ်သက်သော အရည်အသွေးမြင့်မားသည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးရန်နှင့် နည်းပညာပိုင်းဆိုင်ရာ အရည်အသွေးမြင့်မားသော လူသားအရင်းအမြစ်များကို မွေးထုတ်ပေးရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါကြောင်း။

ထို့ပြင် သိပ္ပံနှင့်နည်းပညာကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် အမျိုးမျိုးသော သိပ္ပံနှင့်နည်းပညာကဏ္ဍတွင် မိတ်ဖက်အဖွဲ့အစည်းများ၊ အစိုးရနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်းမြင့်မားလာစေရန် ရည်ရွယ်ပါကြောင်း၊ (၁၆)ကြိမ်မြောက် အာဆီယံဝန်ကြီးများအစည်းအဝေးတွင် အာဆီယံသိပ္ပံနှင့်နည်းပညာဝန်ကြီးများမှ (SPASTI) ကိုချမှတ်ကျင့်သုံးခဲ့ပါကြောင်း။

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံ Siem Reap ၌ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင်ကျင်းပခဲ့သည့် IAMMST-9 အစည်းအဝေး၌ ဝန်ကြီးများက (APASTI) ၂၀၁၆-၂၀၂၅ အကောင်အထည်ဖော် လုပ်ဆောင်ခြင်းစီမံချက်ကို ချမှတ်ခဲ့ပါကြောင်း၊ ၂၀၁၆-၂၀၂၅ (APASTI) ရည်မှန်းချက်များပြည့်မီစေရန်နှင့် ၂၀၁၆-၂၀၂၅ (APASTI) ဆောင်ရွက်ရမည့် စီမံချက်များကိုက်ညီမှုရှိစေရန် အာဆီယံနိုင်ငံအချင်းချင်း STI ပူးပေါင်းဆောင်ရွက်မှုတိုးတက်လာစေရန် ရည်ရွယ်ပါကြောင်း။

၂၀၂၅ ခုနှစ်တွင် အာဆီယံနိုင်ငံများ၏ ရည်မှန်းချက်ဖြစ်သော ယှဉ်ပြိုင်မှု၊ ဆန်းသစ်တီထွင်မှု၊ အရှိန်အဟုန်မြင့်မားလာစေရန် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံနှင့် မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေရန် အတူလက်တွဲလုပ်ဆောင်လျက်ရှိပါကြောင်း၊ အစည်းအဝေးပြုလုပ်ခြင်းဖြင့် ရရှိလာသော ရလဒ်ကောင်းများကြောင့် သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးမှုတွင် တန်ဖိုးရှိသော၊ ခိုင်မာသောဆုံးဖြတ်ချက်များ၊ ပြီးပြည့်စုံသော ရလဒ်ကောင်းများကို ရရှိလာမည်ဟု လေးလေးနက်နက်ယုံကြည်မိပါ ကြောင်း ပြောကြားသည်။

ထို့နောက် လက်ရှိအာဆီယံသိပ္ပံနှင့်နည်းပညာကော်မတီဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံ Ministry of Industry and Handicraft မှ Under Secretary of State ဖြစ်သူ Dr. Tung Ciny က မိန့်ခွန်းပြောကြားသည်။

ယင်းနောက် အာဆီယံသိပ္ပံနှင့်နည်းပညာကော်မတီဥက္ကဋ္ဌ Dr. Tung Ciny က မြန်မာနိုင်ငံမှ အလှည့်ကျတာဝန်ယူရမည့် အာဆီယံသိပ္ပံနှင့်နည်းပညာကော်မတီဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းပေးအပ်ရာ ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်က လက်ခံပြီး မိန့်ခွန်းပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အာဆီယံနိုင်ငံများမှ သိပ္ပံနှင့်နည်းပညာ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးရုံးမှ အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် (၇၃) ကြိမ်မြောက် အာဆီယံသိပ္ပံနှင့်နည်းပညာကော်မတီအစည်းအဝေးကို ဆက်လက်ကျင်းပရာ အာဆီယံနိုင်ငံများမှ သိပ္ပံနှင့်နည်းပညာ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများက အာဆီယံနိုင်ငံများအကြား သိပ္ပံနှင့်နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် အာဆီယံ၏ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော အမေရိကန်၊ ရုရှား၊ အိန္ဒိယ၊ အီးယူအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အာဆီယံအနေဖြင့်ကိုယ်စားပြုဆွေးနွေးတင်ပြကြမည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

(၇၃)ကြိမ်မြောက် အာဆီယံသိပ္ပံနှင့်နည်းပညာကော်မတီအစည်းအဝေး၊ (၆)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေး ရန်ပုံငွေဆိုင်ရာ အုပ်ချုပ်မှုကောင်စီအစည်းအဝေး(GC-AISTDF)နှင့် (၁၂)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ သိပ္ပံနှင့်နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ ဆွေးနွေးပွဲ (AIWGST)ကို အောက်တိုဘာ ၁၈ ရက်တွင်လည်းကောင်း၊ (၈)ကြိမ်မြောက် အာဆီယံ-ရုရှား သိပ္ပံနှင့်နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ဆွေးနွေးပွဲ(ARWGST)၊ (၇)ကြိမ်မြောက် သိပ္ပံနှင့်နည်းပညာဆိုင်ရာ အာဆီယံ-အမေရိကန်ဆွေးနွေးပွဲ (AUSCST)နှင့် (၇)ကြိမ်မြောက် သိပ္ပံနှင့်နည်းပညာဆိုင်ရာ အာဆီယံ-အီးယူဆွေးနွေးပွဲ(AEUDST)ကို အောက်တိုဘာ ၁၉ ရက်တွင်လည်းကောင်း၊ (၁၇)ကြိမ်မြောက် အာဆီယံသိပ္ပံနှင့်နည်းပညာ ဝန်ကြီးအဆင့်အစည်းအဝေးကို အောက်တိုဘာ ၂၀ ရက်တွင်လည်းကောင်း မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်တွင်းရေးရာ

# (၁၇)ကြိမ်မြောက် အာဆီယံသိပ္ပံနှင့် နည်းပညာဝန်ကြီးအဆင့်အစည်းအဝေး၊ (၇၃)ကြိမ်မြောက် အာဆီယံသိပ္ပံနှင့် နည်းပညာကော်မတီအစည်းအဝေးများ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

(၁၇)ကြိမ်မြောက် အာဆီယံသိပ္ပံနှင့် နည်းပညာဝန်ကြီးအဆင့်အစည်းအဝေးနှင့် (၇၃)ကြိမ်မြောက် အာဆီယံသိပ္ပံနှင့် နည်းပညာကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောက်တိုဘာ ၁၂ ရက်မှ ၂၀ ရက်အထိ ကျင်းပလျက်ရှိရာ အစည်းအဝေးများ ကျင်းပသည့် ရက်သတ္တပတ်ကို အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုရက်သတ္တပတ် အထိမ်းအမှတ်အဖြစ် သတ်မှတ်ပြီး အောက်တိုဘာ ၁၈ ရက်မှ ၂၀ ရက်ထိ အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုပြပွဲကိုလည်းကောင်း၊ အောက်တိုဘာ ၁၉ ရက်မှ ၂၀ ရက်အထိ အာဆီယံသိပ္ပံ၊နည်းပညာနှင့် တီထွင်ဆန်းသစ်မှုညီလာခံကိုလည်းကောင်း၊ အောက်တိုဘာ ၁၉ ရက်တွင် အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ဆုချီးမြှင့်ပွဲကိုလည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




# မြန်မာနိုင်ငံနှင့် နိုင်ငံသူ နိုင်ငံသားအားလုံး ငြိမ်းချမ်းသာယာဝပြောစေရန် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးဆုတောင်းပွဲပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားအားလုံး ငြိမ်းချမ်းသာယာဝပြောစေရန်ရည်ရွယ်ပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးဆုတောင်းပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ အင်းလျားကန်ပေါင်၌ ကျင်းပရာ ဘာသာပေါင်းစုံမှ ပြည်သူထောင်ချီတက်ရောက်၍ ဆုတောင်းမေတ္တာပို့သကြသည်။




ယနေ့ညနေ ၆ နာရီတွင် ဘာသာပေါင်းစုံမှ ကိုယ်စားလှယ်များက ငြိမ်းချမ်းရေးဖယောင်းတိုင်ထွန်းညှိ၍ အဆိုပါအခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ထို့နောက် ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့၊ အစ္စလာမ်ဘာသာအဖွဲ့၊ ဟိန္ဒူဘာသာအဖွဲ့၊ မဟာယနဗုဒ္ဓဘာသာအဖွဲ့၊ ခရစ်ယန်ဘာသာအဖွဲ့တို့က ငြိမ်းချမ်းရေးအတွက် သက်ဆိုင်ရာဘာသာအလိုက် ဆုတောင်းမေတ္တာပို့သကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကျေးဇူးတင်စကား ပြောကြားရာတွင် "ကျွန်တော်တို့ရဲ့ အနာဂတ်ခရီးလမ်းဟာ ကျွန်တော်တို့ရဲ့ ညီညွတ်မှုခွန်အားတွေ၊ စိတ်ဓာတ်ခွန်အားတွေ၊ မေတ္တာတရားတွေ၊ သစ္စာတရားတွေကို ကိုင်စွဲသွားမယ်ဆိုရင် ကျွန်တော်တို့ မျှော်မှန်းထားတဲ့ ပြည်ထောင်စုပန်းတိုင်ကြီးကို ရောက်ရှိမှာဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးညီညီညွတ်ညွတ်နဲ့ ကြိုးပမ်းကြပါစို့။ ကျွန်တော်တို့ရင်ထဲက မေတ္တာတရားနဲ့ ပြည်ထောင်စုကြီး ငြိမ်းချမ်းမှုကို ထူထောင်ကြပါစို့"ဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး အဖွဲ့ဝင် ဦးဟံသာမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးမြင့်ငွေ၊ ဆုတောင်းပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းမြင့်၊ ဘာသာပေါင်းစုံမှ ကိုယ်စားလှယ်တော်ကြီးများက ငြိမ်းချမ်းရေးအတွက် ဆုတောင်းမေတ္တာပို့သကြသည်။

အဆိုပါ ငြိမ်းချမ်းရေးဆုတောင်းပွဲနှင့် ပတ်သက်၍ ဆုတောင်းပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းမြင့်က "ဒီပွဲမှာဆိုရင် ထေရဝါဒဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊ မဟာယနဗုဒ္ဓဘာသာနဲ့ ခရစ်ယန်ဘာသာဝင်တွေ ပါဝင်ပါတယ်။ ဘာသာပေါင်းစုံအနေနဲ့ ဘာသာကြီးလေးခုကိုအခြေခံပြီး ကျင်းပတာဖြစ်ပါတယ်။ ဆုတောင်းပွဲမှာ ဘာသာပေါင်းစုံအနေနဲ့ သက်ဆိုင်ရာဘာသာအလိုက် အဆုံးအမတွေနဲ့အညီ နိုင်ငံသူ နိုင်ငံသားတွေ အေးချမ်းသာယာဝပြောစေဖို့အတွက် ဆုတောင်းကြတာပါ။ ဒီလိုဆုတောင်းပေးခြင်းအားဖြင့် ဘာသာပေါင်းစုံ ပြည်သူတွေ အချင်းချင်း ပိုပြီးတော့ မေတ္တာထားလာနိုင်လိမ့်မယ်။ တစ်ဦးနဲ့တစ်ဦး ဖေးမကူညီလာနိုင်ပြီး နိုင်ငံတော်ကြီးလည်း အေးချမ်းလာမှာဖြစ်တယ်။ ဒီပွဲကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံရဲ့ ပြည်သူတွေအနေနဲ့ ငြိမ်းချမ်းရေးလိုလားမှုကို သိရှိနိုင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဘာသာပေါင်းစုံ စည်းစည်းလုံးလုံးနဲ့ အတူတကွ ယှဉ်တွဲနေထိုင်နေတယ်ဆိုတာကို ကမ္ဘာ့နိုင်ငံအသီးသီးအနေနဲ့လည်း သိရှိသွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

အလားတူ အဆိုပါဆုတောင်းပွဲတွင် ပါဝင်သူ သယ်န်းကျွန်းမြို့နယ်မှ အစ္စလာမ်ဘာသာဝင် မသဉ္ဇာခင်မျိုးဝင်းက "ကျွန်မကတော့ အစ္စလာမ်ဘာသာဝင်လူငယ်များအဖွဲ့ဆုတောင်းတဲ့အထဲမှာ ပါဝင်ပါတယ်။ ဒီဆုတောင်းပွဲမှာ ဘာသာပေါင်းစုံ လူငယ်တွေပါတယ်။ တကယ်မင်္ဂလာရှိပါတယ်။ တစ်ဦးနဲ့တစ်ဦး ရင်တွင်းကဆုတောင်းမှုတွေကို ကြားရတဲ့အခါမှာ မေတ္တာတွေ ပိုပြီးပွားနိုင်တယ်။ တစ်ဦးနဲ့တစ်ဦးကြားမှာ စည်းလုံးမှုတွေရှိပြီး ယုံကြည်မှုတွေ ပိုရလာနိုင်ပါတယ်။ ဒီလိုပွဲတွေလုပ်ခြင်းအားဖြင့် ငြိမ်းချမ်းရေးအတွက် လိုလားမှုကို ပြသရာရောက်ပါတယ်။ ဘာသာပေါင်းစုံရဲ့ ငြိမ်းချမ်းရေးလိုလားမှုကိုလည်း သိရှိနိုင်မှာဖြစ်ပါတယ်"ဟု ပြောသည်။

"ကျွန်မတို့နိုင်ငံမှာ ငြိမ်းချမ်းရေးက အင်မတန်အရေးကြီးပါတယ်။ ငြိမ်းချမ်းရေးအတွက် ဆုတောင်းပွဲတွေဟာ နေရာအနှံ့အပြားမှာ လုပ်သင့်ပါတယ်။ နိုင်ငံတကာအနေနဲ့လည်း ကျွန်မတို့ပြည်သူတွေအနေနဲ့ ငြိမ်းချမ်းရေးကို ဘယ်လောက်အထိ လိုလားနေတယ်ဆိုတာကို သိရှိနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတကာအနေနဲ့ ကျွန်မတို့နိုင်ငံကို မငြိမ်းချမ်းဘူးလို့ မြင်နေတာရှိတယ်။ အခုလိုလုပ်ပေးခြင်းအားဖြင့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လျှောက်လှမ်းနေတဲ့ ငြိမ်းချမ်းရေးလမ်းစဉ်နဲ့ ပြည်သူတွေလိုလားမှုကို ကမ္ဘာ့နိုင်ငံအသီးသီးက သိရှိသွားမှာဖြစ်ပါတယ်" ဟု အဆိုပါဆုတောင်းပွဲတွင် ပါဝင်သူ စမ်းချောင်းမြို့နယ်မှ ဒေါ်သန္တာက ပြောသည်။

ငြိမ်းချမ်းရေးဆုတောင်းပွဲတွင် ငြိမ်းချမ်းရေးဖယောင်းတိုင်များကို ထွန်းညှိ ကိုင်ဆောင်ကာ ငြိမ်းချမ်းရေးအတွက် သံပြိုင်ဆုတောင်းမေတ္တာပို့သကြသည်။

ယနေ့ကဲ့သို့ ငြိမ်းချမ်းရေးဆုတောင်းပွဲများကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အောက်တိုဘာ ၁၀ ရက်ကလည်း အောင်ဆန်းအားကစားကွင်း၌ ကျင်းပခဲ့ရာ ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များနှင့် ပြည်သူသုံးသောင်းခန့် တက်ရောက်ဆုတောင်းမေတ္တာပို့သခဲ့ကြသည့်အပြင် ယင်းကဲ့သို့ ဆုတောင်းပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့ကြီးများတွင်လည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

# သစ်တောဦးစီးဌာန စီမံကိန်းလုပ်ငန်းများ လမ်းညွှန်ကြီးကြပ်မှုကော်မတီ(၂/၂၀၁၇) အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန စီမံကိန်းလုပ်ငန်းများ လမ်းညွှန်ကြီးကြပ်မှုကော်မတီ (Project Monitoring Committee) (၂/၂၀၁၇)အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့ပြီး ညွှန်ကြားရေးမှူးများ၊ စီမံကိန်းတာဝန်ခံများ၊ သစ်တောဦးစီးဌာနနှင့် လုပ်ငန်းစီမံကိန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် NGOs၊ INGOs တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တက်ရောက်လာသူများက လုပ်ငန်းအကောင်အထည်ဖော်မှုများအပေါ် ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရေး လုပ်ငန်းစီမံကိန်းအလိုက် အားနည်းချက်၊ အားသာချက်များအား ဝိုင်းဝန်းအကြံပြုဆွေးနွေးခြင်းများ ပြုလုပ်ကြသည်။



ယခုအစည်းအဝေးတွင် သစ်တောဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများ အထူးသဖြင့် စီမံကိန်းလုပ်ငန်းများကို တိုက်ရိုက်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် NGOs၊ INGOs များနှင့် တာဝန်ရှိသူများအား ဖိတ်ကြားခဲ့ပြီး သစ်တောဦးစီးဌာနနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်မှုအပေါ် ပြန်လည်သုံးသပ်၍ စီမံကိန်းလုပ်ငန်းများ၏ မူလရည်ရွယ်ချက်များ အောင်မြင်စွာဆောင်ရွက်နိုင်ရေး၊ စီမံကိန်းကို ပိုမိုအဆင်ပြေချောမွေ့အောင် အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ငွေကျပ် ၂၃၆ သိန်းခိုးယူသည့်အမှုအား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က အချိန်တိုအတွင်းဖော်ထုတ်ဖမ်းဆီး

**ရန်ကုန် အောက်တိုဘာ ၁၇**



အောက်တိုဘာ ၅ ရက် နံနက် ၅ နာရီခန့်တွင် ခရမ်းမြို့နယ် ရေကျော်ကံကောင်းကျေးရွာနေ ဦး-----သည် ပေါက်ပန်းဖြူကျေးရွာနေ ညီမဖြစ်သူ၏ နေအိမ်တွင် အိမ်တက်ဆွမ်းကျွေးရှိသဖြင့် မိသားစုနှင့်အတူ သွားရောက်ခဲ့ပြီး အောက်တိုဘာ ၈ ရက် မွန်းတည့် ၁၂ နာရီခန့် နေအိမ်သို့ ပြန်ရောက်ရှိစဉ် နေအိမ်တံခါးသော့ပွင့်နေပြီး ဘုရားစင်အနီးရှိ ဗီရိုအားစစ်ဆေးရာ ဗီရိုအတွင်းထားရှိသော စုစုပေါင်းငွေကျပ် ၂၃၆ သိန်းမှာ ပျောက်ဆုံးနေကြောင်းတွေ့ရှိရသဖြင့် အောက်တိုဘာ ၁၁ ရက်တွင် ခရမ်းမြို့မရဲစခန်းသို့ လာရောက်တိုင်တန်းချက်အရ ခရမ်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။

အမှုမှန်ဖော်ထုတ်ရန် တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းဖော်ထုတ်ရေးတပ်ဖွဲ့ဝင်များက စုံစမ်းခဲ့ရာ ခရမ်းမြို့နယ် ရေကျော်ကျေးရွာနေ ဝင်းထွန်း(ခ)ဖိုးဖြူဆိုသူသည် အလုပ်အကိုင်အတည်တကျမရှိဘဲ ငွေကြေးသုံးစွဲမှုများ ယခင်ကထက် ပိုမိုသုံးစွဲလျက်ရှိကြောင်း သတင်းရရှိ၍ ၎င်းအား ခရမ်းမြို့မရဲစခန်းသို့ ခေါ်ယူစစ်ဆေးခဲ့သည်။

၎င်းအားစစ်ဆေးရာ အောက်တိုဘာ ၅ ရက်က သူငယ်ချင်းဖြစ်သူ ဇော်လင်းနှင့်အတူ ဦး-------သည် ခရီးသွားနေကြောင်းသိရ၍ အဆိုပါနေအိမ်သို့ဝင်ရောက်ပြီး နေအိမ်အတွင်းရှိ ဗီရိုထဲမှ စုစုပေါင်းငွေကျပ် ၂၃၆ သိန်းခန့်ရှိ ငွေများထည့်ထားသောအိတ်များအား ယူဆောင်ခဲ့ပြီးနောက် ၎င်းနှင့် ဇော်လင်းတို့ခွဲဝေယူခဲ့ကြကြောင်း၊ ၎င်းမှခိုးယူရရှိသည့်ငွေဖြင့် Lucky အမျိုးအစားအပြာရောင် ဆိုင်ကယ်တစ်စီးအား ဝယ်ယူခြင်း၊ ပေါင်နှံထားသည့် ရွှေထည်ပစ္စည်းများအား ရွေးယူခြင်း၊ ကိုယ်ရေးကိုယ်တာ သုံးစွဲခြင်းများအား အသုံးပြုခဲ့ပြီး ကျန်ရှိသည့်ငွေများကို နွားတင်းကုပ်ထဲ၌ တွင်းတူး၍ မြှုပ်နှံထားကြောင်း ပေါ်ပေါက်ခဲ့သည်။

ပြစ်မှုကျူးလွန်ရာတွင်အတူပါဝင်သူ ခရမ်းမြို့နယ် ရေကျော်ကျေးရွာနေ ဇော်လင်းအား ဖမ်းဆီးရမိရေးအတွက် စုံစမ်းခဲ့ရာ ဇော်လင်းသည် အခင်းဖြစ်သည့်နေ့မှစ၍ ထွက်ပြေးတိမ်းရှောင်သွားကြောင်း၊ ၎င်း၏ ဖခင်အား ခေါ်ယူစစ်ဆေးရာ ဇော်လင်းမှ ပိုက်ဆံများထည့်ထားသော အထုပ်တစ်ထုပ်အား မီးဖိုချောင်တွင် ကျင်းတူး၍မြှုပ်နှံထားကြောင်း၊ အဆိုပါငွေများဖြင့် ဆွဲကြိုးတစ်ကုံး၊ လက်စွပ်တစ်ကွင်း၊ Oppo အမျိုးအစားဖုန်းတစ်လုံး၊ Wave အမျိုးအစားဖုန်းတစ်လုံးနှင့် ဆိုင်ကယ်တစ်စီးတို့အား ဝယ်ယူခဲ့ကြောင်းနှင့် ဆိုင်ကယ်မှာ ဇော်လင်းနှင့်အတူပါသွားခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

ယင်းသို့ပေါ်ပေါက်ချက်အရ ဝင်းထွန်း(ခ)ဖိုးဖြူနှင့် ဇော်လင်းတို့အား ခရမ်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်၍ ခိုးယူခံရသည့်ငွေများနှင့် အဆိုပါငွေများဖြင့် ဝယ်ယူထားသည့် ပစ္စည်းများအား သိမ်းဆည်းရမိခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် ဇော်လင်းအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၁၄)နှစ်အရွယ် မိန်းကလေးတစ်ဦး အသိစိတ်ပျောက်ပြီး မြဝတီမြို့သို့ ရောက်ရှိလာ

**မြဝတီ အောက်တိုဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အုတ်ဖိုကျေးရွာအုပ်စု ဆုံရှည်ကုန်းကျေးရွာနေ အသက်(၁၄)နှစ်အရွယ် မိန်းကလေးတစ်ဦးသည် အောက်တိုဘာ ၁၃ ရက်က ရွှေပြည်သာစက်မှုဇုန်ရှိ စက်ချုပ်ရုံသို့ အလုပ်သွားရန် ၃၉ လိုင်းကားစီးစဉ် ကားပေါ်ပါ အမျိုးသမီးတစ်ဦးက လက်ကိုတို့ပြီး အချိုရည်တိုက်၍ သောက်မိရာမှ အသိစိတ်ကင်းလွတ်ကာ မြဝတီမြို့သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မိန်းကလေးအား အောက်တိုဘာ ၁၄ ရက် ည ၇ နာရီခန့်က မြဝတီမြို့ ရွှေမြင်းဝန်ဘုရားကြီးအနီးတွင် အဘွားတစ်ဦးက မေးမြန်းနေသည်ကို ဆိုင်ကယ်ကယ်ရီမောင်းသူတစ်ဦးက တွေ့ရှိပြီး ဝင်ရောက်မေးမြန်းရာ မသိဘူးဟုသာ ဖြေကြားပြီး ဘာမှမေးမြန်းမရသည့်အတွက် ဆိုင်ကယ်ကယ်ရီမောင်းသူက အမှတ်(၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်အပ်နှံခဲ့ခြင်းဖြစ်သည်။

"သူ့ကို ကျွန်တော် ည ၇ နာရီလောက်မှာ တွေ့တယ်။ ကျွန်တော်လည်း ဂိတ်ပြန်ထိုးတဲ့အချိန်၊ အဘွားတစ်ဦးက သူ့ကိုမေးနေတာ။ သူက လမ်းလျှောက်လာတယ်။ ပြီးတော့ ထိုင်ပြီး အဲနေရာမှာ အိပ်နေတာတဲ့ အဘွားကပြောတယ်။ ကျွန်တော်လည်း ဝိုင်းကူမေးတာ မသိဘူးပဲပြောတယ်။ ဘယ်လိုမှ မေးမရဘူး။ ကျွန်တော်လည်း အဘွားကို ပြောပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး သွားအပ်လိုက်မယ်ဆိုပြီး လာအပ်ခဲ့တာပါ"ဟု ကယ်ရီမောင်းသူ ကိုဝင်းနိုင်က ပြောသည်။

အမှတ်(၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများ၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မမကြီးတို့က မေးမြန်းသော်လည်း မေးမြန်းမရဘဲ ဆက်လက်အိပ်နေခဲ့သည့်အတွက် ဓာတ်ပုံရိုက်ကာ ဖေ့စ်ဘွတ်ပေါ်တင်ပြီး အသိပေးခဲ့သည့်အတွက် ဆွေမျိုးတော်စပ်သူတစ်ဦးမှ တွေ့ရှိပြီး အောက်တိုဘာ ၁၅ ရက်တွင် အဆက်အသွယ် ရရှိခဲ့သည်။

၎င်းမိန်းကလေးသည် အောက်တိုဘာ ၁၅ ရက်တွင်မှ အသိစိတ်ပြန်လည်ရရှိ၍ မိမိတွင်ဝတ်ဆင်ထားသည့် လက်စွပ်မရှိတော့သည်ကို သိရှိပြီး အချိုရည်သောက်မိသည်အထိသာ မှတ်မိကာ နောက်ပိုင်း မြဝတီမြို့သို့ ဘယ်လိုရောက်ရှိလာသည်ကို ဘာမှမမှတ်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့နံနက် ၈ နာရီတွင် အမှတ်(၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ တာဝန်ရှိသူများက ဖခင်ဖြစ်သူထံ ပြန်လည်လွှဲပြောင်းအပ်နှံခဲ့သည်။ "အခု ကလေးမက တို့ဆေးမိတဲ့သဘောပါ။ အရင်သူ့လက်ကို ကိုင်ပီးတော့ အချိုရည်လေးသောက်လိုက်ပါလို့ ပြောလိုက်တာပါ။ ကလေးမလေး အသိပြန်ဝင်လာတော့ အန်တီတို့ကို ပြန်ပြောပြတာပါ။ သူ့ကိုထိလိုက်တဲ့နေရာမှာလည်း ဆေးပါလာနိုင်သလို တိုက်လိုက်တဲ့ အချိုရည်မှာလည်း ဆေးပါတာ။ အချိုရည်ကတော့ ကျိန်းသေပါတယ်။ ဆေးက တစ်ရက်ခံလား၊ နှစ်ရက်ခံလား အဲလိုမျိုးလည်းရှိတယ်။ သူကတော့ ၁၅ ရက်မှာ ပြန်သတိရတယ်ဆိုတော့ ၁၃ နဲ့ ၁၄ ရက် ၂ ရက်ပါ။ အဲဒီတော့ မိန်းကလေးတွေအနေနဲ့ သတိထားစေချင်ပါတယ်။ မသိတဲ့လူတွေ ကျွေးတာ၊ တိုက်တာတွေ မစားတာ အကောင်းဆုံးပါပဲ။ ဘာပဲဖြစ်ဖြစ် အခုလိုအန္တရာယ်ကင်းကင်းနဲ့ မိသားစုနဲ့ ပြန်လည်ဆုံတွေ့တဲ့အတွက် အများကြီးဝမ်းသာမိပါတယ်"ဟု ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မမကြီးက ပြောသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# အမှတ်(၃၂) အစုန်မီးရထား ဘီးချော်ကျမှုကြောင့် မီးရထားအစုန်လမ်းအား ခေတ္တပိတ်ထားရ

**ပိန်းဇလုပ် အောက်တိုဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့အနီးတွင် ယနေ့မွန်းလွဲ ၁ နာရီက အမှတ်(၃၂) အစုန်ရထားတစ်စင်း ဘီးချော်ကျခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးမီးရထားလမ်း ကြေးနန်းမိုင်တိုင်အမှတ်(၁၀၁/၂၄) နှင့် (၁၀၃/၂၅) အကြားတွင် နေပြည်တော်မှ ရန်ကုန်သို့ စက်ခေါင်းမောင်းဦးမျိုးထိုက်ဦး(၄၅)နှစ် တောင်ငူမီးရထားဝင်းနှင့် အကူစက်ခေါင်းမောင်းရထားတွဲထိန်းတို့ မောင်းနှင်လာသော အမှတ်(၃၂)အစုန် စက်ခေါင်းအမှတ် DF-2090 စက်ခေါင်းပါ လူစီးတွဲ ၁၇ တွဲတွင် လူစီးတွဲအမှတ်(၃)ရှိ ဘီး (၁/၂) သည် သံလမ်း၏အပြင်ဘက် ဘီးအမှတ်(၇/၈)သံလမ်း၏ အတွင်းဘက်သို့ ဘီးချော်ကျသွားခဲ့ပြီး ဘီးချော်ကျမှုကြောင့် မီးရထားအစုန်လမ်းအား ခေတ္တပိတ်ထားခဲ့ရကာ ပဲခူးယ်ကုန်းဘူတာမှ အငယ်တန်းအင်ဂျင်နီယာ(၁) ဦးဆောင်သော အဖွဲ့က မီးရထားတွဲအား မတင်လျှက်ရှိကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**



# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄၀ စီး၊ သွင်းကုန် ၅၀၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၂၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သောကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၁၉၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၉၅၀ သန်းခန့်) စုစုပေါင်း တားဆီးမှုငါးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁ ဒသမ ၁၄၀ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် အောက်တိုဘာ ၁၆ ရက်တွင် မန္တလေးသို့သွားရောက်မည့် Canter ခြောက်ဘီးယာဉ်နှစ်စီးအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း ၁၄ မျိုးနှင့် ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် Dali Beer (1×24) (630) Pkgs စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၁၉၀ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# သန်လျင်ဆေးရုံ မီးလောင်မှုဖြစ်ပွား

**သန်လျင် အောက်တိုဘာ ၁၇**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့အထွေထွေရောဂါကုဆေးရုံကြီး အရေးပေါ်ဆေးကုသဆောင်အတွင်းရှိ မိန်းဘုတ်ခုံ ဝိုင်ယာရှော့ဖြစ်ပြီး ယနေ့မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ သန်လျင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးရဲမင်းထွတ်နှင့် တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီမီးသတ်တပ်ဖွဲ့နှင့် ဝန်ထမ်းများ၊ ပြည်သူများက မီးသတ်ယာဉ်ရှစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ က မီးငြိမ်းသွားခဲ့သည်။ အဆိုပါမီးလောင်မှုကြောင့် ငွေကျပ်ငါးသိန်းငါးသောင်းခန့် ဆုံးရှုံးသွားခဲ့ပြီး သန်လျင်မြို့မ ရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ဆေးရုံသစ်ကြီးမှာ မေ ၃၀ ရက်က ဖွင့်လှစ်ခဲ့သော အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# ရန်ကုန်မြို့ မြေနီကုန်းတွင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မြေနီကုန်း(မြောက်)ရပ်ကွက်မြေနီကုန်းဈေးလမ်းတွင် ယနေ့နံနက် ၆ နာရီခန့်က မီးလောင်မှုဖြစ်ပွားရာ သိန်းပေါင်းခြောက်ဆယ်ခန့်ဆုံးရှုံးခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ ဦးအောင်မော်ပိုင်ဆိုင်သော RCနှစ်ထပ်တိုက်၏သစ်သားလှေကားအနီးတွင်ထားရှိသော မီးအားမြင့်စက်အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ပြီး RC နှစ်ထပ်တိုက်နှင့် အတွင်းပစ္စည်းများ လောင်ကျွမ်းခဲ့ကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုကို မီးသတ်တပ်ဖွဲ့မှ Level 2 သတ်မှတ်ထားပြီး အလုံ၊ ကြည့်မြင်တိုင်၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ကျောက်တံတား၊ အင်းစိန်၊ မရမ်းကုန်း၊ ဘုရင့်နောင်၊ လသာ၊ လှိုင် အစရှိသည့်မြို့နယ်များမှ စုစုပေါင်း မီးငြိမ်းသတ်ယာဉ် ၂၂ စီး၊ ကွပ်ကဲမှုယာဉ်ငါးစီးအသုံးပြု၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၅၀ ဦး အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦးနှင့် ပြည်သူများက မီးသတ်ဆေးဘူးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ပိုင်ရှင်အား စမ်းချောင်းမြို့မရဲစခန်းက (ပ) ၄၃၈/၂၀၁၇/ပုဒ်မ ၂၈၅ ဖြင့် အရေးယူထားကြောင်း သိရသည်။ **(ဇာနည်မောင်)**

# ကားလမ်းဘေးတွင် ထောင်ထားသော မိုင်းတစ်လုံးပေါက်ကွဲ

**ကာမိုင်း အောက်တိုဘာ ၁၇**

မိုးညှင်းခရိုင် ကာမိုင်းမြို့နယ် မိုးကောင်း-ဖားကန့်သွား အဝေးပြေး ကတ္တရာလမ်းမပေါ်တွင် ထောင်ထားသော မိုင်းပေါက်ကွဲမှုကြောင့် ခရီးသည်တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကာမိုင်းနယ်မြေရဲစခန်းမှ သိရသည်။

ယနေ့နံနက် ၈ နာရီခန့်တွင် ယာဉ်မောင်းအေးမင်းထွန်း မောင်းနှင်လာသော ပရိုဘောက်ကားနှင့် ၎င်း၏အနောက်မှ ဦးဖကော်ဖော်မြင့် မောင်းနှင်လာသော ၁၂၅ ဆိုင်ကယ်ကြားတွင် မိုင်းပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

"ကာမိုင်းမြို့အထွက်က ကားလမ်းဘေးမှာ ထောင်ထားတာပါ။ ဆိုင်ကယ်မောင်းလာတဲ့ လူကတော့ ဝဲဘက်ဒူးခေါင်းမိုင်းစထိမှန် ဒဏ်ရာနှစ်ချက်ရရှိထားပြီး အခုမြစ်ကြီးနားဆေးရုံကြီးကို ခေါ်သွားပါပြီ"ဟု ကာမိုင်းစခန်းမှူးက ပြောသည်။

ကာမိုင်းမြို့အထွက် မိုင်တိုင်(၂၂/၅)အနီးတွင် မိုင်းပေါက်ကွဲမှုဖြစ်ပြီး အဆိုပါ မိုင်းထိလူနာ ဦးဖကော်ဖော်မြင့်(၆၂)နှစ်သည် မန်ဒင်ကျေးရွာမှဖြစ်သည်။ အဆိုပါ မိုင်းပေါက်ကွဲမှုကြောင့် ပရိုဘောက်ယာဉ် AD/----သည် ယာဉ် အနောက်ဖုံးမှန် မိုင်းစထိမှန်ခဲ့သော်လည်း ကားပေါ်မှ ခရီးသည်များ ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။ **(EPN)**

# လူကာကူ၏ ရည်ရွယ်အနင်းခံခဲ့ရဟု လော့ဗ်ရန် စွပ်စွဲ



လီဗာပူးနှင့် မန်ယူတို့ ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်အတွင်း မိမိမှာ မန်ယူတိုက်စစ်မှူး လူကာကူ၏ ရည်ရွယ်ချက်ရှိရှိဖြင့် မျက်နှာကိုအနင်းခံခဲ့ရခြင်းဖြစ်သည်ဟု လီဗာပူးနောက်ခံလူ လော့ဗ်ရန်က စွပ်စွဲပြောကြားလိုက်သည်။ ပွဲကစားချိန် ပထမပိုင်းအတွင်း လူကာကူနှင့် လော့ဗ်ရန်တို့ နှစ်ဦးဘောလုံးယှဉ်လုပြီးနောက် လော့ဗ်ရန်က မျက်နှာကိုအုပ်ပြီး ကွင်းအတွင်း လှဲမှိနေခဲ့သည်။ ဗီဒီယိုဖိုင်များတွင်လည်း လူကာကူမှာ လော့ဗ်ရန်၏မျက်နှာကို ခြေဖြင့်နင်းသည့် သဏ္ဌာန်ရှိသော်လည်း ဖြစ်စဉ်မှာ ထင်ထင်ရှားရှားမရှိခဲ့သည့်အတွက် လူကာကူအနေဖြင့် အက်ဖ်အေ၏ နောက်ကြောင်းပြန် ပြစ်ဒဏ်တစ်စုံတစ်ရာချမှတ်ခံရဖွယ်ရှိမည် မဟုတ်ပေ။

လော့ဗ်ရန်က "ကျွန်တော်က ဘောလုံး ဖျက်ထုတ်တယ်။ သူက ကျွန်တော့်အပေါ်က ကျော်သွားခဲ့တယ်လို့ ခံစားရတယ်။ ပြီးတော့ သူကအဝေးကို ထွက်သွားခဲ့တယ်။ ရိုးရိုးသားသားအမြင်နဲ့ပြောရရင် သူရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်သွားတယ်လို့ မြင်ပါတယ်"ဟု ဆိုခဲ့သည်။

လူမှုကွန်ရက်များတွင်လည်း လူကာကူ၏ လုပ်ရပ်အတွက် ပွဲပယ်ပြစ်ဒဏ် ကျခံသင့်ကြောင်း တောင်းဆိုမှုများရှိနေပြီး လော့ဗ်ရန်ကမူ "ဒါက ကျွန်တော် ဆုံးဖြတ်လို့ရတဲ့ ကိစ္စရပ်မဟုတ်ပါဘူး။ ဒီအတွက် စိတ်ပျက်တယ်လို့ ကျွန်တော်မပြောနိုင်ပေမယ့် ကျွန်တော်တို့ အရွေ့တစ်ခုရဖို့တော့ လိုအပ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ယင်းကိစ္စရပ်အတွက် ပြိုင်ပွဲယှဉ်ပြိုင်နေစဉ်အတွင်း ဒိုင်ဖြစ်သူက ပြစ်ဒဏ် တစ်စုံတစ်ရာချမှတ်ခဲ့ခြင်းမရှိသလို အက်ဖ်အေ(အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်)ကလည်း နောက်ကြောင်းပြန်အရေးယူမှုမျိုး ဖြစ်လာနိုင်မည့်အနေအထားမျိုး မတွေ့ရပေ။ အိမ်ကွင်းတွင် ယှဉ်ပြိုင်ခဲ့ရသည့် လီဗာပူးမှာ မန်ယူအသင်းထက် ခြေစွမ်းပိုင်းသိသိသာသာ သာလွန်ခဲ့ပြီး ဂိုးကန်သွင်းမှု ၁၉ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့သော်လည်း မန်ယူအသင်း၏ ခံစစ်အားပြုကစားဟန်ကြောင့် ဂိုးမရှိ သရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

## အားကစားသတင်းတိုများ

❖ ဝက်စ်ဘရွန်းဂိုးသမား ဘန်ဖော်စတာမှာ သူ၏သားဖြစ်သူနှင့် ပန်းခြံတွင် ဘောလုံးလေ့ကျင့်နေစဉ်အတွင်း ဒူးဒဏ်ရာရရှိခဲ့သဖြင့် လက်စတာနှင့် တစ်ဂိုးစီ သရေကျသည့်ပွဲစဉ်တွင် ပါဝင်နိုင်မှုမရှိခဲ့ခြင်းဖြစ်ကြောင်း နည်းပြ တိုနီပူးလစ်က အတည်ပြုပြောကြားခဲ့သည်။

❖ မန်စီးတီး တောင်ပံတိုက်စစ်မှူး စတာလင်းက မန်စီးတီးတွင်သာ ကာလရှည်ဆက်နေမည်ဖြစ်ပြီး အာဆင်နယ်သို့ ပြောင်းရွှေ့မည့် ကိစ္စမျိုး ဘယ်အခါမျှ ဖြစ်လာမည်မဟုတ်ကြောင်း ဆိုခဲ့သည်။

❖ အန်စလော့တီကို သူ၏အသင်းဟောင်း အေစီမီလန်က ချိတ်ဆက်နေသော်လည်း ၎င်းက အေစီမီလန်ထက် ဂျူဗင်တပ်အသင်းကိုသာ ကိုင်တွယ်ချင်နေကြောင်း သိရသည်။

❖ မန်ယူကွင်းလယ်လူ ဂျူအန်မာတာသည် မန်ယူအသင်းနှင့် စာချုပ်သက်တမ်း ၁၂ လသာ ကျန်ရှိတော့သလို တစ်ပတ်လုပ်ခ ပေါင် ၁၇၀၀၀၀ သာရရှိနေသော်လည်း တရုတ်စူပါလိဂ်အသင်းတစ်ခုမှ အခွန်ဆောင်ပြီး တစ်ပတ်လုပ်ခ ပေါင် ၃၇၅၀၀၀ဖြင့် ကမ်းလှမ်းမှုကို ပယ်ချခဲ့သည်။

မေလွဲသင်း ရေးသားသည်


## မာတီဒီနှင့် တွဲဖက်ကစားနေရသည့်အတွက် ပေါ့ဘာ မပျော်ရွှင်

ကွင်းလယ်လူ ပေါ့ဘာအနေဖြင့် ပြင်သစ်ကွင်းလယ်တွင် ဂျူဗင်တပ်၏ မာတီဒီနှင့် တွဲဖက်ကစားနေရသည့်အတွက် မပျော်မရွှင်ဖြစ်နေသည်ဟု ယူဆကြောင်း မန်ယူနည်းပြ မော်ရင်ဟို၏ ပြောကြားချက်အရ သိရသည်။ ပေါ့ဘာသည် ဘေဆယ်လ်ကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့သည့် ပွဲစဉ်အတွင်း တံကောက်ကြောဒဏ်ရာရရှိခဲ့ပြီး အနားယူနေရသူဖြစ်သည်။

အဆိုပါဒဏ်ရာကြောင့် ပေါ့ဘာမှာ ဘူလ်ဂေးရီးယားကို ပြင်သစ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည့် ပွဲစဉ်မှာ ပါဝင်ယှဉ်ပြိုင်နိုင်ခြင်းမရှိသော်လည်း မာတီဒီက ယင်းပွဲ၏ တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့သည်။ ပေါ့ဘာသည် ပြီးခဲ့သည့်နှစ်နွေဈေးကွက်အတွင်း ဂျူဗင်တပ်မှ မန်ယူသို့ ယင်းအချိန်က ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင် ၈၉ သန်းဖြင့် ပြောင်းရွှေ့လာခဲ့ပြီးနောက် မန်ယူကွင်းလယ်တွင် အကောင်းဆုံးပုံစံရရှိသော်လည်း ပြင်သစ်အသင်းအတွက် ၂၀၁၆ ခုနှစ် နိုဝင်ဘာလနောက်ပိုင်းကတည်းက ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ပေ။ မော်ရင်ဟိုက မာတီဒီနှင့် တွဲဖက်ကစားနေရခြင်းက ပေါ့ဘာအတွက် အနုတ်လက္ခဏာဆောင်တဲ့ သက်ရောက်မှုများသာရှိနေကြောင်း ရှုမြင်သည်။

မော်ရင်ဟိုက ပေါ့ဘာမှာ ဘောလုံးသမိုင်းကို ဖန်တီးနိုင်သည့် အရည်အသွေးပိုင်ဆိုင်ထားသူဖြစ်ကြောင်း ပြောကြားခဲ့သည်။ မော်ရင်ဟိုက "ကျွန်တော်တို့ မန်ယူအသင်းက ကွင်းလယ်ပိုင်းမှာ မျှခြေညီတာကြောင့် နေရာလွတ်တွေ ပိုပြီးရအောင် ဖန်တီးနိုင်ပါတယ်။ ပြင်သစ်အသင်းမှာ မာတီဒီနဲ့ တွဲဖက်ကစားနေရတာကြောင့် သူပျော်မယ်လို့ ကျွန်တော်မထင်ပါဘူး"ဟု ဆိုခဲ့သည်။ ပေါ့ဘာသည် တံကောက်ကြောဒဏ်ရာမှ သက်သာအောင် အမေရိကန်ပြည်ထောင်စု မိုင်ယာမီ၌ လေ့ကျင့်မှုများ ပြုလုပ်နေသည်။

## ရီးယဲလ်က ကိန်းအတွက် ပေါင်သန်း ၁၅၀ အထိ အသုံးပြုကမ်းလှမ်းနေဟု သတင်းများထွက်ပေါ်



ရီးယဲလ်မက်ဒရစ်နည်းပြ ဇီဒန်းက စပါးတိုက်စစ်မှူး ဟယ်ရီကိန်းမှာ ပြီးပြည့်စုံသည့်ကစားသမားဟု လူသိရှင်ကြားထုတ်ဖော်ချီးကျူးခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ်က ဟယ်ရီကိန်းကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၅၀ အသုံးပြုခေါ်ယူရန် ပြင်ဆင်နေပြီဖြစ်ကြောင်း သတင်းများထွက်ပေါ်လာခဲ့သည်။ ဇီဒန်းက သူသည် ကိန်း၏ ပရိသတ်ဖြစ်ကြောင်းဆိုခဲ့ပြီး ကိန်းမှာ အစပိုင်းတွင် သိပ်ကောင်းသည့် ကစားသမားမဟုတ်သော်လည်း ယခု လုပ်ဆောင်ပြနေသည့် စွမ်းဆောင်ရည်များက အံ့သြလောက်ဖွယ်ဖြစ်ကြောင်း ချီးမွမ်းခဲ့သည်။

ဇီဒန်းက ဘီဘီစီ တိုက်စစ်အတွဲကို ပြုပြင်ရန် ဆန္ဒရှိနေပြီး ပြီးခဲ့သည့်နွေဈေးကွက်ကလည်း မက်ပီကို ခေါ်ယူရန် ကြိုးပမ်းကြောင်း ဝန်ခံခဲ့သလို ယခုလည်း ကိန်း၏ စွမ်းဆောင်ရည်ပိုင်းကို လူသိရှင်ကြား ထုတ်ဖော်ချီးမွမ်းခဲ့ခြင်းဖြစ်သည်။

## နာပိုလီရဲ့ အရှည်အသွေးကို ထပ်မံစမ်းသပ်မယ့် အင်တာ

## စီးရီးအေရာင်ခုန်သံ-၉

ရှိုင်းမင်းမင်း

**အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ် ၉ ကို လာမယ့်အောက်တိုဘာ ၂၁၊ ၂၂၊ ၂၃ ရက်နေ့မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ နာပိုလီနဲ့ အင်တာမီလန်တို့ ဆုံတွေ့နေကာ ရိုးမားကိုအနိုင်ရခဲ့တဲ့ နာပိုလီတို့ ပွဲကျပ်ကာလမှာ နိုင်ပွဲဆက်နိုင်မလားဆိုတာ စောင့်ကြည့်ရပါမယ်။**

**ဆမ်ဒိုးရီးယား - ခရိုတိုနီ ည ၁၀း၃၀ (၂၁-၁၀-၁၇)**

ဆမ်ဒိုးရီးယားက ခြေစွမ်းပိုင်းအရ ထင်သလောက် တည်ငြိမ်မှုမရှိပေမယ့်လည်း အိမ်ကွင်းခြေစွမ်းပိုင်းကတော့ ကောင်းမွန်မှုရှိပါတယ်။ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ခရိုတိုနီရဲ့ခြေစွမ်းကလည်း သာမန်သာရှိတဲ့အပြင် လက်ရှိအချိန်အထိအဝေးကွင်း နိုင်ပွဲလုံးဝမရသေးပါဘူး။ ဒီပွဲစဉ်မှာ ဆမ်ဒိုးရီးယားပဲ အနိုင်ရမယ်။

**နာပိုလီ - အင်တာ နံနက် ၁း၁၅ (၂၂-၁၀-၁၇)**

နာပိုလီခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိသလို အိမ်ကွင်းလည်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့်လည်း ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုရှိနေနိုင်ပါတယ်။ အင်တာကတော့ ဥရောပပွဲကစားရဖို့မရှိတာကြောင့် ဒီပွဲမှာအားစိုက်ကစားလာမှာဖြစ်ပြီး ခြေစွမ်းပိုင်းလည်းမဆိုးပါဘူး။ ဒါကြောင့်လည်း နာပိုလီတို့ သရေလောက်ပဲရမယ်။

**ချီယေဗို - ဗီရိုနာ ညနေ ၅း၀၀ (၂၂-၁၀-၁၇)**

လက်ရှိအချိန်အထိ အဝေးကွင်းနိုင်ပွဲတစ်ပွဲမှ ရယူနိုင်ခြင်းမရှိသေးတဲ့ ဗီရိုနာခြေက အားနည်းမှုတွေရှိနေပါတယ်။ ဒီပွဲမှာလည်း နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ ဖြစ်ပေမယ့် ချီယေဗိုကိုအသာရဖို့ခက်ပါတယ်။ ချီယေဗိုကတော့ တိုက်စစ်ပိုင်းအရအားနည်းမှုတွေရှိနေတယ်ဆိုပေမယ့် အိမ်ကွင်းဖြစ်တာကြောင့် အားစိုက်ကစားလာမှာဖြစ်လို့ ဗီရိုနာကို ဖိအားပေးနိုင်ဖို့ရှိနေပါတယ်။ ချီယေဗိုပဲ အနိုင်ရမယ်။

**အတ္တလန္တာ - ဘိုလော့နာ ည ၇း၃၀ (၂၂-၁၀-၁၇)**

အတ္တလန္တာဟာ အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ အတ္တလန္တာက အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း ခြေစွမ်းပိုင်းအရ ကောင်းမွန်တတ်ပါတယ်။ ဒါပေမယ့် အတ္တလန္တာက ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်သလို ဘိုလော့နာကလည်း အဝေးကွင်းကစားပုံကောင်းမွန်တဲ့အသင်း ဖြစ်ပါတယ်။ လက်ရှိအချိန်အထိ ဘိုလော့နာက အဝေးကွင်းလေးပွဲမှာ သုံးပွဲအထိအနိုင်ရထားပါတယ်။ အတ္တလန္တာသရေလောက်ပဲရမယ်။

**ဘီနီဗန်တို - ဖီအိုရင်တီးနား ည ၇း၃၀ (၂၂-၁၀-၁၇)**

တန်းတက် ဘီနီဗန်တိုခြေက အားနည်းမှုတွေများနေပါတယ်။ ဒါကြောင့်လည်း အိမ်ကွင်းဖြစ်တဲ့ ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့်လည်း ဖီအိုရင်တီးနားကိုတော့ အသာရဖို့ခက်ပါတယ်။ ဖီအိုရင်တီးနားက အမှတ်လိုအပ်နေတာကြောင့်လည်း နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ အားသာမှုရှိနေတဲ့ ဖီအိုရင်တီးနားကသာ နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

**အေစီမီလန် -ဂျီနိုအာ ည ၇း၃၀ (၂၂-၁၀-၁၇)**

အေစီမီလန်က အခုနောက်ပိုင်းပွဲတွေမှာ ကစားပုံကျဆင်းလာပေမယ့် ဒီပွဲက အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါ့အပြင် ဂျီနိုအာကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေများနေကာ တိုက်စစ်ကလည်း အဝေးကွင်းမှာ ဂိုးသွင်းအားနည်းလွန်းပါတယ်။ ဒါကြောင့်လည်း အေစီမီလန်တို့ ယူရိုပါလိဂ်ကြောင့် ပွဲပန်းလာနိုင်ပေမယ့်လည်း နိုင်ပွဲရသွားဖို့ရှိနေပါတယ်။

**SPAL - ဆာစူအိုလို ည ၇း၃၀ (၂၂-၁၀-၁၇)**

SPAL ဟာ အခုနောက်ပိုင်းမှာ ခြေစွမ်းပိုင်းပြန်လည်ကျဆင်းလာတာကိုတွေ့ရပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေ တည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့်လည်း ဒီပွဲမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာနိုင်ပေမယ့် ဆာစူအိုလိုကို အသာရဖို့တော့ခက်ပါတယ်။ ဆာစူအိုလိုခြေစွမ်းကလည်း အားနည်းမှုတွေများပြီး တိုက်စစ်ပိုင်းက တည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့်လည်း အိမ်ကွင်းမှာ SPAL တို့ သရေလောက်တော့ ကစားနိုင်မှာပါ။

**တိုရီနို-ရိုးမား ည ၇း၃၀ (၂၂-၁၀-၁၇)**

တိုရီနိုက အသင်းကောင်းတစ်သင်းဖြစ်ပြီး အိမ်ကွင်းလည်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ဒါ့အပြင် တိုရီနိုက ဥရောပပွဲ ကစားရဖို့မရှိတာကြောင့် ဒီပွဲမှာ အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ရိုးမားကတော့ ခြေစွမ်းကောင်းမွန်ပေမယ့် အဝေးကွင်းပွဲတွေမှာ ကစားအားကျဆင်းတတ်သလို ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့်လည်း ပွဲပန်းမှုတွေရှိနေနိုင်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ရိုးမားအနိုင်ရခဲ့မယ်ဆိုရင်တောင်မှ ဂိုးမပြတ်နိုင်ဘူး။

**အူဒီးနီးစ်-ဂျူဗင်တပ် ည ၁၀း၃၀ (၂၂-၁၀-၁၇)**

ချန်ပီယံလိဂ်ကစားခဲ့ရပေမယ့် ဂျူဗင်တပ်အနေနဲ့ လာဇီယိုကို ရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ အထူးသဖြင့် အူဒီးနီးစ်ခြေက အားနည်းမှုအချို့ရှိနေကာ ခံစစ်ပိုင်းက အမှားများလွန်းတာကြောင့် ဂျူဗင်တပ်တိုက်စစ်ကို ထိန်းချုပ်နိုင်ဖို့တော့ခက်ပါတယ်။ အဝေးကွင်းဖြစ်ပေမယ့် ဂျူဗင်တပ်ကသာ ဖိအားပေးသွားနိုင်ဖို့ရှိနေကာ နိုင်ပွဲလည်း ရယူသွားနိုင်မှာပါ။

**လာဇီယို-ကယ်ဂလီယာရီနံနက် ၁း၁၅ (၂၃-၁၀-၁၇)**

ဂျူဗင်တပ်ကိုအနိုင်ရခဲ့တဲ့ပွဲမှာ လာဇီယိုခြေက ကောင်းမွန်မှုရှိခဲ့ပါတယ်။ ယူရိုပါလိဂ်ကစားခဲ့ရမှာဖြစ်ပေမယ့်လည်း အိမ်ကွင်းဖြစ်နေလို့ နိုင်ပွဲရယူနိုင်ရေးအတွက် အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ကယ်ဂလီယာရီကတော့ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေရှိနေကာ အဝေးကွင်းပွဲတွေမှာ တိုက်စစ်ပိုင်းက ဂိုးသွင်းအား သိသိသာသာ ကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ လာဇီယိုတို့ အခွင့်အရေးရနိုင်ကာ အိမ်ကွင်းနိုင်ပွဲလည်း ရသွားမှာပါ။

**အောက်တိုဘာ ၁၈/၁၉ ရက်တွင် ယှဉ်ပြိုင်ကစားမည့်ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၃)**

| | | |
|---|---|---|
| ကာရာဘတ် - အေတီမက် | ည | ၁၀း၃၀ |
| ချယ်လ်ဆီး - ရိုးမား | နံနက် | ၁း၁၅ |
| စီအက်စ်ကေအေ - ဘေဆယ်လ် | နံနက် | ၁း၁၅ |
| ဘင်ဖီကာ - မန်ယူ | နံနက် | ၁း၁၅ |
| ဘိုင်ယန်မြူးနစ် - ဆဲလ်တစ် | နံနက် | ၁း၁၅ |
| အန်ဒါလက်ချ် - ပီအက်စ်ဂျီ | နံနက် | ၁း၁၅ |
| ဘာစီလိုနာ - အိုလံပီယာကို့စ် | နံနက် | ၁း၁၅ |
| ဂျူဗင်တပ် - စပို့တင်းလစ္စဘွန်း | နံနက် | ၁း၁၅ |

(ခိုင်ဝင်း)

# SLE (ခေါ်) အရေပြားလေးဖက်နာ



ဒေါက်တာခင်မောင်လွင်(Fame)

**SLE ဆိုသည်မှာ**

မြန်မာလို အရေပြားလေးဖက်နာဟု လူသိများသော အရေပြားများရောင်ရမ်းသည့်ရောဂါကို ဆေးပညာအရ SLE (Systemic Lupus Erythematosus) ဟု ခေါ်ဆိုပြီး လူးပတ်စ် (Lupus)ဟုလည်း အတိုကောက် ခေါ်လေ့ရှိပါသည်။ ယင်းရောဂါသည် နာတာရှည် ရောင်ရမ်းခြင်းကိုဖြစ်စေသော အော်တိုအင်မြူးရောဂါ (Chronic autoimmune disease) များအနက် တစ်ခု အပါအဝင်ဖြစ်ပြီး အဓိကအနေဖြင့် အရေပြားနှင့် အဆစ်အမျက်များကို ရောင်ရမ်းစေပါသည်။ ထိုကဲ့သို့ ရောင်ရမ်းခြင်းများကို အပြင်ပိုင်းအနေနှင့် သိသိသာသာ တွေ့မြင်ရလေ့ရှိသည့်အပြင် ထိုရောဂါသည် ခန္ဓာကိုယ် အတွင်းပိုင်းရှိ အစိတ်အပိုင်းများကိုပါ ရောင်ရမ်းစေလေ့ရှိပါသည်။ ဥပမာ-ကျောက်ကပ်ရောင်ခြင်း (Nephritis)၊ နှလုံးအမြှေးပါးရောင်ခြင်း (Pericarditis) နှင့် အဆုတ်အမြှေးပါးရောင်ခြင်း (Pleuritis) တို့ကိုပါ ဖြစ်စေနိုင်ပါသည်။

**အော်တိုအင်မြူးရောဂါ**

(Chronic autoimmune disease)

ကျွန်တော်တို့လူသားများ၏ခန္ဓာကိုယ်တွင် ခုခံအားစနစ် (Immune system) ရှိပါသည်။ ထိုစနစ်သည် ပြင်ပမှ ရောဂါပိုးမွှားများအလွယ်တကူမဝင်ရောက်နိုင်စေရန် ကာကွယ်ပေးသည့်အတွက် ကျွန်တော်တို့၏ ခန္ဓာကိုယ်ကြီးမှာ ကျန်းမာသန်စွမ်းနေခြင်းဖြစ်သည်။ ဥပမာ ပြင်ပမှ ရောဂါပိုးတစ်မျိုးဝင်လာခဲ့လျှင် ထိုရောဂါပိုးကိုတိုက်ဖျက်နိုင်သော အင်တီဘော်ဒီဆိုသည့်အရာ ထွက်လာပါသည်။ ထိုအင်တီဘော်ဒီများ၏ ခုခံတိုက်ခိုက်မှုကြောင့် ပြင်ပမှဝင်လာသောရောဂါပိုးမှာ သေဆုံးသွားပြီး လူသည်လည်း ရောဂါပိုး၏တိုက်ခိုက်ဖျက်ဆီးမှုဒဏ်မှ လွတ်မြောက်ကာ ကျန်းမာစွာဆက်လက်နေထိုင်နိုင်ပါသည်။

ထို့နောက် အော်တိုအင်တီဘော်ဒီဆိုသည်မှာ မိမိခန္ဓာကိုယ်မှထုတ်လုပ်လိုက်သော အင်တီဘော်ဒီများသည် ပြင်ပမှဝင်လာသည့်ရောဂါပိုးများကို တိုက်ဖျက်ရမည့်အစား မိမိခန္ဓာကိုယ်အစိတ်အပိုင်းများအား တိုက်ခိုက်ဖျက်ဆီးခြင်းကိုခေါ်ဆိုပါသည်။ ဥပမာ အရေပြားကို တိုက်ခိုက်ပါက အရေပြားလေးဖက်နာဟုခေါ်ဆိုလေ့ရှိပြီး အဆစ်အမျက်များကိုလည်းတိုက်နိုင်ပါသည်။ ခန္ဓာကိုယ်တွင်တိုက်နိုင်သော နေရာပေါ်မူတည်၍လည်းကောင်း၊ ထွက်သည့်အင်တီဘော်ဒီအမျိုးအစားပေါ်မူတည်၍လည်းကောင်း ဖြစ်ပေါ်သည့်ရောဂါအမျိုးအစားများလည်းကွဲပြားသွားပါသည်။ ထိုရောဂါများအားလုံးကိုခြုံငုံပြီး အော်တိုအင်မြူးရောဂါများဟု ခေါ်ဝေါ်လေ့ရှိပါသည်။ ယင်းအော်တိုအင်မြူးရောဂါများတွင် အရေပြားလေးဖက်နာရောဂါ (SLE)၊ သွေးလေးဖက်နာရောဂါ (Rheumatoid arthritis)၊ ဆီးချိုရောဂါအမှတ်-၁ (Type 1 Diabetes)နှင့် လည်ပင်းအကျိတ်ရောင်ဂရေ့စ်ရောဂါ (Grave's disease) တို့ ပါဝင်ပါသည်။

**အရေပြားလေးဖက်နာရောဂါ** (SLE) **ဖြစ်ပွားရသည့်အကြောင်းရင်း**

SLE ဟူသောရောဂါမှာ အကြောင်းအရာတစ်ခုတည်းကြောင့် ဖြစ်ပွားရခြင်းမဟုတ်ဘဲ အကြောင်းအရာအများစုပေါင်းဆုံပြီးဖြစ်ပေါ်လာသောရောဂါတစ်ခုဖြစ်ပါသည်။ အဓိကဖြစ်ပေါ်လာသော အကြောင်းအရာ လေးခုရှိပြီး ယင်းတို့မှာ

(က) မျိုးဗီဇ (Genetic)
(ခ) ပတ်ဝန်းကျင် (Environmental)
(ဂ) ခုခံအားစနစ် (Immunological)
(ဃ) ဟိုမုန်း (Hormone)တို့ဖြစ်သည်။

**(က) မျိုးဗီဇ** (Genetic)

SLE ရောဂါသည် မျိုးဗီဇချို့ယွင်းမှုနှင့် ပတ်သက်သည့်အကြောင်းကို ယခုနောက်ပိုင်းတွင် ပိုမိုသိရှိလာကြပြီဖြစ်သည်။ အခြားမျိုးဗီဇရောဂါများကဲ့သို့ အတိအကျမပြောနိုင်သော်လည်း SLE ရောဂါဖြစ်နေသူများ၏ ၃၀ ရာခိုင်နှုန်းတွင် မျိုးဗီဇချို့ယွင်းမှုများ တွေ့ရကြောင်းသိရသည်။ ဥပမာ အမြွှာညီအစ်မများတွင်တစ်ယောက်မှာ SLE ဖြစ်ပါက နောက်တစ်ဦးတွင်လည်း ဖြစ်လေ့ရှိသည်ကို တွေ့ရပါသည်။ အခြားမျိုးဗီဇဆိုင်ရာအချက်အလက်များအရလည်း မျိုးဗီဇနှင့်ပတ်သက်မှုရှိနေကြောင်း လေ့လာရပါသည်။

**(ခ) ပတ်ဝန်းကျင်** (Environmental)

ဒုတိယအချက်ဖြစ်သော ပတ်ဝန်းကျင်ကြောင့်ဖြစ်ပွားရခြင်းမှာ ၇၀ ရာခိုင်နှုန်းခန့်ရှိပါသည်။ ပတ်ဝန်းကျင်ဆိုရာတွင်လေထုညစ်ညမ်းမှု၊ ရောဂါပိုးများဝင်ရောက်မှု၊ ခရမ်းလွန်ရောင်ခြည်နှင့် ထိတွေ့မှု၊ စားသောက်သောအစားအစာနှင့် ဆေးဝါးများကြောင့်ဟူ၍ ဖြစ်ပွားစေသောအကြောင်းများ ပါရှိပါသည်။

**(ဂ) ခုခံအားစနစ်** (Immunological)

SLE ရောဂါသည် ခုခံအားစနစ်ချို့ယွင်းမှုနှင့်လည်း ဆက်စပ်မှုရှိပါသည်။ အဓိကအနေဖြင့် အော်တိုအင်တီဘော်ဒီများထုတ်လုပ်မှုကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည့်အတွက် ခုခံအားစနစ် ဖောက်ပြန်ခြင်းသည်လည်းလွန်စွာအရေးပါလှပါသည်။

**(ဃ) ဟိုမုန်း** (Hormone)

ဟိုမုန်းရှုထောင့်မှကြည့်လျှင် SLE ရောဂါသည် မဟိုမုန်းဖြစ်သော အီစထိုဂျင် (Estrogen) နှင့် ဆက်စပ်မှုရှိကြောင်း တွေ့ရပါသည်။ အဘယ့်ကြောင့်ဆိုသော် အမျိုးသားနှင့် အမျိုးသမီးများတွင် SLE ဖြစ်ပွားမှုနှုန်းနှိုင်းယှဉ်လျှင် အမျိုးသမီးများ၌ ၁၀ ဆခန့် ပိုမိုဖြစ်ပွားကြောင်းတွေ့ရပြီး အမျိုးသားလူနာ တစ်ယောက်ဆိုပါက အမျိုးသမီးလူနာမှာ ၁၀ ယောက်ခန့် ရှိသည်ကိုလေ့လာရသည်။ အမျိုးသမီးထုထဲတွင်ပင် ကိုယ်ဝန်ဆောင်ချိန်နှင့် ရာသီပေါ်ချိန်များတွင်SLE ရောဂါသည် ပိုမိုဆိုးရွားလာလေ့ရှိကြောင်း (Flare) ကိုလည်းတွေ့ရသည်။ ဤအခြင်းအရာများအပေါ်အခြေခံ၍ မဟိုမုန်း အီစထိုဂျင်သည် SLE ရောဂါဖြစ်ပွားရခြင်း၏ အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်းကို လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် အကြမ်းအားဖြင့် ခြုံငုံသုံးသပ်ရလျှင် SLE ရောဂါသည် အကြောင်းအရာတစ်ခုတည်းကြောင့် ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ အထက်တွင်ဖော်ပြခဲ့သော အချက်လေးချက်တို့ပေါင်းစုံပြီး ဖြစ်ပွားရခြင်းဖြစ်ကြောင်း လေ့လာရပါသည်။

SLE **ရောဂါရှိ၊ မရှိ စမ်းသပ်ခြင်း**

လူတစ်ယောက်တွင် SLE ရောဂါ ရှိ၊ မရှိ စမ်းသပ်ရာတွင် အဓိကအနေဖြင့် အပိုင်းနှစ်ပိုင်း ပါဝင်ပါသည်။ ပထမပိုင်းမှာရောဂါလက္ခဏာများဖြစ်ပြီး ဒုတိယပိုင်းမှာ တိကျသေချာစေရန် ဓာတ်ခွဲခန်းတွင် စမ်းသပ်ခြင်းတို့ဖြစ်သည်။

ပထမပိုင်းဖြစ်သော ရောဂါလက္ခဏာများအနေဖြင့် အရေပြားလေးဖက်နာဟူသည့်အတိုင်း အရေပြားပေါ်တွင် အနီရောင်အကွက်များ ဖြစ်လာလေ့ရှိသည်။ မျက်နှာပေါ်တွင် ပါးနှစ်ဘက်နှင့် နှာတံပေါ်၌ အနီရောင်အကွက်များ (Butterfly rash) ဖြစ်ပေါ်လာပါက SLE ဟု သတ်မှတ်နိုင်ပါသည်။ ခန္ဓာကိုယ်၏အခြားနေရာများတွင်လည်း ဖြစ်ပေါ်နိုင်ပြီး အထူးသဖြင့် နေရောင်ခြည်နှင့် ထိတွေ့ပြီးသောအခါ ပိုဆိုးလာလေ့ရှိသည်။ ဦးခေါင်းတွင်ဖြစ်ပါက ဆံပင်များကျွတ်လေ့ရှိကြောင်းကိုလည်း လေ့လာရပါသည်။

ထို့နောက် အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း၊ ရောင်ရမ်းခြင်းတို့ ဖြစ်ပေါ်လာပါသည်။ သို့သော် ထိုကဲ့သို့ ရောဂါလက္ခဏာများသည် အစဉ်အမြဲဖြစ်ပေါ်နေခြင်း မဟုတ်ဘဲ ရောဂါဆိုးလာသည့်အချိန် (SLE flare) ရှိသကဲ့သို့ သက်သာနေသည့်အချိန် (Remission) လည်း ရှိပါသည်။ ထိုကဲ့သို့ ရောဂါလက္ခဏာများ ဖြစ်ပေါ်လိုက် သက်သာလိုက်ဖြင့် တရှောင်ရှောင်ဖြစ်လာပြီး နောက်ပိုင်းတွင် ကိုယ်အလေးချိန် တဖြည်းဖြည်းကျလာပါသည်။ တစ်ခါတစ်ရံ အနီကွက်များထွက်တာများလျှင် ခန္ဓာကိုယ်အပူချိန်ပါ တက်လာလေ့ရှိပါသည်။ လှုပ်ရှားချင်စိတ်မရှိဘဲ အားမရှိသကဲ့သို့ နုံးချည့်မှုများကိုလည်း ခံစားရလေ့ရှိပါသည်။ ထိုထက်ပိုမိုဆိုးရွားလာပါက လက်ထိပ်သို့သွားသောသွေးကြောလေးများမှာ ရောင်ရမ်းပိတ်ဆို့ခြင်းများဖြစ်ပေါ်ပြီး လက်ထိပ်သို့သွေးမလျှောက်ခြင်း (Raynaud’s syndrome) တို့ဖြစ်ပေါ်တတ်ပါသည်။ ထို့နောက် အချိန်ကြာလာသည်နှင့်အမျှ ကျောက်ကပ်များ ထိခိုက်ပျက်စီးခြင်း၊ နှလုံးနှင့် အဆုတ်များ ထိခိုက်ခြင်းတို့ ဖြစ်ပေါ်တတ်ပါသည်။

ဒုတိယပိုင်းအနေဖြင့် တိကျသေချာသည့်အဖြေရရှိရန် သွေးစစ်ခြင်း၊ ဆီးစစ်ခြင်းတို့ ပြုလုပ်ရန်လိုအပ်ပါသည်။ အထူးသဖြင့်သွေးစစ်သည့်အခါတွင် သွေးထဲ၌ အော်တိုအင်တီဘော်ဒီ (Autoantibody) များ တွေ့ရှိရပါက SLE ဟု ကောက်ချက်ချနိုင်ပါသည်။ ဥပမာအားဖြင့် အင်တီနျူကလီးယား အင်တီဘော်ဒီစစ်ဆေးခြင်း (ANA=Anti-nuclear antibody test) နှင့် အင်တီ-ဒီအက်စ် ဒီအင်အေစစ်ဆေးခြင်း (Anti-dsDNA test) တို့ကို ပြုလုပ်ရပါမည်။

SLE **ရောဂါအား ကုသခြင်း**

SLE ရောဂါအားကုသရာတွင် အပိုင်းသုံးပိုင်းရှိပါသည်။ ယင်းတို့မှာ

(က) အနေအထိုင်အစားအသောက်ပုံစံပြုပြင်ခြင်း (Lifestyle modifications)
(ခ) အနောက်တိုင်းဆေးဝါးများဖြင့်ကုသခြင်း (Drug treatment)
(ဂ) သဘာဝဆေးဝါးများဖြင့်ကုသခြင်း (Natural medicine) တို့ဖြစ်သည်။

**(က) အနေအထိုင်အစားအသောက်ပုံစံပြုပြင်ခြင်း**

(Lifestyle modifications)

SLE ရောဂါဝေဒနာရှင်များအနေဖြင့် အနေအထိုင် အစားအသောက်ကို မှန်ကန်အောင်သတိပြုရန် အလွန်အရေးကြီးပါသည်။ အနေအထိုင်အစားအသောက်ကို မှန်ကန်အောင်ပြုလုပ်ပြီးဆောင်ရန်/ရှောင်ရန်များကို လိုက်နာကျင့်သုံးပါက SLE ရောဂါဝေဒနာရှင်များသည် ရောဂါပိုမိုဆိုးရွားမလာဘဲ တစ်သက်လုံးသက်သောင့်သက်သာဖြင့် သက်တမ်းစေ့နေသွားနိုင်မည်ဖြစ်သည်။ထို့အပြင် SLE ရောဂါကို အမြစ်ပြတ်ကုသနိုင်သောဆေးဝါးမှာ မပေါ်ပေါက်သေးသည့်အတွက် အနေအထိုင် အစားအသောက်ကို ပိုမိုဂရုပြုရန်လိုအပ်ပါသည်။

(၁) **နေရောင်ခြည်** - နေပူထဲတွင် အကာအရံမပါဘဲ သွားလာခြင်းမှရှောင်ကြဉ်ရပါမည်။ အထူးသဖြင့် ခရမ်းလွန်ရောင်ခြည်များသောအချိန်ဖြစ်သည့် နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်မထိတွေ့စေရန်ဂရုပြုနေထိုင်ရပါမည်။ မဖြစ်မနေသွားရန် လိုအပ်ပါက SPF 15 အနည်းဆုံးပါဝင်သောနေလောင်ခံလိမ်းဆေး (Sunscreen) လိမ်းခြင်း၊ ထီး (သို့မဟုတ်) ဦးထုပ်ဆောင်းခြင်းနှင့် ခြေလက်များဖုံးအောင် အင်္ကျီအဝတ်အစား ဝတ်ဆင်ခြင်းတို့ ပြုလုပ်ရပါမည်။

(၂) **လေကောင်းလေသန့်** - လေကောင်းလေသန့်သာရှူရန် အတတ်နိုင်ဆုံးကြိုးစားရပါမည်။ မသန့်ရှင်းသောလေများဖြစ်သည့် ခြင်ဆေးခွေမှအငွေ့များ၊ မီးစက်မှအခိုးအငွေ့များ၊ မော်တော်ကားအိပ်ဇောမှထွက်သောအခိုးအငွေ့များ၊ စက်ရုံအလုပ်ရုံမှထွက်သောမီးခိုးများနှင့်ကတ္တရာစေးကြိုရာမှထွက်လာသောမီးခိုးများအစရှိသော မကောင်းသည့်လေထုကို မရှူမိစေရန် ဂရုပြုနေထိုင်ရပါမည်။ အပြင်သွားလျှင် နှာခေါင်းစည်း (Mask) ဆောင်သွားရပါမည်။ ယခုနောက်ပိုင်းတွင် SLE လူနာများ များလာခြင်းသည် လေထုညစ်ညမ်းမှုနှင့် ပတ်သက်နေကြောင်းကိုလည်း သိရသည်။

(၃) **ဆေးလိပ်** - ဆေးလိပ်သောက်သူဖြစ်ပါက ဆေးလိပ်ဖြတ်ရပါမည်။ SLE ဖြစ်လျှင် သွေးကြောလေးများ ရောင်ရမ်းပြီး ကျဉ်းစေပါသည်။ ဆေးလိပ်သောက်လျှင် သွေးကြောများကိုပိုမိုကျဉ်းစေသည့်အတွက် လေဖြတ်ခြင်း၊ ခြေထိပ်လက်ထိပ်များ သွေးမလျှောက်ဘဲ ပုပ်သွားခြင်း၊ အဆုတ်နှင့် နှလုံးများ ပိုမိုထိခိုက်ပျက်စီးစေခြင်းတို့ကို ဖြစ်ပေါ်စေသည့်အတွက် လုံးဝရှောင်ကြဉ်ရပါမည်။ SLE ရောဂါဝေဒနာရှင်သည် ဆေးလိပ်မသောက်သည့် အမျိုးသမီးဖြစ်သော်လည်း ယင်းနှင့်အတူနေထိုင်သူ ဥပမာ ခင်ပွန်း၊ ဖခင်ဖြစ်သူတို့က ဆေးလိပ်သောက်သုံးပါကထိုမှ တစ်ဆင့်ဆေးလိပ်ငွေ့များမရှူမိစေရန် ဂရုပြုကြရပါမည်။

(၄) **အစားအစာ** - အစားအစာစားသုံးရာတွင် အတတ်နိုင်ဆုံး လတ်လတ်ဆတ်ဆတ်ဖြင့် အာဟာရဓာတ်များ ပြည့်ဝစေရန် ဗီတာမင်၊သတ္တုဓာတ်များအပါအဝင် လုံလောက်စွာစားသုံးပေးရန် လိုအပ်ပါသည်။ အထူးသဖြင့် ဓာတုပစ္စည်းများအသုံးပြုပြီး တာရှည်ခံအောင် ပြုလုပ်ထားသော အစားအစာများ၊ ဓာတုဆိုးဆေးပါသော အစားအစာများကို အတတ်နိုင်ဆုံးရှောင်ကြဉ်ရပါမည်။ ကဖင်းဓာတ်ပါဝင်သောကော်ဖီနှင့် လက်ဖက်ရည်များကို အများအပြားမသောက်သုံးဘဲ တစ်နေ့ တစ်ခွက်၊ နှစ်ခွက်သာ သောက်သုံးသင့်ပြီး အချိုရည်များသောက်သုံးခြင်းကိုလည်း တတ်နိုင်သမျှရှောင်ကြဉ်ရမည်။ အဆီအအိမ့်များစားခြင်း၊ ဆီကြော်များစားခြင်းကိုလည်း ရှောင်ရပါမည်။ မိမိနှင့်ဓာတ်မတည့်သောအစားအစာများကို မှတ်သားထားပြီး လုံးဝရှောင်ရပါမည်။

(၅) **ကိုယ်ဝန်ဆောင်ခြင်း** - အမျိုးသမီးများအနေဖြင့် ရောဂါဆိုးရွားနေချိန်တွင် ကိုယ်ဝန်မဆောင်သင့်ပါ။ ကိုယ်ဝန်ဆောင်ချိန်တွင် ရောဂါပိုဆိုးတတ်သောကြောင့် ဖြစ်သည်။

**စာမျက်နှာ ၂၁ သို့**

## မိုးစပါးစိုက်ခင်းများတွင် ကျရောက်ဖျက်ဆီးတတ်သည့် ကြွက်အန္တရာယ်ကြိုတင်ကာကွယ်နှိမ်နင်း

**မိတ္ထီလာ အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် မိုးစပါးစိုက်ခင်းများတွင် ကျရောက်ဖျက်ဆီးတတ်သည့် ကြွက်အန္တရာယ်ကြိုတင်ကာကွယ်နှိမ်နင်းခြင်း လုပ်ငန်းကို အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၃ နာရီက ဇောင်းချမ်းကုန်းကျေးရွာအုပ်စု ကွင်းအမှတ် ၇၅၇ ရှိ မိုးစပါးစိုက်ခင်းများတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ငြိမ်းက ၂၀၁၇ ခုနှစ် မိုးစပါးစိုက်ခင်းများတွင် ကျရောက်ဖျက်ဆီးတတ်သော ကြွက်အန္တရာယ်သည် မိုးစပါးစိုက်တောင်သူများကို စီးပွားရေးထိခိုက်နိုင်သည့်အထိ ပျက်စီးဆုံးရှုံးနိုင်သဖြင့် ကြွက်များ၏ပေါက်ပွားနှုန်း ကျရောက်ဖျက်ဆီးတတ်သည့် အလေ့အထနှင့် နှိမ်နင်းရမည့် နည်းလမ်းများအား ဒေသခံတောင်သူများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကြွက်အန္တရာယ်ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများနှင့် ဒေသခံတောင်သူများ စုပေါင်း၍ လယ်ကန်သင်ရိုးများရှိ ချုံနွယ်များ ရှင်းလင်းခြင်း၊ ကြွက်သတ်ဆေးချ၍ နှိမ်နင်းခြင်း၊ လက်လုပ် လက်ကိုင်နည်းဖြင့် တူးဖော်နှိမ်နင်းခြင်းများကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကြွက်အန္တရာယ်ကြိုတင်ကာကွယ်နှိမ်နင်းခြင်း လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဇောင်းချမ်းကုန်းကျေးရွာမှ ရာအိမ်မှူးများနှင့် မိုးစပါးစိုက်တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ပေါက်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျချောင်းရေများတဟုန်ထိုးစီးဆင်း



**ပေါက် အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ အောက်တိုဘာ ၁၇ ရက် နံနက် ၄ နာရီခွဲခန့်က မိုးများအဆက်မပြတ်ရွာသွန်းခြင်းကြောင့် ပေါက်ချောင်းရေနှင့် ဆင်ဇာချောင်းရေများ တဟုန်ထိုးစီးဆင်းလာကာ ခရီးသွားပြည်သူများ ခရီးသွားလာရေးနှောင့်နှေးခဲ့ရပြီး ပေါက်မြို့အနိမ့်ပိုင်းရပ်ကွက် နေအိမ်ဝိုင်းအတွင်း၌ ရေများဝင်ရောက်ခဲ့ကြောင်း သိရသည်။

ပေါက်ချောင်းတောင်ကျချောင်းရေတဟုန်ထိုးစီးဆင်းခြင်းကြောင့် ပေါက်ချောင်းရေကျော်တံတားပေါ်၌ ရေအမြင့် သုံးပေခန့် မြင့်တက်ကာ ခရီးသွားမော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ ခရီးသွားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ခေတ္တစောင့်ဆိုင်းခဲ့ရပြီး ရေပြန်လျော့နည်းသွားချိန်တွင် ခရီးသွားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်မရှိစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ကူညီပို့ဆောင်ပေးကြသည်။

ဆက်လက်၍ ပေါက်မြို့ အောင်တံခွန်ရပ်ကွက်နှင့် အောင်တော်မူရပ်ကွက်အတွင်းရှိ အနိမ့်ပိုင်း နေအိမ်များ၌ ဆင်ဇာချောင်းရေများ နှစ်ပေခန့်အထိ ဝင်ရောက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ သွားရောက်ကြည့်ရှုကာ တိရစ္ဆာန်နှင့် အိမ်အသုံးဆောင်ပစ္စည်းများ ရေဘေးလွတ်ရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**ညဏ်တိုး(ပေါက်)**

## သိမ်းဆည်းခံရလယ်ယာမြေများ ပြန်လည်စိစစ်ရေးကော်မတီဝင်များနှင့် ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**ပျော်ဘွယ် အောက်တိုဘာ ၁၇**

မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီဝင်များနှင့် ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီက ပျော်ဘွယ်မြို့ အမေထိန်းခန်းမ၌ကျင်းပရာ ခရိုင်နှင့်မြို့နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက သိမ်းဆည်းခံလယ်ယာမြေများနှင့်ပတ်သက်၍ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ မြေသိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် မြေသိမ်းဆည်းမှုပြဿနာများ လျင်မြန်စွာဖြေရှင်းနိုင်ရန်နှင့် ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်၊ မြေယာကိစ္စနှင့်ပတ်သက်သော ဥပဒေ၊ နည်းဥပဒေများ သိရှိနိုင်စေရန်နှင့် လုပ်ငန်းကျွမ်းကျင်မှုရှိရေးအတွက် သင်တန်းဖွင့်လှစ်ခြင်း ဖြစ်ပါကြောင်းတို့ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ခရိုင်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အတွင်းရေးမှူး ဦးစံရဲကျော်က ဗဟိုကော်မတီ၏ မူဝါဒ၊ လုပ်ငန်းစဉ်များ၊ လမ်းညွှန်ချက်များနှင့် မြေယာကိစ္စနှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများကို ပရိုဂျက်တာဖြင့်ရှင်းလင်းပြီး တက်ရောက်လာသည့် ရပ်ကွက်/ ကျေးရွာအုပ်စုများမှ ကော်မတီဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ ခရိုင်ကော်မတီအတွင်းရေးမှူး ဦးစံရဲကျော်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

## ရေတိုးခြင်း၊ မိုးရွာခြင်းများကြောင့် အမရပူရမြို့နယ်မှ ပဲစိုက်တောင်သူများ စိုက်ပျိုးချိန်နောက်ကျ ပဲဈေးကွက်မတည်ငြိမ်မှုသတင်းများကြောင့် စိုက်ပျိုးသီးနှံရွေးချယ်မှုအခက်တွေ့

**အမရပူရ အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ မြစ်ရေဝင်သည့် ယာမြေများမှာ နှစ်စဉ်တော်သလင်းလ မြစ်ရေကျချိန်တွင် ပဲနှင့် အခြားသီးနှံများကို စိုက်ပျိုးကြသည်။ ယခုနှစ်တွင် ရေတိုးခြင်းနှင့် မိုးဆက်တိုက်ရွာသွန်းခြင်းများကြောင့် သီတင်းကျွတ်လပြည့်ကျော်အထိ စိုက်ပျိုးနိုင်ခြင်းမရှိသေးပေ။ ယခင်က တော်သလင်းလတွင် စိုက်ပျိုးကာ သီတင်းကျွတ်လတွင် ရွာသွန်းသောမိုးနှင့် တန်ဆောင်မုန်းလတွင် ရွာသွန်းသော မိုးမိပါက ပဲများဖြစ်ထွန်းအောင်မြင်ကြသည်။ ယခုနှစ် သီတင်းကျွတ်လကုန်ပိုင်းအထိ စိုက်ပျိုးနိုင်ခြင်းမရှိသည့်အတွက် စိုက်ပျိုးချိန်နောက်ကျကာ စိုက်ပျိုးသီးနှံများ အထွက်နှုန်းလျော့ကျမည်ကို စိုးရိမ်နေကြသည်။

အမရပူရမြို့နယ်ထဲရှိ မြစ်ရေဝင်သော ယာမြေများတွင် စိုက်ပျိုးစရိတ်သက်သာသည့် ပဲပုပ်၊ ပဲယဉ်းများကို စိုက်ပျိုးခြင်းနှင့် အခြားဈေးကွက်ကောင်းမည့်သီးနှံကို ခန့်မှန်းတွက်ဆကာ ရွေးချယ်စိုက်ပျိုးခြင်းဟူ၍ နှစ်မျိုးနှစ်စားစိုက်ပျိုးကြသည်။ ရေကျချိန်ယာကွက်အတွင်း ရေအနည်းငယ်ရှိသည့်ကာလတွင် ပဲယဉ်း၊ ပဲပုပ်မျိုးစေ့ကို ရေထဲတွင်ပက်ကြသည့် ရေကြမ်းစိုက်စနစ်ဖြင့် စိုက်ပျိုးလေ့ရှိသည်။

ရေကြမ်းစိုက်စနစ်ဖြင့် စိုက်ပျိုးသည့် ယာမြေများမှာ ရေမဝင်မီကပင် ကြိုတင်ထွန်ရက်ထားကြသည်။ ရေတိုးချိန်တွင် ရေအနည်းငယ်ကျန်သည့်အချိန်တွင် အကြမ်းပက်ကာ စိုက်ပျိုးသည့်အတွက် မျိုးစေ့ဖိုးသာ ကုန်ကျသည်။ အပင်ကြီးလာချိန်တွင် အပင်အားပေးဆေးနှင့် ပိုးသတ်ဆေးဖျန်းရုံသာလျှင် ပြုလုပ်ကြရသည်။ ရေကြမ်းပက်ကြဲခြင်းမှာ စိုက်စရိတ်သက်သာသလို ထွန်စရိတ်၊ ထယ်စရိတ်၊ ပေါင်းပေါက်စရိတ်ကုန်ကျခြင်းမရှိပေ။ မိုးမှန်ပါက အထွက်နှုန်းကောင်းလေ့ရှိသည်။

ယခုနှစ်တွင် ရေတိုးခြင်း၊ မိုးအဆက်မပြတ်ရွာသွန်းခြင်းများကြောင့် စိုက်ပျိုးချိန်နောက်ကျကာ စိုက်ပျိုးသီးနှံများ အထွက်လျော့မည်ကို စိုးရိမ်နေသည်။ ပဲဈေးကွက်မတည်မငြိမ်မှုများဖြစ်ပေါ်နေသည့် သတင်းများကြောင့် ယခုနှစ် စိုက်ပျိုးသီးနှံရွေးချယ်မှု အခက်တွေ့လျက်ရှိကြောင်း ပဲစိုက်တောင်သူတစ်ဦးမှ ရှင်းပြသည်။

**တိမ်တမန်**

## ခရီးသွားရာသီအမီဆန်းသစ်သည့် ဘူးပန်းချီနှင့် အုန်းခွက်ပန်းချီကားများကို ရေးဆွဲတင်ပို့



**မန္တလေး အောက်တိုဘာ ၁၇**

ခရီးသွားရာသီအမီ စိတ်ကူးသစ်များဖြင့် တီထွင်ရေးဆွဲထားသော ဘူးသီးပန်းချီနှင့် အုန်းခွက်ပန်းချီကားများကို ရန်ကုန်မြို့ရှိ ပန်းချီပြခန်းများ၊ လက်မှုပစ္စည်းအရောင်းဆိုင်များတွင် ကျယ်စွာတင်ပို့ပေးလျက်ရှိသည်။ ဘူးသီးခြောက်နှင့်အုန်းခွက်ပေါ်တွင် လက်ရာမြောက်စွာရေးဆွဲထားသည့် ပန်းချီကားများကို နိုင်ငံတကာခရီးသွားဧည့်သည်များသာမက ပြည်တွင်းဧည့်သည်များပါ စိတ်ဝင်စားမှုပိုမိုများပြားလာကြောင်း သိရသည်။

ရှားပါးအနုပညာလက်ရာဖြစ်သော ပုလင်းပန်းချီ၊ ဘူးသီးပန်းချီ၊ မှန်ပန်းချီ၊ အုန်းခွက်ပန်းချီများကို အမရပူရမြို့မှ ပုလင်းပန်းချီးဦးချစ်မြ တစ်စိုက်မတ်မတ်ရေးဆွဲလျက်ရှိသည်။ ဘူးပန်းချီဖန်တီးရေးဆွဲရန်အတွက် ဘူးသီးခြောက်အရွယ်အစား ပေါ်မူတည်ကာ လိုက်ဖက်မည့်အရုပ်များကို ရွေးချယ်ရေးဆွဲရသည်။ ဘူးသီးပန်းချီရေးဆွဲရန်အတွက် ပထမဦးစွာ ဘူးသီးအထိုင်အနေအထားကိုကြည့်ကာ မျက်နှာပုံသဏ္ဌာန်ထား၍ကောင်းသည့်နေရာကို ရွေးချယ်ရသည်။ ဘူးသီးပန်းချီဖန်တီးရာတွင် ဘိုမရုပ်၊ ပစ်တိုင်းထောင်ရုပ်၊ ဆံထောက်နှမပုံကလေးများ၊ ပုဂံနှင့်ပတ်သက်သည့်ပုံများ၊ ဇီးကွက်ရုပ်နှင့် အခြားရုပ်ပုံများကို သရုပ်ဖော်ရေးဆွဲသည်။

ဘူးပန်းချီအတွက် အထိုင်နှင့် မျက်နှာဘက်ရွေးပြီးသည်နှင့် မြေဖြူနှင့်အရာပေးကာ ခံဆေးသုတ်ပြီး ပုံဖော်ပေးရသည်။ ပန်းချီရေးဆွဲရာတွင် ဆေးနှစ်ခါတိတိလိုက်လံခြယ်သပေးရသည်။ ပထမအကြိမ် ခံဆေးသုတ်ပြီးသည်နှင့် ဒုတိယလုပ်ငန်းစဉ်အနေဖြင့် ဆေးအနုအရင့်အလိုက် စိတ်ကြိုက်ဖန်တီးရေးဆွဲရသည်။ ဘူးပန်းချီဖန်တီးရေးဆွဲမှုတွင် တစ်ရက်လျှင် ဘူးသီးပန်းချီ လေးလုံးအထိ ပြီးစီးသည်။ ဘူးပန်းချီနှင့်အတူ အုန်းခွက်ပန်းချီ၊ ပုလင်းပန်းချီများကိုပါ ရေးဆွဲလေ့ရှိသည်။ အုန်းခွက်ပန်းချီရေးဆွဲရာတွင် တိုင်းရင်းသားပုံ၊ မြန်မာနိုင်ငံ၏ အထင်ကရနေရာ၊ ရိုးရာလိုင်းရွှေရေးပန်းချီဟု ခေါ်သောနည်းဖြင့် အုန်းခွက်ပေါ်တွင် ဆေးရောင်အနီအနက်၊ ရွှေရောင်များဖြင့် လက်ရာမြောက်ပုံများကိုရေးဆွဲသည်။

လက်ရှိကာလတွင် ဘူးပန်းချီအကြီးဆုံးတစ်လုံးလျှင် ငွေကျပ်နှစ်သောင်း၊ အလတ်တစ်လုံးလျှင် ငွေကျပ် တစ်သောင်းငါးထောင်၊ အသေးဆုံးတစ်လုံးလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ရောင်းချလျက်ရှိသည်။ အုန်းခွက်ပန်းချီကားတစ်ခုလျှင် ငွေကျပ်နှစ်သောင်းရောင်းချပြီး အုန်းခွက်အတွင်းပုံတူရေးလျှင် တစ်ကားငွေကျပ်ငါးသောင်းဖြင့် ရေးဆွဲပေးသည်။ လက်ရှိကာလတွင် ဘူးပန်းချီ၊ အုန်းခွက်ပန်းချီတွေကို စိတ်ဝင်စားမှုများပြားလာသည့်အတွက် ခရီးသွားရာသီအမီ ရန်ကုန်မြို့သို့ အများဆုံးတင်ပို့လျက်ရှိကြောင်း စစ်ကိုင်းမန္တလေးလမ်း မြေပဲတန်းရပ် အမရပူရမြို့မှ ပုလင်းပန်းချီဦးချစ်မြက ရှင်းပြသည်။

**နွေနဒီ(မြစ်ငယ်)**

## ဂန့်ဂေါတွင် စိုက်ပျိုးရေးနည်းပညာများ ဆွေးနွေး

**ဂန့်ဂေါ အောက်တိုဘာ ၁၇**
ဂန့်ဂေါမြို့နယ် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်အရေးပါသော စိုက်ပျိုးရေးနည်းပညာများ ပြန့်ပွားရေး၊ ဈေးကွက်ဝင်အထွက်ကောင်း မျိုးကောင်းမျိုးသန့်များ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာစေရေး၊ သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို ဂန့်ဂေါမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဘက်စုံ အဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာဖြစ်သည့် ဂန့်ဂေါမြို့နယ် ရွှေဘိုကျေးရွာတွင် မိုးစပါးစိုက်ပျိုးနည်းစနစ်များ ယှဉ်ပြိုင်စမ်းသပ်ကွက်၊ အရည်အသွေးကောင်း စပါးမျိုးများ ယှဉ်ပြိုင်စမ်းသပ်ကွက်နှင့် မိုးစပါး မျိုးစေ့ထုတ်စံပြကွက်များ၊ SRI စနစ် မိုးစပါးစံပြကွက်တို့ကို စိုက်ပျိုးဆောင်ရွက်ထားသည်။

အဆိုပါ စမ်းသပ်ကွက် စံပြကွက်များတွင် ကွင်းသရုပ်ပြပွဲကို အောက်တိုဘာ ၁၆ ရက် နံနက်က ပြုလုပ်ရာ အနီးပတ်ဝန်းကျင် ကျေးရွာများမှ တောင်သူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြပြီး တက်ရောက်လာသောတောင်သူများအား မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှူးဒေါ်ခင်မာအေးက စမ်းသပ်ကွက်စံပြကွက်များ ဆောင်ရွက်ထားပုံကို ရှင်းလင်းပြသသည်။

ဆက်လက်၍ ရွှေဘိုကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် စိုက်ပျိုးရေးနည်းပညာပေးဆွေးနွေးပွဲကိုပြုလုပ်ရာ မြို့နယ်ဦးစီးမှူးက စားသောက်ကုန်ဘေးကင်းလုံခြုံရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လိုက်နာဆောင်ရွက်ရေး၊ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး နည်းပညာများနှင့် ပိုးသတ်ဆေးစနစ်တကျ သုံးစွဲနည်းတို့ကို ပညာပေးဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများအား ပိုးသတ်ဆေးများ၊ ဇီဝစူပါရွက်ဖျန်း မြေဩဇာနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၆၅)

## အိမ်တိုင်ရာရောက် ရေပေးဝေနိုင်ရေး စက်ရေတွင်းများတူးဖော်

**မိတ္ထီလာ အောက်တိုဘာ ၁၇**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်တွင် နိုင်ငံတော်ထောက်ပံ့ငွေ (UNICEF) ဖြင့် သောက်သုံးရေအဆင်ပြေစေရန် အိမ်တိုင်ရာရောက် ရေပေးဝေနိုင်ရေး ကျေးရွာနှစ်ရွာတွင် စက်ရေတွင်းတူးဖော်ခြင်း၊ ရေစင်တည်ဆောက်ခြင်း၊ ရေပိုက်သွယ်တန်းခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်းများကို ကျေးရွာနှစ်ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သာစည်မြို့နယ် ရွာပုလဲလေးကျေးရွာတွင် နိုင်ငံတော်ထောက်ပံ့ငွေအဖြစ် UNICEF မှ ငွေကျပ် သိန်း ၁၄၀ နှင့် ကျေးရွာမှထည့်ဝင်ငွေ ငွေကျပ် သိန်း ၆၀ စုစုပေါင်း ငွေကျပ် သိန်း ၂၀၀ ဖြင့် သောက်သုံးရေ အဆင်ပြေစေရန် အိမ်ခြေ ၁၉၆ အိမ်အား ရေမီတာသုံး ရေပေးဝေနိုင်ရေးအတွက် အကျယ် ၄ လက်မ အနက် ပေ ၃၀၀ ရှိ Diameter PVC စက်ရေတွင်းတူးဖော်ခြင်း၊ ရေဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်း၊ အရှည်ပေ ၃၆၄၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် အကျယ် ၁၀ ပေ၊ အနံ ၈ ပေ၊ အမြင့် ၈ ပေရှိ ရေစက်ရုံတည်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ အိမ်ခြေ ၁၄၁ အိမ်၊ လူဦးရေ ၆၃၀ ရှိ ကျီတိုင်ကုန်း(မြောက်)ကျေးရွာကိုလည်း နိုင်ငံတော် ထောက်ပံ့ငွေအဖြစ် UNICEFမှ ငွေကျပ် သိန်း ၁၄၀ နှင့် ကျေးရွာမှ ထည့်ဝင်ငွေကျပ် သိန်း ၆၀ စုစုပေါင်း ငွေကျပ် သိန်း ၂၀၀ ဖြင့် စက်ရေတွင်းတူးဖော်ခြင်း၊ ရေစင်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းများသွယ်တန်းခြင်းများကို ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာများသို့ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**

## ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် လျော့ပါးရေးနေ့အထိမ်းအမှတ် အခမ်းအနား ကျင်းပ



**မုံရွာ အောက်တိုဘာ ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်လျော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီက ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် တက်ရောက်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က "မဖြစ်ပွားအောင် တားဆီးလို့မရတဲ့ သဘာဝဘေးအန္တရာယ်ကို ဖြစ်လာခဲ့ရင် ဆုံးရှုံးမှုလျော့နည်းအောင် ကြိုတင်ကာကွယ်ခြင်းဖြင့်သာ အနိုင်ယူရမှာဖြစ်ကြောင်း၊ ကာကွယ်မှုတွေပြုလုပ်ရာမှာလည်း နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်မှုအောက်မှာ NGOs, INGOs အဖွဲ့အစည်းများအပြင် ဌာနဆိုင်ရာများ၊ ပြည်သူလူထုတစ်ရပ်လုံးက တက်တက်ကြွကြွနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန်လိုကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မီးဘေး (၁၈)ကြိမ်၊ လေဘေး (၁၀၁) ကြိမ်၊ ရေဘေးအကြိမ် (၇၀)၊ ကမ်းပြိုဘေး (၅၁)ကြိမ်၊ မိုးကြိုးဘေး သုံးကြိမ်နဲ့ ထူးခြားဘေး တစ်ကြိမ် ဖြစ်ပွားခဲ့ကြောင်း၊ သဘာဝဘေးသင့်ဒေသများရှိ ပြည်သူများသို့ ကယ်ဆယ်ရေးပစ္စည်း၊ ဆန်ရိက္ခာဘိုးငွေ၊ အိမ်ဆောက် ပစ္စည်းဘိုးငွေ၊ သေဆုံးသူ ထောက်ပံ့ကြေးငွေနှင့် ဒဏ်ရာရသူ ထောက်ပံ့ငွေ စုစုပေါင်း ၃၀၄ ဒသမ ၈၃၄ သန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း" ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ အထူးကိုယ်စားလှယ်ထံမှ ပေးပို့သော သဝဏ်လွှာအား ဖတ်ကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများမှ ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် လျော့ပါးရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသော အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဧည့်ပရိသတ်များက ခန်းမအတွင်း ခင်းကျင်းပြသထားသော စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဖြစ်ပွားခဲ့သော သဘာဝဘေးများတွင် ပျက်စီးဆုံးရှုံးမှု မှတ်တမ်းဓာတ်ပုံများနှင့် ဆုရစာစီစာကုံးများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## ကလေးမြို့ပေါ်ရှိ ဆေးပစ္စည်းအရောင်းဆိုင်များနှင့် ကုန်မျိုးစုံဆိုင်များအား စစ်ဆေး



**ကလေး အောက်တိုဘာ ၁၇**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကလေးခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနသည် ကော်မတီဝင်များနှင့်အတူ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့၏ ဆေးဝါးလက်လီလက်ကားရောင်းချသူ လိုင်စင် ရှိ-မရှိနှင့် ဆိုင်ခန်းများလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ရှိ-မရှိတို့ကို ကလေးမြို့ပေါ်ရှိ ဆေးပစ္စည်းအရောင်းဆိုင်ကိုးဆိုင်နှင့် ကုန်မျိုးစုံဆိုင်တစ်ဆိုင်တို့အား အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီခွဲက FDA မှ သုံးစွဲရန်မသင့်ဟု ထုတ်ပြန်ထားသော ဆေးနှင့်ဆေးဝါးများ ရောင်းချမှု ရှိ-မရှိတို့ကို စစ်ဆေးခဲ့ကြကြောင်း သိရသည်။

အဆိုပါစစ်ဆေးရေးအဖွဲ့မှ လိုက်လံစစ်ဆေးရာတွင် ကလေးခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ ခရိုင်ဦးစီးမှူး ဒေါက်တာကောင်းထက်ဦးနှင့် ဝန်ထမ်းများသည် မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်အတူ ဆေးပစ္စည်းအရောင်းဆိုင်နှင့် ကုန်မျိုးစုံဆိုင်တို့ကို လိုက်လံစစ်ဆေးခဲ့ကြခြင်းဖြစ်သည်။

ယင်းသို့ လိုက်လံစစ်ဆေးရာတွင် မှတ်ပုံတင်ထားခြင်းမရှိသော လိုင်စင်မဲ့ဆေးဝါးနှင့် ရက်လွန်ဆေးဝါးများအား စစ်ဆေးတွေ့ရှိပါက သိမ်းဆည်းခဲ့ပြီး အဆိုပါသိမ်းဆည်းတွေ့ရှိခဲ့သည့် ဆေးဝါးအရောင်းဆိုင်များနှင့် ကုန်မျိုးစုံဆိုင်များကို အစားအသောက်နှင့် ဆေးဝါးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌမှတစ်ဆင့် နေပြည်တော် (ရုံးချုပ်) ၏ အဆုံးအဖြတ်ဖြစ်သည့် ဆေးဝါးရောင်းချမှုကို သုံးလဖြစ်စေ၊ ခြောက်လဖြစ်စေ ပိတ်သိမ်းအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပထမအကြိမ်စစ်ဆေးတွေ့ရှိခဲ့စဉ်က သတိပေးခဲ့ပြီးဖြစ်သလို အသိပညာပေး ဟောပြောပွဲများကိုလည်း ဆေးဆိုင်ပိုင်ရှင်များနှင့် ကုန်မျိုးစုံဆိုင်ပိုင်ရှင်များအား ဖိတ်ခေါ်၍ အသိပညာပေးဟောပြောပွဲများလည်း အကြိမ်ကြိမ်ပြုလုပ်ပေးခဲ့ပြီးဖြစ်ကြောင်း ကလေးခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှ ခရိုင်ဦးစီးအရာရှိထံမှ သိရသည်။

**ချင်းတွင်းသား**

## သူနာပြု၊ သားဖွားဒီပလိုမာ သင်တန်းသား၊ သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲကျင်းပ

**မြစ်ကြီးနား အောက်တိုဘာ ၁၇**
ကျန်းမာရေးဝန်ကြီးဌာန ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန မြစ်ကြီးနားမြို့ သူနာပြုသင်တန်းကျောင်းတွင် ဖွင့်လှစ်လျက်ရှိသည့် သူနာပြု၊ သားဖွား ဒီပလိုမာသင်တန်း အမှတ်စဉ် (၂၅) ၏ ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၁၇ ရက် နံနက်၈နာရီက အဆိုပါသင်တန်းကျောင်းရှိ သင်တန်းခန်းမဆောင်၌ ကျင်းပခဲ့သည်။

ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က သူနာပြုနှင့် သားဖွားပညာရပ်သည် အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုဖြစ်ပြီး ဝါသနာ၊ စေတနာ၊ အကြင်နာ၊ အနစ်နာခံသည့် နာလေးနာအား အခြေခံလျက် ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထိုကဲ့သို့ တာဝန်ထမ်းဆောင်စဉ်ကာလတွင် မိမိတို့၏ အရည်အသွေးတိုးတက်ရေးအတွက်လည်း ဆက်လက်၍ဆေးပညာဘာသာရပ်များကို ဆည်းပူး လေ့လာသွားကြစေလိုကြောင်းဖြင့် အဖွင့်အမှာ စကားပြောကြားခဲ့သည်။

ထို့နောက် ကချင်ပြည်နယ် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်စွဲ့ဆုမာလာနှင့် တာဝန်ရှိသူများက သင်တန်းသားနှစ်ဦးနှင့် သင်တန်းသူ ၅၇ ဦးတို့အား ဂျူတီကုတ်နှင့် ဦးဆောင်းများ အပ်နှင်းခဲ့ပြီး ဂျူတီကုတ်နှင့် ဦးဆောင်းများ အပ်နှင်းခြင်းခံရသည့် သင်တန်းသား၊ သင်တန်းသူများက သူနာပြုသစ္စာအဓိဋ္ဌာန် ရွစ်ချက်ကို ရွတ်ဆိုကာ ပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းလွင်က ထူးချွန်ဆုရ သင်တန်းသူ လေးဦးအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူ တစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားအပြီးတွင် ဝန်ကြီးမှ သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အားပေးစကားများပြောကြားပြီး အခမ်းအနားသို့ ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီးများနှင့် လက်ထောက် ဆရာဝန်များ၊ သူနာပြု ဆရာမကြီးများ၊ သင်တန်းသား၊ သင်တန်းသူများအင်အား ၁၈၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

# မက်ဆီ ၁၀ ယောက် ကိုယ်တစ်ယောက်



အာဂျင်တီးနားအသင်းဟာ အီကွေဒေါအသင်းကို မက်ဆီရဲ့ ဟက်ထရစ်ဂိုးတွေနဲ့အနိုင်ယူပြီး ၂၀၁၈ ကမ္ဘာ့ဖလား အိပ်မက်ကို ရုပ်လုံးဖော်နိုင်ခဲ့တယ်။ အစောပိုင်းက ဝေဖန်မှုတွေခံနေရတဲ့ အာဂျင်တီးနားအသင်းဟာ မက်ဆီရဲ့ အံ့အားသင့်လောက်ဖွယ် ခြေစွမ်းတွေနဲ့ အားကုန်ရုန်းပြီး ရုရှားမြေသွားခွင့်လက်မှတ်ကို ဆုပ်ကိုင်နိုင်ခဲ့တယ်။ ဒီအတွက် အာဂျင်တီးနားမြေမှာသာမက ကမ္ဘာ့မီဒီယာစာမျက်နှာတွေပေါ် မက်ဆီရဲ့ပုံရိပ်တွေသာ တောက်လျှောက်ယူနေသလို ခု အာဂျင်တီးနားကလပ်အသင်းတစ်ခုရဲ့လုပ်ရပ်က သူတို့ မက်ဆီကို သူ့ရဲကောင်းတစ်ဦးလို ရှုမြင်တယ်ဆိုတာ ကွင်းကွင်းကွက်ကွက် သိသာစေပါတယ်။

အာဂျင်တီးနား တတိယတန်းကလပ် ဆာကာရှိစပတ်စ်အသင်းက ကွန်မြူနီကာဆီးနိုးနဲ့ မကစားမီ ဓာတ်ပုံရိုက်ကူးစဉ် ဂိုးသမားကလွဲလို့ ကျန်ကစားသမား ၁၀ ဦးလုံးက မက်ဆီမျက်နှာဖုံး တပ်ဆင်ထားပြီး ဒီပုံကို တွစ်တာစာမျက်နှာ ထက်တင်ပြီး "တို့ရဲ့ သူ့ရဲကောင်းမက်စ်" ဆိုတဲ့ စာသားကိုပါ ပူးတွဲဖော်ပြခဲ့တာ ဖြစ်ပါတယ်။ မက်ဆီဟာ ဒီနှစ်ဘောလုံးရာသီမှာ ဘာစီလိုနာအတွက်လည်း အထူးခြေစွမ်းပြနေသူဖြစ်ပြီး သူပါဝင်တဲ့ ပွဲတိုင်းမှာ သူဟာဘာကြောင့် ကမ္ဘာ့အကောင်းဆုံးဖြစ်တယ်ဆိုတာ အသိအမှတ်ပြုခံရအောင် စွမ်းဆောင်ထားနိုင်သူဖြစ်ပါတယ်။

# ဒဏ်ရာများနဲ့ ကွန်တီ

ချယ်လ်ဆီးနည်းပြ ကွန်တီဟာ မနှစ်က ချယ်လ်ဆီးကို ဘယ်သူမှ မထင်မှတ်ထားချိန်မှ အကောင်းဆုံးဖြစ်လာအောင် ပြန်လည်တည်ဆောက်ပြီး ရာသီကုန်မှာ ပရီမီယာလိဂ်ဖလားကိုရရှိစေခဲ့သူဖြစ်ပါတယ်။ ပြီးခဲ့တဲ့နွေရာသီအပြောင်းအရွှေ့ဈေးကွက်အတွင်း တိုက်စစ်မှူး ကော်စတာနဲ့ဖြစ်ခဲ့တဲ့ ပြဿနာ၊ လိုချင်တဲ့ လူကာကူကိုမရဘဲ မိုရာတာကိုသာ ခေါ်ယူနိုင်ခဲ့တာ စတာတွေအပြင် ပရီမီယာလိဂ်လက်ရှိချန်ပီယံအသင်းနည်းပြတွေ နှစ်ရာသီဆက်တိုက် ထုတ်ပယ်ခံရမှုတွေ ရှိခဲ့တာကြောင့်လည်း ကွန်တီဘာလဲ၊ ဘယ်လဲဆိုတာ အားလုံးက စောင့်ကြည့်ခံနေရတာဖြစ်ပါတယ်။

ပဲလေ့စ်ကို မထင်မှတ်ဘဲ အရေးနိမ့်ခဲ့တဲ့ပွဲမှာ မော့ဆက်စ်တံကောက်ကြော ဒဏ်ရာရရှိခဲ့တဲ့အတွက် မော့ဆက်စ်ဟာမိုရာတာ၊ ကန်တီတို့နဲ့အတူ ယခုနှစ်ရာသီ ချယ်လ်ဆီးမှာ တံကောက်ကြော ဒဏ်ရာရရှိတဲ့ တတိယမြောက်ကစားသမားအဖြစ် စာရင်းဝင်သွားခဲ့ပါတယ်။ နည်းပြကွန်တီကတော့ ဒီအခြေအနေကို အရေးပေါ်အဖြစ် ကြေညာခဲ့ပြီး အစားထိုးဖို့ အလျင်အမြန် ကြိုးစားရတော့မယ်လို့ ဝန်ခံလိုက်ပါတယ်။ မော့ဆက်စ်က ဒီဒဏ်ရာကြောင့် ရက်သတ္တခြောက်ပတ် အနားယူရတော့မှာဖြစ်တဲ့အတွက် လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်ရေး အောက်တိုဘာပွဲကျပ်ကာလကို အောင်မြင်စွာကျော်လွှားနိုင်ဖို့ အတော်လေးရုန်းကန်ရမယ့် အနေအထားဖြစ်ပါတယ်။

မော့ဆက်စ် ဒဏ်ရာရသွားပေမယ့် မိုရာတာက လေ့ကျင့်ခန်း အပြည့်အဝ ပြန်ဆင်းနိုင်ပြီဖြစ်ပြီး ရိုးမားနဲ့ပွဲမှာ ပါဝင်နိုင်ဖို့သေချာနေပြီဆိုတာကတော့ ချယ်လ်ဆီးပရိသတ်တွေအတွက် သတင်းကောင်းဖြစ်ပါတယ်။ ချယ်လ်ဆီးဟာ ဒီပွဲမတိုင်မီက ယှဉ်ပြိုင်ခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာလည်း မန်စီးတီးကို အရေးနိမ့်ခဲ့သေးသလို ခု အမှတ်ပေးဇယားအောက်ဆုံးက တစ်မှတ်မှမရသေးတဲ့ ပဲလေ့စ်ကိုလည်း ထပ်ပြီး အရေးနိမ့်ခဲ့ပြန်တာဖြစ်ပါတယ်။ ဒီလိုနှစ်ပွဲဆက်တိုက်အရှုံးကြောင့် အမှတ်ပေးဇယား အဆင့်(၅)နေရာအထိ ဆင်းပေးခဲ့ရပြီဖြစ်ပါတယ်။

# ပီအက်စ်ဂျီအသင်းကို ကိုင်တွယ်ဖို့ ရည်မှန်းနေပြီဖြစ်တဲ့ မော်ရင်ဟို



မန်ယူနည်းပြ မော်ရင်ဟိုက မန်ယူဟာ သူနောက်ဆုံးကိုင်တွယ်တဲ့ အသင်းမဟုတ်ဘဲ တစ်နေ့ကျရင် အမှန်တရားကို ပြောပြမယ်လို့ ပြင်သစ်ရုပ်မြင်နဲ့ အင်တာဗျူးမှာ ဖြေကြားခဲ့ပါတယ်။ မော်ရင်ဟိုက သူဘယ်ကိုသွားမယ်ဆိုတာ တိတိကျကျ မပြောပေမယ့် သူ့သားကဆို လူကသာ မန်ချက်စတာမြို့မှာနေပေမယ့် ပဲရစ်ကိုသွားပြီး ဘောလုံးပွဲကြည့်ရှုရတာကို သဘောကျနေတယ်လို့ ဆိုလိုက်ခြင်းအားဖြင့် သူပြောင်းချင်တဲ့အသင်းဟာ ပီအက်စ်ဂျီဆိုတာကို သွယ်ဝိုက်အရိပ်ပြခဲ့ပါတယ်။

ဒါ့အပြင် မော်ရင်ဟိုက" ကျွန်တော်က ခုထိရည်မှန်းချက်တွေနဲ့ ရှင်သန်နေတတ်တဲ့နည်းပြဖြစ်ပြီး အသစ်သစ်တွေ လုပ်ဆောင်ဖို့ ဆန္ဒရှိပါတယ်။ မန်ယူနဲ့အတူ နည်းပြဘဝ အဆုံးမသတ်ဘူးဆိုတာကလည်း သေချာပါတယ်"လို့ ဖြေကြားခဲ့တာဖြစ်ပါတယ်။

မော်ရင်ဟိုဟာ ပီအက်စ်ဂျီအသင်းရဲ့ ကမ်းလှမ်းမှုကို နှစ်ကြိမ်တိုင်ငြင်းပယ်ခဲ့ဖူးပေမယ့် နေမာ၊ မက်ပီတို့လို ကစားသမားတွေကို ရအောင်ခေါ်ပေးနိုင်တဲ့ ပီအက်စ်ဂျီရဲ့ အပြောင်းအရွှေ့ဈေးကွက်အတွင်း လှုပ်ရှားမှုတွေဟာ မော်ရင်ဟိုကို အာရုံပြောင်းလာစေခဲ့တဲ့ အကြောင်းတရားများဖြစ်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒါ့အပြင် ပီအက်စ်ဂျီအသင်းတာဝန်ရှိသူတွေက လက်ရှိနည်းပြ အမ်မရီသာ ဒီနှစ်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဖလား မရယူပေးနိုင်ရင် ထုတ်ပယ်ဖို့ အသင့်အနေအထားဖြစ်နေတာကလည်း မော်ရင်ဟိုရဲ့ ပီအက်စ်ဂျီအာရုံကို တပ်လှန့်နိုင်တဲ့ အကြောင်းတရား ဖြစ်နေပါတယ်။

ဒီလို ပြောဆိုခဲ့တာက မန်ယူအသင်းဘက်ကနေ မော်ရင်ဟိုကို ငါးနှစ်သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုဖို့ ကမ်းလှမ်းထားချိန်နဲ့လည်း တိုက်ဆိုင်နေပါတယ်။ မန်ယူတာဝန်ရှိသူတွေက မော်ရင်ဟိုအနေနဲ့ မန်ယူအသင်းကို ရေရှည်ကိုင်တွယ်မယ်လို့ အပြည့်အဝ ယုံကြည်ထားပေမယ့် မော်ရင်ဟိုကတော့ သူ မကိုင်တွယ်ဘူးသေးတဲ့ ပြင်သစ်လိဂ်ကိုသွားဖို့ ဆုံးဖြတ်ထားတဲ့ပုံ ရှိနေပြီဖြစ်ပါတယ်။ သူဟာ ပေါ်တို၊ ချယ်လ်ဆီး၊ အင်တာမီလန်၊ ရီးယဲလ်မက်ဒရစ်အသင်းတွေကို ကိုင်တွယ်ဖူးပြီး လက်ရှိတာဝန်ယူထားတဲ့ မန်ယူအသင်းမှာလည်း အောင်မြင်မှုတွေ ရနေပေမယ့် သူ့ရဲ့ နောက်ဆုံးကိုင်တွယ်တဲ့အသင်းက မန်ယူမဟုတ်တာ သေချာတယ်လို့ဆိုထားတော့ ပီအက်စ်ဂျီအတွက် အိုးထရက်ဖို့ဒ်ကို ကျောခိုင်းသွားဖွယ်ရှိနေပြီလို့ ခန့်မှန်းရပါတယ်။

မေလဲ့သင်း-ရေးသားသည်

# စတိုင်နဲ့ ဒိုင်ဗင်ပစ်မယ့် နေမာ




ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးရှင် နေမာက အီတလီကုမ္ပဏီတစ်ခုအတွက် ကြေညာပေးခဲ့တဲ့ ပုံစံက ပရိသတ်တွေကို ပါးစပ်အဟောင်းသား ဖြစ်သွားစေခဲ့ပါတယ်။ နေမာဟာ သူကြေညာပေးတဲ့ အီတလီထုတ် ဂါဂါမီလန်နို အမှတ်တံဆိပ် နာရီကို သူရဲ့ လူမှုကွန်ရက်ပေါ်ကတစ်ဆင့် ဖော်ပြခဲ့ရာမှာ ဓာတ်ပုံက ကြေညာမှာ အသုံးပြုတဲ့ သာမန်ပုံသာဖြစ်ပေမယ့် သူရေးခဲ့တဲ့စာသားကြောင့် ခုလို အံ့အားတသင့်ဖြစ်ခဲ့ရတာ ဖြစ်ပါတယ်။ နေမာဟာ လူမှုကွန်ရက်မှာ Follower ၃၃ ဒသမ ၈ သန်းရှိတဲ့ ကစားသမားဖြစ်ပြီး သူကရိုက်ကူးထားတဲ့ ကြေညာဓာတ်ပုံနဲ့အတူ "စတိုင်နဲ့ ဒိုင်ဗင်ပစ်မယ်"ဆိုတဲ့ စာသားကိုပါ ရေးသားခဲ့တာဖြစ်ပါတယ်။

နေမာဟာ အောင်မြင်မှုတွေ အလီလီ ရရှိနေတဲ့ သူဖြစ်ပေမယ့် အချို့သောပြိုင်ပွဲတွေမှာ ဒိုင်ဗင်ပစ်ပြီး ပင်နယ်တီတို့၊ အလွတ်တည်ကန်ဘောတွေရယူပြီး ဒိုင်တွေကို လှည့်စားကာ ရလဒ်ပြောင်းလဲတတ်တဲ့ ကစားသမားဆိုတဲ့ စွပ်စွဲမှုတွေနဲ့ အသားကျနေသူလည်း ဖြစ်ပါတယ်။ နေမာကို ဒီလိုစွပ်စွဲသူတွေထဲမှာ မန်ယူနည်းပြ မော်ရင်ဟိုနဲ့ ဆဲလ်တစ်အကြီးအကဲ နေးလ်လန်နွန်တို့လို လူမျိုးတောင် ပါဝင်ပါတယ်။ ဒါကြောင့်လည်း နေမာရဲ့ အခုရေးသားမှုက ဘောလုံးလောကတွင်း သူ့ကို မကြာခဏ ဝေဖန်နေတဲ့ သူတွေကိုပဲ တမင်ရွဲ့လေသလားဆိုတာတော့ မသိပေမယ့် နေမာဟာ မကြာခဏဆိုသလို အငြင်းပွားမှုတွေ ပြုလုပ်တတ်သူဖြစ်ပါတယ်။

ပြီးခဲ့တဲ့ နွေဈေးကွက်ကပဲ ထိပ်တန်းကလပ်အသင်းကြီး ဘာစီလိုနာအသင်းကနေ ပီအက်စ်ဂျီ အသင်းကို စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀၀နဲ့ ပြောင်းရွှေ့သွားတာကြောင့် ဒါဟာ ငွေကြေးအတွက် သီးသန့်ဆုံးဖြတ်ခဲ့တာလို့ သတင်းတွေ စွပ်စွဲမှုတွေ အရှိန်မပြယ်သေးတဲ့ကာလမှာပဲ သူ့ကို အပိုဆုကြေးမပေးတဲ့ ဘာစီလိုနာကို ချန်ပီယံလိဂ်ပြိုင်ပွဲက ထုတ်ပယ်ပေးဖို့ တောင်းဆိုခဲ့တာ၊ ကာဗာနီနဲ့ ပင်နယ်တီ လုကန်ဖို့ ကြိုးစားခဲ့တာတွေကစတဲ့ ဖြစ်ရပ်တွေလည်း ရှိခဲ့ပါတယ်။ ခုလည်း "စတိုင်နဲ့ ဒိုင်ဗင်ပစ်ကြမယ်" ဆိုတဲ့ စာသားကို ရေးသားခဲ့ပြန်တာကြောင့် နေမာဟာ ဝေဖန်မှုတွေကြားက သူ့ပုံရိပ်ကို ကျော်ကြားအောင် ပြုတတ်သူရယ်လို့ ရှုမြင်ရမှာ ဖြစ်ပါတယ်။ ဂါဂါနီလန်နိုကုမ္ပဏီဟာ မကြာသေးမီကပဲ စီးရီးအေကလပ် အင်တာမီလန်နဲ့ စာချုပ်ချုပ်ခဲ့ပြီး အင်တာရဲ့ ကွင်းထဲမှာ အသုံးပြုမယ့်နာရီဘုတ်ပြားအပြင် ဧည့်ကြိုနဲ့ အဝတ်လဲခန်းတွေမှာလည်း သူတို့ ကုမ္ပဏီထုတ်နာရီတွေကို ဖြည့်စွမ်းခွင့်ရရှိထားပါတယ်။

## ဆံပင်ကအစ ပြောရတော့မယ့် ဘာကာယိုကို




ပြီးခဲ့တဲ့ နွေဈေးကွက်အတွင်းက မိုနာကိုကနေ ချယ်လ်ဆီးကို ရောက်လာတဲ့ ဘာကာယိုကိုဟာ ကွင်းလယ်ပိုင်းမှာ ခြေစွမ်း အတော်ကောင်းတဲ့သူဖြစ်ပြီး ပေးခဲ့ရတဲ့ ပြောင်းရွှေ့ကြေးနဲ့ ထိုက်တန်တဲ့ ခြေစွမ်းတစ်ရပ် ပြသထားနိုင်သူ ဖြစ်ပါတယ်။ ဘာကာယိုကိုက ချယ်လ်ဆီးအတွက် ချန်ပီယံလိဂ်မှာ ဂိုးသွင်းယူခဲ့ပြီးဖြစ်ပေမယ့် သူသာ ပရီမီယာလိဂ်မှာ ဂိုးစတင်သွင်းနိုင်ရင် ဆံပင်ကို အပြာရောင်ဆိုးမယ်လို့ ကြွေးကြော်ခဲ့ဖူးသူဖြစ်ပါတယ်။

အပြာရောင်က ချယ်လ်ဆီးကိုယ်စားပြု အရောင်ဖြစ်တာကြောင့် ခုလို ဆံပင်ကအစ ပြာရတော့မယ်ဆိုတာ သူ့နှလုံးသားအားလုံး ချယ်လ်ဆီးနဲ့ တစ်သားတည်းရှိသွားပြီဆိုတာ ပြသတာလို့ ယေဘုယျယူဆရပါတယ်။ ဒီလိုပြောပြီး သိပ်မကြာခင်မှာပဲ ခရစ္စတယ်ပဲလေ့စ်နဲ့ ပွဲမှာ ချယ်လ်ဆီးအတွက် ချေပဂိုးကို ဘာကာယိုကို သွင်းယူခဲ့ပေမယ့် အဲဒီပွဲမှာ ချယ်လ်ဆီးက နှစ်ဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်ခဲ့တာကြောင့် ဘာကာယိုကို ဆံပင်ပြာသွားတယ်ဆိုတာတောင် "ပြာ" သွားရုံသက်သက်ဖြစ်မယ့် အနေအထားဖြစ်ပါတယ်။ ခုထိတော့ ဘာကာယိုကို ဆံပင်အရောင် ပြောင်းထားတာ မတွေ့ရသေးလို့ ရှုံးပွဲကြောင့် ကတိဖျက်ခဲ့တာလားဆိုတာတော့ ကာယကံရှင်ပဲ သိပါလိမ့်မယ်။

# Vogue မှာ အလှဘုရင်မတစ်ပါးအဖြစ် တွေ့မြင်ရတဲ့ ဆောင်းဟေကို

တောင်ကိုရီးယားရဲ့ ဖက်ရှင်မဂ္ဂဇင်းတစ်ခုဖြစ်တဲ့ "Vogue" မဂ္ဂဇင်းကြီးရဲ့ လာမယ့်လအတွက် ထုတ်လုပ်သွားမယ့် မဂ္ဂဇင်းမျက်နှာဖုံးမှာတော့ ဆောင်းဟေကိုရဲ့ ဓာတ်ပုံကို




ဖော်ပြခဲ့တာဖြစ်ပါတယ်။ ယင်းပုံမှာတော့ ဆောင်းဟေကိုဟာ အစွမ်းကုန်လှနေတာဖြစ်ပြီး သူ့ရဲ့အလှတွေကိုလည်း ပေါ်လွင်အောင် ပြင်ဆင်ရိုက်ကူးထားတာကြောင့် အလှဘုရင်မတစ်ပါးအဖြစ် တင်စားကာ အောကေပေ့ါပ်ဒေ့ါကွန်းက ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

လာမယ့်နိုဝင်ဘာလထုတ် "Vogue" မဂ္ဂဇင်းကြီးရဲ့ မျက်နှာဖုံးရှင် ဆောင်းဟေကိုဟာ အလှဓာတ်ပုံသုံးပုံကို ရိုက်ကူးဖော်ပြခဲ့တာတွေ့ရပါတယ်။ ယင်းဓာတ်ပုံတွေမှာ ဆံပင်ကောက်လေးတွေနဲ့ လှပနေတဲ့ဆောင်းဟေကိုဟာ ကင်မရာကို ငေးကြည့်လိုက်တဲ့အခါမှာတော့ နတ်သမီးတစ်ပါးလို့ တင်စားရလောက်အောင် ပြည့်စုံစွာလှနေတာဖြစ်ပါတယ်။

ဆောင်းဟေကိုဟာ လာမယ့်အောက်တိုဘာ ၃၁ ရက်မှာ မင်္ဂလာပွဲဆင်နွှဲသွားမှာဖြစ်ပြီး မင်္ဂလာအခမ်းအနားကို မိသားစုဝင်တွေနဲ့ ရင်းနှီးသူတွေနဲ့သာ အကျဉ်းချုံးကျင်းပသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ ဆောင်းဟေကိုနဲ့ သတို့သားလောင်း ဆောင်ဂျွန်ကီတို့ဟာ ပြီးခဲ့တဲ့လအတွင်းက အမေရိကန်နိုင်ငံသို့ သွားရောက်ကာ မင်္ဂလာဓာတ်ပုံရိုက်ကူးခဲ့ကြပြီး ပြင်သစ်မှာလည်း အတူချိန်းဆိုတွေ့ဆုံခဲ့တာ တွေ့ရပါတယ်။



# စေ့စပ်လိုက်ပြီဖြစ်တဲ့ ဂျိုဂျိုးနက်စ်နဲ့ ဆိုဖီယာတာနာ

နာမည်ကျော် ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ဂျိုဂျိုးနက်စ်နဲ့ ဆိုဖီယာတာနာတို့ဟာ လတ်တလောမှာတော့ စေ့စပ်လိုက်ပြီဖြစ်ကြောင်း ဆိုဖီယာတာနာရဲ့ စေ့စပ်လက်စွပ်ဝတ်ဆင်ထားတဲ့ဓာတ်ပုံကို ဂျိုဂျိုးနက်စ်က သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာပေါ်ကနေတစ်ဆင့် ဖော်ပြခဲ့ကာ ဆိုဖီယာအနေနဲ့ သူ့ရဲ့လက်ထပ်ခွင့်တောင်းဆိုမှုကို လက်ခံလိုက်ပြီဖြစ်ကြောင်း စာသားကိုလည်း ဓာတ်ပုံရဲ့ အောက်ခြေမှာအတူတွဲကာ ရေးသားဖော်ပြခဲ့တာဖြစ်ကြောင်း အမ်တီဗွီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။


ပြီးခဲ့တဲ့ အောက်တိုဘာ ၁၅ ရက်မှာ ဂျိုဂျိုးနက်စ်က သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဓာတ်ပုံနဲ့စာသားတွေကို ဖော်ပြခဲ့တာဖြစ်ပြီး နှစ်ဦးသားစေ့စပ်လိုက်တဲ့အပေါ် အပေါင်းအသင်းမိတ်ဆွေတွေက ဝမ်းမြောက်ကြောင်း စာသားတွေကို ဓာတ်ပုံရဲ့အောက်မှာ မှတ်ချက်ပြုရေးသားဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ ဒီလိုဝမ်းသာစကားဆိုခဲ့သူတွေထဲမှာ ဆိုဖီယာတာနာနဲ့အတူ "Game of Thrones" ဇာတ်လမ်းတွဲရုပ်ရှင်တွေမှာ ညီအစ်မအဖြစ် ပါဝင်ထားတဲ့ မင်းသမီး မက်စီဝီလီယမ်စ်ကလည်း ဝမ်းမြောက်ဂုဏ်ယူကြောင်း ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။ "Game of Thrones" ဇာတ်လမ်းတွဲတွေမှာ ဆိုဖီယာက ဆန်ဆာစတာ့ခ်အဖြစ် ပါဝင်ထားတာဖြစ်ပြီး မက်စီကတော့ အာယာစတာ့ခ်အဖြစ် ဇာတ်ဆောင်တွေနေရာက ပါဝင်ထားကြတာလည်း ဖြစ်ပါတယ်။

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဆိုဖီယာတာနာနဲ့ တေးသံရှင်တစ်ဦးအဖြစ် အောင်မြင်နေတဲ့ ဂျိုဂျိုးနက်စ်တို့ဟာ ချစ်သူတွေအဖြစ် တစ်နှစ်ကျော်ကြာ လက်တွဲခဲ့ပြီးတဲ့နောက်မှာ ယခုလို စေ့စပ်လိုက်ကြတာလည်း ဖြစ်ပါတယ်။

# ယာဉ်တိုက်မှုကြောင့် ဆေးရုံရောက်ခဲ့ရတဲ့ အက်ဒ်ရှီရန် နယ်လှည့်ဖျော်ဖြေပွဲတွေ ရွှေ့ဆိုင်းနိုင်ဖွယ်ရှိ

လတ်တလော ကမ္ဘာတလွှားမှာ ရေပန်းစားလျက်ရှိတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Shape of You" တေးသီချင်းရဲ့ တေးသံရှင် အက်ဒ်ရှီရန်ဟာ မကြာသေးမီက ယာဉ်တိုက်မှုတစ်ခုမှာ ပါဝင်ခဲ့ပြီး ဆေးရုံရောက်ရှိခဲ့ကာ လက်ကျိုးသွားခဲ့ပုံရကြောင်း သိရပါတယ်။ အက်ဒ်ရှီရန်ဟာ သူ့ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ်အတွက် လတ်တလောမှာ နယ်လှည့်ဖျော်ဖြေပွဲတွေကို ပြုလုပ်နေတာကြောင့် ဒီလိုထိခိုက်ဒဏ်ရာရရှိခဲ့ပြီးနောက် သူ့ရဲ့နယ်လှည့်ဖျော်ဖြေရေးအစီအစဉ်တွေကို ရွှေ့ဆိုင်းသွားနိုင်ဖွယ်ရှိကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အက်ဒ်ရှီရန်ဟာ ပြီးခဲ့တဲ့ အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက လန်ဒန်မှာ စက်ဘီးစီးနေစဉ် ကားတစ်စီးနဲ့ တိုက်မိခဲ့တာကြောင့် သူ့ရဲ့ လက်မောင်းကျိုးသွားခဲ့ပုံရကာ ဆေးရုံမှာ ကုသမှုခံယူခဲ့ရတာဖြစ်ပါတယ်။ အက်ဒ်ရှီရန်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ကျောက်ပတ်တီးစီးထားရတဲ့ သူ့ရဲ့ဓာတ်ပုံကို ဖော်ပြခဲ့ပြီး ဒဏ်ရာရခဲ့ကြောင်း ပရိသတ်တွေကို အသိပေးခဲ့တာဖြစ်ပါတယ်။



အေးပြည့်စု စုစည်းသည်

အွန်လိုင်းမီဒီယာပေါ်မှာ ပရိသတ် ၁၅ သန်းကျော် ပိုင်ဆိုင်ထားတဲ့ အက်ဒ်ရှီရန်က ဒီလိုထိခိုက်ဒဏ်ရာရခဲ့တာကြောင့် သူ့ရဲ့နယ်လှည့် ဖျော်ဖြေရေးအစီအစဉ်တွေအနက် မကြာမီမှာ ကျင်းပသွားဖို့ရည်ရွယ်ထားတဲ့ ပွဲတွေကို ဖျက်ရနိုင်ဖွယ်ရှိကြောင်းနဲ့ ပရိသတ်တွေကို အချိန်နဲ့တစ်ပြေးညီ အသိပေးသွားမှာဖြစ်တဲ့အတွက် သတင်းတွေကို နားစွင့်နေစေလိုကြောင်း တစ်ပါတည်း ရေးသား ဖော်ပြခဲ့တာတွေ့ရပါတယ်။

လတ်တလောမှာ အသက်(၂၆) နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂရမ်မီဆုရှင် ဗြိတိန်ပေ့ါပ်ကြယ်ပွင့် အက်ဒ်ရှီရန်ဟာ သူ့ရဲ့နောက်ဆုံးသော နယ်လှည့်ဖျော်ဖြေရေးပွဲစဉ်တွေကို ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း စတင်ခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာ ခေတ္တရပ်နားနေတဲ့ ဖျော်ဖြေရေးပွဲတွေကိုတော့ လာမယ့် အောက်တိုဘာ ၂၂ ရက်မှာ ပြန်လည်စတင်သွားမှာဖြစ်ပြီး ယခင်အစီအစဉ်အရ လာမယ့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှာမှ ပြီးဆုံးမှာဖြစ်ပါတယ်။ ဒါပေမယ့် လတ်တလောဖြစ်ပွားခဲ့တဲ့ ထိခိုက်မှုကြောင့် ဖျော်ဖြေပွဲတွေကို သတ်မှတ်ရက်မှာ ကျင်းပနိုင်းခြင်း ရှိ၊ မရှိ မသေချာတော့တာဖြစ်ပါတယ်။



# Super Junior ရဲ့ အဖွဲ့လိုက် ဓာတ်ပုံထုတ်ဖော်ပြသ

မကြာမီမှာ ပရိသတ်ရှေ့ကို တေးအယ်လ်ဘမ်သစ်နဲ့အတူ အရောက်ပြန်လာဖို့ရာစီစဉ်ထားတဲ့ တောင်ကိုရီးယား အမျိုးသားတေးဂီတအဖွဲ့ Super Junior ဟာ လတ်တလောမှာတော့ တေးအယ်လ်ဘမ်သစ်အတွက် ရိုက်ကူးထားတဲ့ အဖွဲ့လိုက်ဓာတ်ပုံကို ထုတ်ဖော်ပြသလာခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

Super Junior ဟာ ရှစ်ခုမြောက်တေးအယ်လ်ဘမ်ကို ထုတ်လွှင့်သွားဖို့အတွက် ပြင်ဆင်နေတာဖြစ်ပြီး ယင်းတေးအယ်လ်ဘမ်ကို အပြည့်အစုံထုတ်လွှင့်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ လတ်တလောမှာတော့ တေးအယ်လ်ဘမ်သစ်အတွက် ရည်ရွယ်ရိုက်ကူးထားတဲ့ အုပ်စုလိုက် ဓာတ်ပုံနှစ်ပုံကို ထုတ်ဖော်ပြသလာတာ ဖြစ်ပါတယ်။ ဓာတ်ပုံနှစ်ပုံအနက် တစ်ပုံဟာ အဖြူအမည်းနဲ့ ရိုက်ကူးထားတာဖြစ်ပြီး ကျန်တစ်ပုံကတော့ ကာလာဓာတ်ပုံဖြစ်ကာ ယင်းဓာတ်ပုံတွေမှာ အဖွဲ့ဝင်ခုနစ်ဦး ပါဝင်ရိုက်ကူးထားတာ တွေ့ရပါတယ်။

ယခုလိုအုပ်စုလိုက်ဓာတ်ပုံတွေကို ထုတ်ဖော်ပြသခဲ့ပြီးနောက် လာမယ့်သုံးရက်အတွင်း အဖွဲ့ဝင်တစ်ဦးချင်းစီရဲ့ အလှဓာတ်ပုံတွေကို ထုတ်ဖော်ပြသပေးသွားမှာဖြစ်ပါတယ်။ လာမယ့် နိုဝင်ဘာ ၆ ရက်မှာတော့ Super Junior ရဲ့ တေးအယ်လ်ဘမ်သစ်အပြည့်အစုံကို တရားဝင် စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# သေခြင်းတရားကိုရင်ဆိုင်ဖို့ အဆင်သင့်ဖြစ်နေပြီလို့ဆိုလာတဲ့ ဂျိန်းဖွန်ဒါ

တစ်ချိန်က ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်တဲ့ ဂျိန်းဖွန်ဒါက လက်ရှိမှာတော့ အသက်(၇၉)နှစ်ရှိခဲ့ပြီဖြစ်ကာ လက်ရှိမှာသူဟာ သေခြင်းတရားကို ရင်ဆိုင်ဖို့အတွက် အဆင်သင့်ဖြစ်နေပြီဖြစ်ကာ သေရမှာကို ကြောက်ရွံ့မှုမရှိကြောင်း အင်တာဗျူးတစ်ခုမှာ ဖွင့်ဟခဲ့တယ်လို့ အိတ်ဇ်ပရက်စ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Town & Country" မဂ္ဂဇင်းရဲ့ မျက်နှာဖုံးရှင်အဖြစ် ရိုက်ကူးပေးခဲ့သည့် အော်စကာဆုရှင်မင်းသမီး ဂျိန်းဖွန်ဒါက ယင်းမဂ္ဂဇင်းမျက်နှာဖုံးဓာတ်ပုံမှာ သူ့အတွက်တော့ အသက်အရွယ်ဆိုတာ ကိန်းဂဏန်းတစ်ခုသာဖြစ်ကြောင်း သက်သေပြလိုက်သည့်နှယ် သွယ်လျတဲ့ ခန္ဓာကိုယ်နဲ့ တောက်ပတဲ့မျက်ဝန်းတွေအပြင် အသက်နဲ့နှိုင်းယှဉ်ပါက နုပျိုတဲ့မျက်နှာတို့ကို ပိုင်ဆိုင်ထားဆဲဖြစ်တာတွေ့ရပါတယ်။

လာမယ့်ဒီဇင်ဘာလအတွင်းမှာ အသက်(၈၀)ပြည့်တော့မှာဖြစ်တဲ့ ဂျိန်းဖွန်ဒါက သူ့ရဲ့ဘဝနဲ့ပတ်သက်ပြီး အလွန်ရိုးသားသူတစ်ဦးဖြစ်ကာ ဘဝနဲ့ပတ်သက်တဲ့ သူ့ရဲ့ခံစားချက်ကတော့ လူတစ်ယောက်အနေနဲ့ သူတတ်နိုင်သမျှအကောင်းဆုံးကြိုးစားသွားလိုတာဖြစ်ကြောင်းလည်း ဖွင့်ဟခဲ့ပါတယ်။ ဒါ့အပြင် ယင်းမဂ္ဂဇင်းအင်တာဗျူးမှာ ဂျိန်းဖွန်ဒါက "ကျွန်မအတွက်တော့ သေခြင်းတရားကို မကြောက်တော့ပါဘူး။ ဒါပေမယ့် ကျွန်မဘဝရဲ့ အဆုံးသတ်မှာ လူတစ်ယောက်အနေနဲ့ အကောင်းဆုံးကြိုးစားနိုင်ခဲ့ခြင်းမရှိဘဲ အဆုံးသတ်သွားရမှာကိုတော့ ထိတ်လန့်မိတယ်" လို့ ဖွင့်ဟခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် ဂျိန်းက သူ့ရဲ့ဘဝမှာ အချိန်တွေကို ဖြတ်သန်းရင်းက အချိန်အပိုင်းအခြားတစ်ခုကိုကျော်လွန်တိုင်း မတူညီတဲ့အရာတွေကို လုပ်ဆောင်ကာ ကွဲပြားတဲ့ပုံရိပ်တွေ ချန်ထားလိုတာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဂျိန်းက သူ့ရဲ့ဖခင်ကြီးဖြစ်တဲ့ တစ်ချိန်က ဟောလိဝုဒ်ရဲ့ ဂန္ထဝင်မင်းသားကြီးတစ်ဦးဖြစ်တဲ့ ဟင်နရီဖွန်ဒါကို အလွန်လွမ်းဆွတ်မိကြောင်းလည်း ဖွင့်ဟခဲ့တယ်လို့ သိရပါတယ်။

ဂျိန်းဖွန်ဒါဟာ ၁၉၆၀ ပြည့်နှစ်တွေအတွင်း နိုင်ငံရေးတက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်ခဲ့ပြီး ဗီယက်နမ်စစ်ကို ကန့်ကွက်ခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။ ဒီလိုကိုယ်တိုင် နိုင်ငံရေးမှာ ပါဝင်လှုပ်ရှားခဲ့သူတစ်ဦးဖြစ်တဲ့ ဂျိန်းဖွန်ဒါက လက်ရှိနိုင်ငံရေးအခြေအနေကတော့ သူ့ရဲ့ဘဝမှာ တစ်ခါမှမကြုံခဲ့ဖူးတဲ့အခြေအနေမျိုးဖြစ်တယ်လို့လည်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ■



# ဘတ်ဂျက်သုံးစွဲရာတွင် ယိုဖိတ်မှုမရှိစေရေးနှင့် လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးမှာကြား

**ပဲခူး အောက်တိုဘာ ၁၇**
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီခွဲက တင်ဒါလုပ်ငန်းကော်မတီများနှင့် ညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက တင်ဒါလုပ်ငန်းကော်မတီသည် နိုင်ငံတော်ဘတ်ဂျက်ရေးဆွဲခြင်း၊ သုံးစွဲရာတွင် ယိုဖိတ်မှုမရှိစေရေး၊ လုပ်ငန်းစီမံကိန်းများသည် အစိုးရနှင့်ပြည်သူအတွက် အကျိုးရှိစေရန်နှင့် စံချိန် စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးတို့ကို ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေသည့် တင်ဒါကိစ္စများ အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ရန်၊ ယခင်နှစ်များ၌ ဌာနများတွင် လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့သော်လည်း အင်ဂျင်နီယာများ မဟုတ်သဖြင့် အဆောက်အအုံ၏ အရည်အသွေး စစ်ဆေးရာတွင် အားနည်းချက်များရှိခဲ့ကြောင်း၊ အခက်အခဲကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီး တည်ဆောက်ရေးလုပ်ငန်းများ ကြီးကြပ်မှုအာဏာပိုင်အဖွဲ့ (BRCCA) ကို ဖွဲ့စည်းပေးခဲ့ရခြင်းဖြစ်ကြောင်း၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ လမ်း/တံတား စသည့် အင်ဂျင်နီယာလုပ်ငန်းများကို သီးခြားအင်ဂျင်နီယာအဖွဲ့မှ ဆောက်လုပ်ရေးပစ္စည်းနှင့် လုပ်ငန်းများအား ကြီးကြပ်စစ်ဆေးခြင်းတို့ကို တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ဝန်ကြီးများ၊ ဌာနဆိုင်ရာများက မိမိတို့ဌာနများအလိုက် တင်ဒါလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် (BRCCA) အဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်နေရသည့် အခြေအနေများ၊ လုပ်ငန်းတစ်ခုချင်းစီအလိုက် ဆောင်ရွက်ပြီးစီးမှုများအား တင်ပြခဲ့သည်။

ယင်းနောက် (BRCCA) ၏ တာဝန်ရှိသူတစ်ဦးက ယနေ့နိုင်ငံတော်သည် ပြုပြင်ပြောင်းလဲမှုကို သွားနေပြီဖြစ်၍ မိမိတို့အင်ဂျင်နီယာအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများမှ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မိမိတို့ (BRCCA) အဖွဲ့သည် နိုင်ငံတော်မှ ချမှတ်ပေးသည့် ဘတ်ဂျက်နှင့်အညီ စံချိန်စံညွှန်းနှင့် ကိုက်ညီသော လုပ်ငန်းမျိုးရရှိစေရန်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အင်ဂျင်နီယာများ မိမိတို့မြို့နယ်၌သာ လုပ်ငန်းဆောင်ရွက်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

အဆိုပါ တင်ဒါလုပ်ငန်းကော်မတီများနှင့် ညှိနှိုင်းအစည်းအဝေးသည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းစီမံကိန်းများ၏ တင်ဒါလုပ်ငန်းများ ကြန့်ကြာနေမှု မရှိစေရေး၊ စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် တည်ဆောက်ရေးလုပ်ငန်းများ ဖြစ်စေရန်နှင့် ဘတ်ဂျက်လုပ်ငန်းများ အချိန်မီပြီးစီးနိုင်စေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## ဒုတိယဦးစီးမှူး(မြို့ပြ)လုပ်ငန်းဝင်သင်တန်းပဲခူး ITC တွင်ဖွင့်လှစ်

**ပဲခူး အောက်တိုဘာ ၁၇**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရှိ အင်ဂျင်နီယာဝန်ထမ်းများအတွက် ဒုတိယဦးစီးမှူး(မြို့ပြ) လုပ်ငန်းဝင် သင်တန်းအမှတ်စဉ် (၅) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက ပဲခူးမြို့ ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ (ITC)၌ကျင်းပရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်) စီမံရေးရာဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းမှ သင်တန်းဖွင့်ပွဲအမှာစကား ပြောကြားသည်။

ထို့နောက် ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်းက သင်တန်းတွင် ပို့ချပေးမည့် ဆည်မြောင်းအင်ဂျင်နီယာဆိုင်ရာ ဘာသာရပ်များ၊ စီမံရေးရာ ဘာသာရပ်များ၊ ငွေစာရင်းပိုင်းဆိုင်ရာ ဘာသာရပ်များ၊ ရေအရင်းအမြစ်များ ဖွံ့ဖြိုးမှုဆိုင်ရာစီမံကိန်း၏ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် သင်တန်းသား သင်တန်းသူများ ၆၀ တက်ရောက်ကြကြောင်း သိရသည်။

**သူရအောင် (ပြည်)**

## အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**ထားဝယ် အောက်တိုဘာ ၁၇**
၂၀၁၇ ခုနှစ် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက 'လူတိုင်းအတွက်ပညာရေး' တေးသီချင်းဖြင့် အခမ်းအနားကို သီဆိုဖွင့်လှစ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအခြေခံ စာတတ်မြောက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က စာတတ်မြောက်ရေးလုပ်ငန်းကို ရှေးဘုရင်များ လက်ထက်မှစ၍ ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်တို့၌ ပုံစံအမျိုးမျိုးဖြင့် အစဉ်တကြွစွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်မှာ ယနေ့ထိပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စာတတ်မြောက်ရေးလုပ်ငန်းကို လူတိုင်းအတွက် ပညာရေးဆောင်ပုဒ်နှင့်အညီ နိုင်ငံသားတိုင်း စာတတ်မြောက်ရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးနှုန်းသည် တိုးတက်လာခဲ့ပါကြောင်း၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူလုပ်အားပေးများအတွက် လုပ်ငန်းဆောင်ရွက်ခဲ့သည့်ကာလအတွင်း အဆင်ပြေချောမွေ့ရေးသည် လုပ်ငန်းအောင်မြင်ရေးအတွက် သော့ချက်ဖြစ်ပါကြောင်း၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူလုပ်အားပေးများ အဆင်ပြေချောမွေ့စွာ သွားလာနေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စ စသည်တို့နှင့်စပ်လျဉ်းပြီး အဆင်ပြေချောမွေ့အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ကြီးကြပ်မှုဗဟိုကော်မတီ အတွင်းရေးမှူး၊ ပညာရေးဝန်ကြီးဌာန၊ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ထွန်းက အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အခြေခံပညာကျောင်းသား၊ ကျောင်းသူများက 'တို့အင် တို့အား' တေးသီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများက တိုင်းဒေသကြီး အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဖွင့်ပွဲအထိမ်းအမှတ်တွင် ခင်းကျင်းပြသထားသော အသိပညာပေးပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကင်းထောက်အဆင့်မြင့်သင်တန်း တောတွင်းစခန်းချပညာရပ် လက်တွေ့လေ့ကျင့်

**ရန်ကုန် အောက်တိုဘာ ၁၇**
မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်၏ ကင်းထောက် အဆင့်မြင့်သင်တန်း သင်တန်းသား၊ သင်တန်းသူများသည် အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ လှော်ကားသဘာဝဥယျာဉ်သို့ သွားရောက်၍ ကင်းထောက်တောတွင်းစခန်းချပညာရပ်များ လက်တွေ့လေ့ကျင့်သင်ကြားကြသည်။

သင်တန်းသား သင်တန်းသူများအား မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ ဒုတိယကင်းထောက်ချုပ် ဦးသာစိန်နှင့် သီဟကင်းထောက်ကြီး ဦးအေးကျော်တို့က ကင်းထောက်တောတွင်းစခန်းချ ပညာရပ်များဖြစ်သည့် သဘာဝပတ်ဝန်းကျင် စူးစမ်းလေ့လာမှု၊ အခက်အခဲ ဖြတ်ကျော်နည်းများ၊ တဲထိုးနည်းများ၊ ကြိုးချည်နည်းများ၊ တောတွင်းချက်ပြုတ်နည်းများ၊ အချက်ပြ ဆက်သွယ်နည်းများ၊ စခန်းချ မီးပုံပွဲကျင်းပမှုနှင့် တေးသီချင်း သီဆိုမှုများကို လက်တွေ့သင်ကြားပြသပေးသည်။



ယင်းကင်းထောက် အဆင့်မြင့်သင်တန်းကို လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် အောက်တိုဘာ ၁၁ ရက်မှ စတင်ဖွင့်လှစ်ပြီး ကင်းထောက်သင်တန်း(အခြေခံ) အောင်မြင်ပြီးသည့် တက္ကသိုလ်ကောလိပ်မှ ကျောင်းသား ကျောင်းသူများ၊ လူထုကိုယ်စားပြု လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အခြေခံပညာ ဦးစီးဌာနမှ တိုင်းဒေသကြီး အဆင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ ဆရာ ဆရာမများ၊ ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမများ၊ တက်ရောက်ကြသည်။

ကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ ကင်းထောက်အစီအစဉ်မှူး ဦးအေးကြိုင်၊ သင်တန်းမှူး ဦးမြင့်ဆွေနှင့် ကင်းထောက်ကြီးများက မြန်မာနိုင်ငံ ကင်းထောက်သမိုင်းနှင့် ကမ္ဘာ့ကင်းထောက် လှုပ်ရှားမှုများ၊ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်၊ အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့နှင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ ဆက်သွယ်၍ ကင်းထောက်လှုပ်ရှားမှုများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများကျင်းပမှု၊ ကင်းထောက်တေးသီချင်းများ၊ အလံဖြင့် အချက်ပြနည်းများ၊ ရှေးဦးသူနာပြုစုနည်းများ၊ ကြိုးချည်နည်းများကို စာတွေ့ လက်တွေ့ သင်ကြားပို့ချသည်။ **(မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်)**



## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအသိပညာပေး

**ကျောက်တန်း အောက်တိုဘာ ၁၇**
ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ အမှတ်(၁) ရပ်ကွက်ရှိ ရွာလယ်ကျောင်းဘုရားကြီးတန်ဆောင်း၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၆ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ တံတားမြို့အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး တံတားမြို့ လျှပ်စစ်မန်နေဂျာ ဦးမြင့်နိုင်နှင့် စက်မှုဝန်ကြီးဌာန လျှပ်စစ်စစ်ဆေးရေးဌာန တိုင်းဒေသကြီးဦးစီးရုံးမှ ဌာနခွဲမှူးဦးဇော်သန်း (AE)၊ တောင်ပိုင်းခရိုင်တာဝန်ခံဌာနခွဲမှူး ဒေါ်အေးသီတာထွန်း (AE)နှင့် ဦးဇော်မျိုးထွန်း (ဒု-ကြီးကြပ်ရေးမှူး SAE၊ တောင်ပိုင်းခရိုင်တာဝန်ခံ) တို့က လျှပ်စစ်အန္တရာယ်နှင့် လျှပ်စစ်အကြောင်း သိကောင်းစရာတို့ကို ဟောပြောဆွေးနွေး၍ လက်ကမ်းစာစောင်များဖြန့်ဝေကာ သိလိုသည်များကို ပြန်လည်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**(၆၈၉)**

## နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း(၂၀၁၇)အသိပညာပေးဆွေးနွေး

**ဘုတ်ပြင်း အောက်တိုဘာ ၁၇**
နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၇) အသိပညာပေးဆွေးနွေးပွဲ အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်သပြေခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် လက်ထောက်ဆရာဝန် ဒေါက်တာဖြိုးမင်းသိန်းက နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ရောဂါအသိပညာပေးနှင့် ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ငန်းအစီအမံများအား အသိပညာပေးပြောကြားသည်။ ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းကို လုပ်ငန်းစဉ်နှစ်မျိုးဖြင့် ကျောင်းအခြေပြုနှင့် ပြည်သူအခြေပြု ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျောင်းအခြေပြုကို နိုဝင်ဘာလတွင်လည်းကောင်း၊ ပြည်သူအခြေပြုကို ဒီဇင်ဘာလအတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်က ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း အကောင်အထည်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာများမှ အုပ်စုအုပ်ချုပ်ရေးမှူးများက ကျန်းမာရေးဌာနများ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးကြရန် ဖြည့်စွက်ဆွေးနွေးခဲ့သည်။

**ဘုတ်ပြင်း(ပြန်/ဆက်)**

# ကျွန်းသစ်ရှားပါးလာသော်လည်း စစ်ကိုင်းဂစ်တာလုပ်သူများက နည်းပညာ၊ အတတ်ပညာများ အသုံးပြုကာ အခြားသစ်ဖြင့် ထုတ်လုပ်ရောင်းချသွားမည်

**မုံရွာ အောက်တိုဘာ ၁၇**

လက်ရှိမြန်မာနိုင်ငံ ကျွန်းသစ်ရှားပါးလာမှုသည် စစ်ကိုင်းဂစ်တာလုပ်ငန်းလုပ်ကိုင်သူများအတွက် ပြဿနာမဟုတ်ဘဲ နည်းပညာ၊ အတတ်ပညာပိုင်းဖြင့် လွှမ်းမိုးကာရသည့်သစ်သားဖြင့် ရအောင် ထုတ်လုပ်ရောင်းချသွားမည်ဖြစ်ကြောင်း စစ်ကိုင်းဂစ်တာထုတ လုပ်ရောင်းချနေသူ ကိုဇော်နောင်ဟိန်း (ဟိန်းမင်း-ဂစ်တာ)ထံမှ သိရသည်။

"ဂစ်တာကုန်ကြမ်းကိုလက်ရှိမှာ ဂစ်တာအိုးကို သုံးထပ်သားနဲ့လုပ်ပြီး လက်တံကိုကျွန်းသစ်နဲ့ လုပ်နေတာပါ။ ကျွန်းသစ်သုံးတယ်ဆိုတာက ၁၀ လက်မ ၁၅ လက်မအရွယ်တွေပဲသုံးကြတာပါ။ အဲဒီလို အတိုလေးတွေသုံးတာကိုပဲ လွတ်လွတ်လပ်လပ် မသုံးရတဲ့အနေအထားပါ။ မလွတ်မလပ်သုံးရတဲ့အတွက် ပြဿနာတော့မရှိပါဘူး။ ကျွန်းသစ်မသုံးရလည်းအခြားသစ်တွေသုံးမှာပဲဆိုပြီး သဘောပိုက်လိုက်ကြတယ်။ ရတဲ့သစ်နဲ့ဖြစ်အောင်သုံးမယ်လို့ ဆုံးဖြတ်ထားကြပါတယ်။ သစ်သားရှားပါးမှုက ဂစ်တာလုပ်ကိုင်နေသူတွေအတွက် ပြဿနာမဟုတ်သေးပါဘူး။ ကျွန်းသစ်အစားထင်းရှူးသားသုံးရင်လည်း အရည်အသွေးပိုင်းမှာ ကောင်းပါတယ်။ ကိုယ်ကအသားရဲ့အကြောကို နိုင်နင်းအောင်နည်းပညာ၊ အတတ်ပညာတွေသုံးပြီးကိုင်နိုင်ဖို့က အဓိကပါ" ဟု ကိုဇော်နောင်ဟိန်းက ပြောပြသည်။

စစ်ကိုင်းဂစ်တာဈေးကွက်သည် ပုံမှန်နှစ်များက သီတင်းကျွတ်လျှင်ကောင်းခဲ့သော်လည်း ယခုနှစ်တွင် အရောင်းဈေးကွက်မှာ အခြားလုပ်ငန်းများနှင့် အတူ စစ်ကိုင်းဂစ်တာလုပ်ကိုင်သူ ၂၀ ကျော်သည်လည်း အရောင်းပါးနေကြောင်း သိရသည်။

"စစ်ကိုင်းမှာ ဂစ်တာလုပ်တဲ့သူ ၂၀ ကျော်ရှိတယ်။ အဲဒီမှာဆိုင်ကြီးက နှစ်ဆိုင် သုံးဆိုင်ပဲရှိပြီး ကျန်တာကအကြမ်းထည်လုပ်တဲ့သူ အကြမ်းရောအချောပါလုပ်တဲ့သူစတဲ့ ဆိုင်ငယ်လေးတွေရှိပါတယ်။ ဆိုင်ကြီးတယ်ငယ်တယ်ဆိုတာ ဂစ်တာ အရည်အသွေးနဲ့ ဂစ်တာထုတ်လုပ်နိုင်တဲ့အလုံးအရေအတွက်ကို ကြည့်ပြီးပြောတာဖြစ်ပါတယ်။" ဟု ဝါရင့်စစ်ကိုင်းဂစ်တာလုပ်နေသူက ပြောပြသည်။



စစ်ကိုင်းဂစ်တာများအဖြစ် ဟော်လိုဂစ်တာ၊ လျှပ်စစ်ဂစ်တာ၊ လေးကျိုးတပ်ယူကလီဂစ်တာ၊ အသေး မယ်ဒလင်၊ တယောများကိုထုတ်လုပ်ကာ အနည်းဆုံးကျပ်သုံးသောင်းဝန်းကျင်မှအများဆုံးကျပ် တစ်သိန်းကျော်ဂစ်တာများ ရောင်းရပြီး သီတင်းကျွတ်ကာလ တန်ဆောင်တိုင်ကာလနှင့် ကျောင်းပိတ်ရာသီများတွင် ရောင်းအားကောင်းလေ့ရှိကြောင်း သိရသည်။ ဂစ်တာကို ကျောင်းသားများနှင့် တိုင်းရင်းသားများ ဝယ်ယူအသုံးများပြီး မရှိမဖြစ်အရေးပါသည့်ပစ္စည်းအဖြစ် သုံးရသောတိုင်းရင်းသားများကို ပိုမိုရောင်းရကြောင်း ကိုဇော်နောင်ဟိန်းက ဈေးကွက်အခြေအနေကို ရှင်းပြသည်။

"စစ်ကိုင်းအခြေပြုပြီး စစ်ကိုင်းဂစ်တာတွေကို မြန်မာတစ်နိုင်ငံလုံးကိုပို့ပေးနေရတဲ့အခြေအနေတော့ ရောက်နေပါပြီ။ အထက်ပိုင်းမြစ်ကြီးနား မိုးကောင်း၊ ဖားကန့်၊ ဆိုင်းတောင်ဒေသ အောက်ပိုင်းမှာဆို မြဝတီ၊ ဘားအံစတဲ့ဒေသတွေအထိ စစ်ကိုင်းဂစ်တာကပြန့်နေပါပြီ။ စစ်ကိုင်းဂစ်တာကို စစ်ကိုင်းတစ်မြို့တည်းမှာတင်မကတော့ဘူး။အခြားမြို့ရွာတွေမှာ လည်းဂစ်တာလုပ်ပြီး စစ်ကိုင်းဂစ်တာရယ်လို့ နာမည်တပ်ပြီး သူတို့လိပ်စာနာမည်မခံဘဲ ထုတ်လုပ်ရောင်းချနေတာတွေရှိပါတယ်"ဟု ကိုဇော်နောင်ဟိန်းက ရှင်းပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ဂိုဏ်းပေါင်းစုံ သံဃနာယက သင်တန်းနှင့် ဝိနည်းဓိုရ်သင်တန်းဖွင့်

**အင်းစိန် အောက်တိုဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် သံဃနာယကအဖွဲ့က တိုင်းဒေသကြီး သံဃနာယကအဖွဲ့၏ ဩဝါဒကိုခံယူ၍ ဂိုဏ်းပေါင်းစုံသံဃနာယကသင်တန်းနှင့် ဝိနည်းဓိုရ်သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၅ ရက်က အင်းစိန်ဖော့ကန် အောင်ဇေယျလမ်းရှိ မြပုလဲပရိယတ္တိ ပဋိပတ္တိပရဟိတ သာသနာပြုစာသင်တိုက် ပထမထပ်ခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါ ဂိုဏ်းပေါင်းစုံ သံဃနာယကသင်တန်းနှင့် ဝိနည်းဓိုရ် သင်တန်းတွင် "သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံး၊ လုပ်နည်းများ၊ ဝိနည်းဓမ္မကံဝိနိစ္ဆယ လက်စွဲနှင့် သံဃနာယက လက်စွဲ" စသည့် ဘာသာရပ်များကို သင်တန်းသား သံဃာတော် အပါး ၈၀ ကျော်တို့ကို ဩဝါဒါစရိယဆရာတော်ကြီးများ၊ နာယကဆရာတော်ကြီးများနှင့် သင်ကြားရေးဆရာတော်ကြီးများက အောက်တိုဘာ ၁၅ ရက်မှစ၍ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ သင်ကြားပို့ချကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## မြစိမ်းရောင် ကျေးရွာစီမံကိန်းဝင်ကျေးရွာ အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်

**သရက် အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြို့နယ်အတွင်းရှိ ကျေးရွာများမှ ကျေးလက်နေ ပြည်သူများအား ဆင်းရဲနွမ်းပါးမှုလျော့ကျစေရေး၊အလုပ်အကိုင် အခွင့်အလမ်းရရှိစေရေး၊ လူမှုစီးပွားဘဝမြင့်မားတိုးတက်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၂၆ ရွာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လေးရွာ၊ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် ခုနစ်ရွာ စုစုပေါင်း ၃၇ ရွာကို ၃၆ ယူနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ စီမံကိန်းကာလသုံးနှစ်ပြည့်မြောက်ပြီး အတိုးရငွေ သိန်း၁၀၀ ရရှိခဲ့ပြီးဖြစ်သည့် မြစိမ်းရောင် စီမံကိန်းဝင် တပ်ကျေးရွာမှ အတိုးရငွေ၏ ၅၀ ရာနှုန်းဖြင့် ဂါလန် ၂၀၀၀ ဆံ့ ၈ပေ×၈ပေ×၅ပေ အုတ်ရေကန် တည်ဆောက်ခြင်းနှင့် ရေပိုက်လမ်းသွယ်တန်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် အင်ဂျင်နီယာဝန်ထမ်းများက အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက ကွင်းဆင်း၍ ကြည့်ရှုခဲ့ကြပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



## မုံရွာမြို့တွင် တောင်သူအကျိုးပြု လယ်ယာသုံးစက်ကိရိယာပြုပြင်၊ ထိန်းသိမ်း၊ မောင်းနှင်မှု အခြေခံသင်တန်းဖွင့်

**မုံရွာ အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ တောင်သူများ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးတွင် အထောက်အကူဖြစ်စေရန်အတွက် မုံရွာမြို့ အောင်ချမ်းသာရပ်ကွက်ရှိ အမှတ်(၆) အလတ်စား စက်ပြင်အလုပ်ရုံတွင် တောင်သူအကျိုးပြု လယ်ယာသုံးစက်ကိရိယာပြုပြင်၊ ထိန်းသိမ်း၊ မောင်းနှင်မှု အခြေခံသင်တန်းအမှတ်စဉ် (၂/၂၀၁၇)ကို အောက်တိုဘာ ၁၆ ရက် နံနက် ၈ နာရီက စတင်ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံက အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးရွှေဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ သင်တန်းကိုဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာပြုပြင်၊ ထိန်းသိမ်း၊ မောင်းနှင်မှု အခြေခံသင်တန်းကို အောက်တိုဘာ ၁၆ ရက်မှ နိုဝင်ဘာ ၁၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသား (၃၅) ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

**စာမျက်နှာ ၁၅ မှ**

သန္ဓေတားရာတွင်လည်း အီစထိုဂျင်ပါဝင်သော သန္ဓေတားဆေးများကို မှီဝဲခြင်းမှရှောင်ကြဉ်ရမည်ဖြစ်ပြီး အခြားသင့်တော်သောနည်းဖြင့် သန္ဓေတားနည်း (ဥပမာ IUCD ထည့်ခြင်း) ကိုသာ အသုံးပြုရပါမည်။

(၆) **လေ့ကျင့်ခန်း** - ပြင်းပြင်းထန်ထန်မဟုတ်သော ပုံမှန် ကိုယ်လက်လှုပ်ရှားမှုများကို ပြုလုပ်နိုင်ပါသည်။ ပုံမှန်ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပေးသည့်အတွက် အဆစ်အမျက်များလှုပ်ရှားမှု ပိုမိုကောင်းမွန်စေသည့်အပြင် သွေးကြောပိတ်ခြင်း၊ သွေးကြောအတွင်းသွေးခဲခြင်းနှင့်နှလုံးသွေးကြောရောဂါ၊ လေဖြတ်ရောဂါတို့မှ ကာကွယ်ပေးနိုင်ပါသည်။ လေ့ကျင့်ခန်းအပြင်းအထန်ပြုလုပ်ပါက ရောဂါပိုမိုဆိုးရွားစေနိုင်ပါသည်။

(၇) **အနားယူခြင်း** - ပင်ပင်ပန်းပန်း အလုပ်လုပ်ခြင်းမှ ရှောင်ကြဉ်ရန်လိုအပ်ပြီး ပုံမှန်အနားယူရပါမည်။ ပုံမှန်အလုပ်များကို ပြုလုပ်နိုင်ပါသည်။ ညဘက်အိပ်ရေးဝဝ အိပ်ရန်အရေးကြီးပြီး တစ်နေ့လျှင် ၈ နာရီခန့် အိပ်စက်အနားယူရပါမည်။ ရောဂါကြွနေချိန် (SLE Flare) တွင် မဖြစ်မနေအနားယူရပါမည်။

(၈) **စိုးရိမ်ပူပန်စိတ်** - ပူပန်ကြောင့်ကြမှုများကို အတတ်နိုင်ဆုံး လျှော့ချရပါမည်။ စိုးရိမ်ပူပန်မှု (Stress) များသည် SLE ရောဂါကိုပိုမိုဆိုးရွားစေသောကြောင့် စိတ်တည်ငြိမ်မှုကို အထောက်အကူပြုစေသည့် တရားထိုင်ခြင်း (Meditation)၊ ယိုဂါ (Yoga) တို့ကိုပြုလုပ်ရပါမည်။

(၉) **ဆရာဝန်နှင့်ပြသခြင်း** - SLE ရောဂါသည် ပျောက်ကင်းအောင်ကုသနိုင်ခြင်း မရှိသေးသည့်အတွက် တတ်ကျွမ်းနားလည်သောဆရာဝန်နှင့် ပုံမှန်ပြသနေရန် လိုအပ်ပြီး ဆရာဝန်၏ညွှန်ကြားချက်များကို လိုက်နာရပါမည်။ တိုင်းရင်းဆေးဝါးနှင့် ကုသရာတွင်လည်း နားလည်တတ်ကျွမ်းသည့် တိုင်းရင်းဆေးသမားတော်များနှင့် မပြတ်ပြသနေရန်လိုအပ်ပါသည်။ ညွှန်ကြားထားသည့် ဆေးများကိုလည်း လိုအပ်သလို အတိုးအလျှော့ လုပ်ပေးရလေ့ရှိသောကြောင့် မိမိသဘောဖြင့် ဆေးများဖြတ်ခြင်း၊ တိုးခြင်းကို မပြုလုပ်သင့်ပါ။

**(ခ) အနောက်တိုင်းဆေးဝါးများဖြင့်ကုသခြင်း**
(Drug treatment)

အနောက်တိုင်းဆေးဝါးများဖြင့် ကုသရာတွင် အဓိကအသုံးပြုသောဆေးဝါးများမှာ

(၁) အရောင်ကျဆေး၊ အကိုက်အခဲပျောက်ဆေးများ (NSAID)ဥပမာ- အက်စ်ပရင် (Aspirin)၊ အိုင်ဗျူပရိုဖန် (Ibuprofen)၊ ဒိုင်ကလိုဖီနက် (Diclofenac)
(၂) ငှက်ဖျားရောဂါကုသရာတွင် အသုံးပြုသောဆေးများ (Antimalarials) ဥပမာ- ဟိုက်ဒရော့ဆီ ကလိုရိုကွင်း (Hydroxy-chloroquine)
(၃) ကော်တီကိုစတီးရိုက်ဆေးများ(Corticosteroids) ဥပမာ- ပရက်နီစိုလုံး (Prednisolone)၊ ပရက်နီစုံး (Prednisone)၊ မီသိုင်းပရက်နီစိုလုံး (Methylprednisolone)၊ ဟိုင်ဒရိုကော်တီစုံး (Hydrocortisone)
(၄) ခုခံအားစနစ်ကို ထိန်းချုပ်သောဆေးများ (Immunosuppressives) ဥပမာ- မီသိုထရီဇိတ် (Methotrexate)၊ အေဇာသိုင်ယိုပရင်း (Azathioprine)
(၅) သွေးခဲမှုကို ဟန့်တားသောဆေးများ (Anticoagulants) ဥပမာ- ဝါဖရင် (Warfarin)

ယင်းဆေးများသည် အာနိသင်ထက်မြက်သကဲ့သို့ ဘေးထွက်ဆိုးကျိုးများလည်းရှိသောကြောင့် နားလည်တတ်ကျွမ်းသည့်ဆရာဝန်နှင့် ပြသတိုင်ပင်ပြီးမှသာ ဆရာဝန်၏ညွှန်ကြားချက်ဖြင့် သုံးစွဲရပါမည်။ထို့အပြင် မိမိသဘောအတိုင်းသောက်သုံးခြင်း၊ ဆေးကို ရပ်နားခြင်းများပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန်လိုအပ်ပြီး ဆရာဝန်နှင့်ပုံမှန်ပြသကာ ညွှန်ကြားချက်နှင့်အညီ သုံးစွဲရပါမည်။

**(ဂ) သဘာဝဆေးဝါးများဖြင့်ကုသခြင်း**
(Natural medicine)

သဘာဝဆေးဝါးများဖြင့်ကုသပေးသည့် အဓိကရည်ရွယ်ချက်မှာ လူနာကို အာဟာရဓာတ်ပြည့်ဝစေရန် ဖြည့်ဆည်းပေးခြင်း၊ ခုခံအားစနစ်ကို ပုံမှန်ပြန်ဖြစ်စေရန် လုပ်ဆောင်ပေးခြင်း၊ ခန္ဓာကိုယ်တွင်းရောင်ရမ်းခြင်း မဖြစ်စေရန် ကာကွယ်ပေးခြင်းနှင့် လူနာ၏နေထိုင်မှုအခြေအနေကို သက်သောင့်သက်သာဖြစ်စေရန်ရည်ရွယ်ခြင်းဖြစ်သည်။

သဘာဝဆေးဝါးများကို CAM (Complementary and Alternative Medicine) ဟု ခေါ်ဆိုပြီး ယခုနောက်ပိုင်းတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က TMHS (Traditional Medicine &ealth Supplement) ဟု သုံးစွဲပါသည်။ SLE ရောဂါကုသရာတွင်အဓိကအသုံးပြုသောဆေးဝါးများမှာ

(၁) ပရိုဘိုင်အိုတစ် (ခေါ်) အကျိုးပြုအဏုဇီဝလေးများ (Probiotics)
(၂) အိုမီဂါ-၃ ဖက်တီးအက်ဆစ် (ခေါ်) အကျိုးပြုအဆီဓာတ် (Omega-3 Fatty acid)
(၃) အင်တီအောက်စီဒင့်များ (Antioxidants)
(၄) ဂါမာလီနိုလီရစ်အက်ဆစ် (ခေါ်) ဂျီအယ်အေ (Gamma-Linoleic acid or GLA)
(၅) ဗီတာမင် ဒီ-၃ (Vitamin D3)
(၆) နနွင်းတွင်ပါဝင်သော ကာကူမင် (Curcumin)
(၇) နာနတ်သီးတွင်ပါဝင်သော ဘရိုမယ်လင် (Bromelain)
(၈) ဆင်တုံးမနွယ် (Tinospora cordifolia)
(၉) မိုးမခ (Salix spp.) တို့ဖြစ်သည်။

သဘာဝဆေးဝါးများမှာ ဘေးထွက်ဆိုးကျိုးနည်းသောကြောင့်ပိုမိုအဆင်ပြေစွာအသုံးပြုနိုင်ပါသည်။ OTC ဟုခေါ်သော ဆရာဝန်လက်မှတ်နှင့် ညွှန်ကြားချက်မလိုဘဲ လွတ်လပ်စွာဝယ်ယူအသုံးပြုနိုင်သောဆေးဝါးများဖြစ်သောကြောင့် အလွယ်တကူသုံးစွဲနိုင်ပါသည်။ သို့သော် ရောဂါအနေဖြင့်ပြင်းထန်လေ့ရှိသောကြောင့် နားလည်တတ်ကျွမ်းသည့် ဆရာဝန်နှင့်ဖြစ်စေ၊ တိုင်းရင်းဆေးသမားတော်နှင့်ဖြစ်စေ တိုင်ပင်ကုသလျှင် အကောင်းဆုံးဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သောဆေးဝါးများမှာ SLE ရောဂါတွင် အသုံးပြုနိုင်သောဆေးဝါးများဖြစ်သော်လည်း လူနာတစ်ယောက်တည်းတွင် အကုန်သုံးရန်မလိုအပ်ဘဲ ရောဂါဖြစ်နေသူ၏ အသက်အရွယ်၊ ကျား/မ၊ ရောဂါအနုအရင့်၊ ခံစားနေရသောဝေဒနာ၊ အခြားနောက်ဆက်တွဲ ဝေဒနာများရှိ၊ မရှိ၊ အခြားဆက်စပ်ရောဂါများ ရှိ၊ မရှိတို့အပေါ် မူတည်ပြီး ဆေးများကို အသင့် တော်ဆုံးရွေးချယ်အသုံးပြုနိုင်ရန် အလွန်အရေးကြီးပါသည်။ ။

# ကြော်ငြာ

**မြတ်ဓမ္မ** ဗုဒ္ဓဂယာ ဘုရားဖူး ပို့ဆောင်ရေးအဖွဲ့
ဒေါ်ညွန့်ညွန့်ဋ္ဌေး(မဋ္ဌေး) ဦးစီးသော

၂၀၁၇ – ၂၀၁၈ ခုနှစ် ဗုဒ္ဓဂယာ (အိန္ဒိယ–နီပေါ ဘုရားဖူးခရီးစဉ်)
၁၄ ညအိပ်၊ ၁၅ ရက်ခရီး - 11 Nov , 16 Dec 2017 , 10 Feb 2018 , 24 Mar 2018
၇ ညအိပ်၊ ၈ ရက်ခရီး - 13 Apr 2018

အောက်တိုဘာလမှစ၍ ဧပြီလအထိ လစဉ်ခရီးစဉ်များရှိပါသည်။ အသင်းအဖွဲ့၊ အုပ်စုလိုက် သီးသန့်သွားလိုပါက မိမိတို့ကြိုက်နှစ်သက်ရာ နေ့ရက်များရွေးချယ်၍ ပို့ဆောင်ပေးပါမည်။ ခရီးစဉ်တလျှောက် ပိုင်ရှင်ကိုယ်တိုင် လိုက်ပါ၍ ဝန်ဆောင်မှုပေးပြီး နေရာစုံရောက်၍ စိတ်ချမ်းမြေ့စေရပါမည်။ မိမိလိုက်ပါလိုသောခရီးစဉ်များကို ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။

ဆက်သွယ်ရန်–ဒေါ်ယဉ်ယဉ်လှ(၃–ညွန့်မှူး၊ စာရင်းစစ်ချုပ်ရုံး/ငြိမ်း)၊အမှတ်(၅၆) ခမြည်၊ ပါရမီလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -09-43030290,09-250135596,09-795412825,01-522835,09-5085810

---

**ခညီးစိမ်းမင်း** 09-444450446, 09-444450558 09-250144709 (အိမ်အရောက်လက်မှတ်ပို့)

တန်ဆောင်တိုင်မီးပုံးပျံပွဲတော် အထူးခရီးစဉ်များ Nov 1 ထွက်မည်၊ ကြိုတင်ရောင်းပြီ

+ တောင်ကြီး၊ အင်းလေး၊ ကဲ့လုံ၊ ထမ်စမ်း၊ ကက္ကူ(၄)ရက်။ 55000 လွိုင်ကော်ပါ(၅)ရက်။
+ ပုဂံ (စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ (၃)ရက်။ 45000
+ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊မုံရွာ (၄)ရက်။ 55000
+ ဘားအံ၊မြဝတီ၊မဲဆောက်(၃)ရက်။ (Hotel တည်း၊ ဓာတ်ပြီး) 100000
+ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ဖော်လမြိုင်၊ ကျိုက္ကမီ၊ စက်ခဲ 65000

ကျိုက်ထီးရိုး 10000
ချောင်းသာ (နေ့စဉ်) 15000
(၅)ဦး ဝယ်(၁)ဦး - Free

---

**Modern Myanmar**

| | | |
|---|---|---|
| ကျိုက်ထီးရိုး | (နေ့စဉ်) | 10000 |
| ချောင်းသာ | (နေ့စဉ်) Guest / Hotel | 33000 / 43000 |
| ငွေဆောင် | (Hotel) | 40000 |
| မြဝတီ၊ မဲဆောက် | (Hotel) | 100000 |

ကားစီးလုံးငှား Package စီစဉ်ပေးသည်။
09-450047016, 09-253540004

---

**မာန်အောင်သစ္စာ** ဘုရားဖူးလုပ်ငန်း

ကမ်းသာယာ၊ပေလီ၊သံတွဲမြို့
မြောက်ဦးမြို့ရှစ်သောင်းကိုးသောင်း
ဘုရား၊မဟာမြတ်မုနိဘုရား၊ ရခိုင်
ဘုရားစုံ၊ပြည်မြို့ရွှေဆံတော်
10.11.17နေ့ထွက်ပြီး 14.11.17 နေ့တွင်ပြန်ရောက်မည်
Ph- 09778501277 - 09968837630

---

လပြည့်နေ့ "ဝိဇ္ဇာပူဇော်ပွဲ" လက်မှတ်ရောင်းပြီ

**စင်မြင့်ရွာ၊ ပုပ္ပါး၊ မယ်ဘွေ့ကုန်း**

စွယ်တော်လေးဆူ၊ပုပ္ပါး၊သိဟိုဠ်ရှင်၊ကျောင်းတော်ရာ

အဘဘိုးမင်းခေါင်၊ ဆရာတော်ဦးကောဝိဒ၊ ရှင်ဥတ္တမကျော်၊ ဦးပဏ္ဍိတ၊ ဝနေသာဆရာတော်၊ ဘိုးတော်ထွန်းအောင် (၃)ရက်ခရီး ထမင်း–မ–ကျွေး၊ တက်/လေ့ပါ၊ကားခ(45000Ks)

ရွှေစေတီ ဘုရားဖူးပို့ဆောင်ရေး ကျိုက္ကဆံဘုရားလမ်းမှတ်တိုင် (2.11.2017)ထွက်မည် 450024419 790629747

---

**Mega Sky Travels & Tour** တန်ဆောင်တိုင်အထူးခရီးစဉ်များ

Nov 2, Nov 10 ပြည်တွင်းလိုင်စင်အမှတ် ခ – ၂၈၂၉

| | |
|---|---|
| တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော | (4N/5D) 180,000 |
| ပုပ္ပါး၊ ပုဂံ (စွယ်တော်လေးဆူ) | (3N/4D) 110,000 |

Ph:01 377009, 09 5071456, 09 450016683, 09 772144849

---

**Royal Gandamar Travels & Tours**

၄ည / ၅ရက် ခရီးစဉ်

| | | | |
|---|---|---|---|
| ထားဝယ်–ရှင်ကိုးရှင်–မောင်းမကန်–မျှော်ရစ် | Nov - 2 | 180000 | Scania Coach |
| တောင်ကြီး မီးပုံးပျံ – အင်းလေး – ပင်းတယ – ရှာင် | Nov - 2 | 185000 | Scania Coach (2 +1) |

Oct (15) ရက်အတွင်း ဝယ်ယူလျှင် (10000) Discount ( တောင်ကြီးခရီးစဉ်အတွက်သာ)

၁ည / ၂ရက် ခရီးစဉ်

| | |
|---|---|
| လွိုင်ကော် – တောင်ကွဲစေတီ – ထီးပွင့်ကန် | Nov - 2 |
| ပုဂံ–စွယ်တော်လေးဆူ–ပြည့်ငါးပြည့် | Nov - 1 , 3 |
| မန္တလေး–မင်းကွန်း–အင်းဝ–စစ်ကိုင်း | Nov - 1, 2, 3 |
| ကျောက်ဆည်–ဗုက်ကားရေတံခွန်–မန္တလေး | Nov - 1, 2, 3 |
| ပြင်ဦးလွင်–မန္တလေး–ကျောက်စိမ်းဘုရား | Nov - 2 |
| မြဝတီ–မဲဆောက်–ဘားအံ | Nov - 2, 3 |

Hotel တစ်ညအိပ် အဆင့်မြင့်ကားကြီးများဖြင့် အထူးဈေးနှုန်း 77000

01-397484,09-31006777,09-5127969,09-33353275,09-250892626,09-8305533

---

**ဇော်ရဲနိုင်** 09421089338,420125216

တောင်ကြီးမီးပုံးပျံပွဲ၊ အင်းလေး ပင်းတယ၊ လွိုင်ကော်(၅)ရက် 65000/Oct -31
မြဝတီ(၂)ညအိပ်၊မဲဆောက်၊ဘားအံဘုရားစုံ၊ဂူ(၅)ဂူ (၄)ရက် 75000
တည်း/စား/တစ်ဆင့်ကား(ငြိမ်း) Nov-2,10 ညထွက်....စီးလုံးငှား၊ စီစဉ်ပေးသည် (လက်မှတ်ပို့)

---

ကိုမင်းခေါင်း ဦးစီးသော **ရွှေလမ်းညွှန်** 09-42008737l, 09-259302029

| | | |
|---|---|---|
| ကယားပြည်နယ်–လွိုင်ကော်၊ ကလော .....(၃)ရက် | 37000 | စားတည်း တစ်ဆင့်သွား ကားငြိမ်း |
| ထားဝယ်ရှင်ကိုးရှင်၊ မျှော်ရစ်၊ မောင်းမကန်(၄)ရက် | 57000 | Oct 27 |
| ကျောက်စိမ်း၊ မန္တလေး၊ ပြင်ဦးလွင်မီးပုံးပျံပွဲ(၃)ရက် | 38000 | Nov 2,10 |

အိမ်အရောက်လက်မှတ်ပို့ပေးစံ အမှတ်(၁၁၈)၊ ၂၈ လမ်း၊ (အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

---

ကိုသန့်ဇင် **ပြည့်စုံရတနာ** တန်ဆောင်တိုင်အထူးခရီးစဉ်

- ဆံတော်ရှင် ကျိုက်ထီးရိုး (နေ့စဉ်) "ကားအမျိုးမျိုးစီးလုံးငှားစီစဉ်ပေးသည်"
- တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်နှင့်ပင်းတယ၊ကဲ့လုံ၊ဖွေတော်ကက္ကူ၊ထမ့်ဆမ်း၊လိုက်ဂူ၊လွိုင်ကော် (၄/၅)ရက်
- ဘားအံ၊ မြဝတီ၊ မဲဆောက် (၃) ရက်
- ပေလီကမ်းခြေအပန်းဖြေ(၃) ရက် အိမ်အရောက် လက်မှတ်ပို့စနစ်

09-420238909,09-443159071,09-770454534

---

**သုခမိန်စာပေ** 01-253079/ 09 51 55654 / 09 76 51 55654

NOV ခရီးစဉ် မှူဆယ်မှသည် ,မျှော်စင်မှန်ထဲထားဆီ
OCT, 20 ရက်နေ့ အထိသာ စာရင်းလက်ခံမည်။

---



ဝက်ခြံ၊ တင်းတိပ်အထူးပျောက်ကင်း၍ အသားအရေဖြူစင်ချောမွတ်စေပါသည်။

**ပင်ဝိုင်ဇုံ**

မြန်မာ့ရိုးရာအသားဖြူရည်



အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနထောက်ခံချက်အမှတ် 1309 PC0020

---

Let's Build Together !



**MAX CEMENT**

SALES HOTLINE
09 770 770 770

TECHNICAL HOTLINE
09 960 960 560

မက်စ်ဘီလပ်မြေတိုက်ရိုက်ဝယ်ယူရရှိနိုင်သော နေရာများ

လိပ်စာ (၁)
အမှတ် ၅၂၈၊ ရာကျော်လမ်း၊ မြို့သစ်ရပ်ကွက်၊ မြို့သစ်ဈေးအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

လိပ်စာ (၂)
ပျဉ်းမနား – တောင်ညိုလမ်း၊ စည်ပင်ဖဉ်ရိပ်သာရှေ့၊ ချောကြာပင်ရပ်ကွက်၊ နေပြည်တော်မြို့။

လိပ်စာ (၃)
တောင်ဇီလာ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်မြို့။

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းမှုရရှိရေး မဖြစ်မနေ ဆောင်ရွက်ကြရမည်**
ပြည်ထောင်စုလွှတ်တော် စာမျက်နှာ ၇

**နိုင်ငံသားအားလုံး စည်းလုံးညီညွတ်မှုကို ပြသရမည့်ကာလဖြစ်ကြောင်း အစည်းအဝေးပထမနေ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြောကြား**
ပြည်သူ့လွှတ်တော် စာမျက်နှာ ၅

**အမျိုးသားလွှတ်တော်ပထမနေ့တွင် ကြယ်ပွင့်ပြမေးခွန်းငါးခု မေးမြန်း၊ ဖြေကြား ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာဖတ်ကြား**
အမျိုးသားလွှတ်တော် စာမျက်နှာ ၇


# ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဂျက်ဖရီ ဖဲလ်မန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရသေ့တောင်မြို့နယ်နှင့် မောင်တောမြို့နယ်တို့သို့ သွားရောက်၍ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ

စစ်တွေ အောက်တိုဘာ ၁၇

**ကုလသမဂ္ဂနိုင်ငံရေးရာ ဌာနအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဂျက်ဖရီ ဖဲလ်မန် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်နှင့် မောင်တောမြို့နယ်ရှိ ကျေးရွာများသို့သွားရောက်၍ ဒေသခံကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံ၍ သိရှိလိုသည်များ မေးမြန်းသည်။**

ကုလသမဂ္ဂနိုင်ငံရေးရာ ဌာနအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် စစ်တွေမြို့သို့ရောက်ရှိပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်၏ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက် ပေးအပ်ရေးနှင့် ဒုက္ခသည်များ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးတို့ကို လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ကုလသမဂ္ဂနိုင်ငံရေးရာဌာနအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်နယ်ဝန်ကြီးချုပ်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆**



ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရသေ့တောင်မြို့နယ် အနောက်ပြင်ကျေးရွာ၌ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံစဉ်။